မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် ၂၀၁၉ ခုနှစ်၊ မေ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၂၂၇)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို တို့အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ၏ ဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် မွန်ဂိုလီးယားနိုင်ငံ၊ သမ္မတဟောင်း Mr. Elbegdorj Tsakhia တို့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

ဟနွိုင်း မေ ၁၄

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဟာဒုန်းပိုးရွာ (Ha Dong Silk Village) သို့ သွားရောက်၍ ပိုးရွာအတွင်း ပိုးထည်ရက်လုပ်နေမှုနှင့် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Manh Hung၊ မြန်မာနိုင်ငံ

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် မွန်ဂိုလီးယားနိုင်ငံ သမ္မတဟောင်းတို့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace, Democracy and Human Rights ၏ ဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် မွန်ဂိုလီးယားနိုင်ငံ၊ သမ္မတဟောင်း Mr.Elbegdorj Tsakhia တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကိစ္စ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကိစ္စနှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရမှ ဆောင်ရွက်နေသည့်ကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ စွမ်းဆောင်နိုင်မှုအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

စာမျက်နှာ - ၄

KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

ဖြေရှင်းစရာ မြို့ပြအခက်အခဲများ

အများပြည်သူသုံး ဘတ်စ်ကားကြီးတစ်စီး လှုပ်ရှုပ်ရှုပ် လမ်းရှုပ်ရှုပ်ကို ဟွန်းတီးသံ တညံညံဖြင့် ဖြတ်မောင်းလာသည်။ ဘတ်စ်ကားတစ်စီးအနေဖြင့် သည်မျှလောက် အလျဉ်စလိုလုပ်စရာ မည်သို့သောအကြောင်းမျှမရှိဟု ထင်ရသော်လည်း သည်တစ်စီးတည်းသာမဟုတ်၊ အခြားအခြားသော ဘတ်စ်ကားအချို့သည်လည်း အပြိုင်အဆိုင်ဆိုသလို ဟွန်းသံပေးကာ တရမန်းကြမ်းမောင်းနေကြ၏။ သည်မြင်ကွင်းမျိုးက ရန်ကုန်မြို့နေသူများအဖို့ အလွန်ပင်ရိုးနေကြပြီတည်း။

လမ်းမတန်း၊ လမ်းသွယ်များ အားလုံးလိုလို၏ အများပြည်သူသုံး လူသွားစင်္ကြံနေရာများမှာ ဆိုင်တန်းလျားမျိုးစုံ ခင်းကျင်းထားသည်။ အချို့သောဆိုင်များက စွန့်ပစ်အညစ်အကြေးများကို ဘေးက မြောင်းထဲသို့ ပစ်ထည့်ဖြေရှင်းလိုက်သည်။ အမှိုက်မျိုးစုံက ဟိုနားတစ်စ၊ ဒီနားတစ်စ၊ အချို့နေရာများမှာ ပတ်ဝန်းကျင်က မခံမရပ်နိုင်လောက်သည်အထိ အနံ့တထောင်းထောင်း တောင်ပုံရာပုံ။ ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသများရှိ ကျူးကျော်အိမ်ရာများ၏ ဈေးကွက်က အလွန်ကြီးမားနေချေပြီ။ တရားမဝင်နေရာများ၊ အများပြည်သူသုံး လမ်းများပေါ်က အိမ်များ၏ ကာလပေါက်ဈေးက အံ့သြဖွယ် မြင့်မားနေပြီ။

ညဘက်ကားလမ်းများပေါ်တွင်၊ ဆိုင်ကယ်များပေါ်တွင် ဓားများ၊ တုတ်များတင်ဆောင်ကာ လမ်းပေါ်ကသူများကို မည်သို့သော အကြောင်းပြချက်မျှ မယ်မယ်ရရမရှိဘဲ ရိုက်နှက်ကြ၊ ခုတ်ထစ်ကြ၊ လေးခွဖြင့် ပစ်ခတ်ကြ၏။ မြို့သူမြို့သားတို့ ဒဏ်ရာများ သွေးထွက်သံယိုမှုများဖြင့် လူမဆန်လွန်းသော အကြမ်းဖက်တိုက်ခိုက်မှုများကို ခံစားနေကြရ၏။ သည်အဖြစ်အပျက်များကလည်း မန္တလေးသူ မန္တလေးသားတို့ကို နေ့စဉ် ညစဉ် စိုးရိမ်ပူပန်စိတ်များ၊ မလုံမခြုံစိတ်များ ဖန်တီးပေးနေပြီတည်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံက လုပ်ပိုင်ခွင့်ပါမစ်ကို အခြေခံသော စီးပွားရေး၊ တရားမဝင်လုပ်ငန်းများကို အခြေခံသော စီးပွားရေး၊ သယံဇာတတို့ကို နီးစပ်သူချင်းဝေမျှရင်း တူးဖော်ထုတ်လုပ်ကုန်သွယ်သော စီးပွားရေး စသည့်လုပ်ငန်းတို့က လွှမ်းမိုးခဲ့သည် ဖြစ်သောကြောင့် ဆင်းရဲချမ်းသာကွာဟမှုက အလွန်အမင်း ကွာခြားနေသည်။ သည်လို စီးပွားဖြစ်ထွန်းခြင်း မမျှတမှုတို့က လူမှုအဖွဲ့အစည်း၏ ပြဿနာများကို မီးလောင်ရာလေပင့် ဖြစ်နေစေပြီ။

မြို့ကြီးများ ကြီးထွားလာသည့်အခါ၊ အထူးသဖြင့် ကြီးထွားလာသည့် မြို့ကြီးများသည် စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှု မဖြစ်ရသည့်အခါ၊ ထို့နောက် ယှဉ်တွဲနေသည့် စီးပွားရေးဖွံ့ဖြိုးမှုက မမှန်ကန်သည့်အခါ မြို့ပြလူမှုပြဿနာများက ဖြေရှင်းရခက်ခဲသည်ထက် ခက်ခဲရှုပ်ထွေးလာခဲ့သည်။

အိမ်တွင်း အိမ်ပ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှု အစရှိသည်များ၊ မူးယစ်ဆေးဝါးပြဿနာများ၊ ရာဇဝတ်မှုများက မြို့ပြကို ခြိမ်းခြောက်နေပြီ။ ယင်းတို့က နေထိုင်စရာကျပ်တည်းမှု၊ သွားလာရေးခက်ခဲမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့နှင့် တွဲဖက်လာသည့်အခါ ပြည်သူလူထု နေ့စဉ်ပူပန်နေရသည့် အခြေခံပြဿနာများ ဖြစ်လာချေပြီ။

မြို့ပြပြဿနာများဆိုသည်က မြို့ကြီးပြကြီးတိုင်းတွင် ကြုံတွေ့နေကျဖြစ်ပါသည်။ သည်လိုပဲ ထိထိရောက်ရောက် ဖြေရှင်းကြရသည်သာ ဖြစ်ပါသည်။ ဥပမာအားဖြင့် စင်ကာပူကဲ့သို့သော နိုင်ငံက စည်းကမ်းဥပဒေတို့ကို တိတိကျကျပြဋ္ဌာန်းကာ ထိထိရောက်ရောက် အရေးယူခြင်းဖြင့် ဥပဒေစိုးမိုးမှုကို ဦးစားပေးကာ ဖြေရှင်းသည်ကို တွေ့ရပါသည်။ ဂျပန်နိုင်ငံက အတော်ပင် စနစ်ကျနပြီး ခိုင်မာမှုရှိလာနေသည့်အခါ အမှိုက်ပြဿနာဆိုလျှင် ပြည်သူလူထုတစ်ဦးချင်းစီက အမှိုက်ကို အိမ်အထိ သို့မဟုတ် အမှိုက်ပုံးရှိရာ နေရာရောက်သည်အထိ သယ်ယူသွားသည့် ပညာပေးမှုမျိုးက များစွာအောင်မြင်သည်ကို တွေ့ရပါမည်။ ကလေးငယ်များအရွယ်ကစကာ မူလတန်းပညာရေးစနစ်မှာကတည်းက သည်လိုစည်းကမ်းရှိသည့်၊ ယဉ်ကျေးသည့် လူကြီးလူကောင်းများဖြစ်ရေးကို စည်းရုံးပညာပေးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံက စည်းကမ်းထိန်းချုပ်မှု၊ ဥပဒေစိုးမိုးမှုတို့နှင့် အဟပ်ကွာနေသည်မှာ ကြာမြင့်နေပြီဖြစ်သည်။

သည်လို ရှုပ်ထွေးများပြားလွန်းလှသည့် မြို့ပြလူမှုပြဿနာများနှင့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရေးမှာ ခိုင်မာသည့် မူဝါဒနှင့် ရေရှည်အမြော်အမြင်ရှိသည့် လုပ်ငန်းစဉ်တို့ကို ဘက်စုံရှုထောင့်စုံက တွေးတောဖြေရှင်းပေးနိုင်မည့် ပညာရှင်များ၏ အကူအညီတို့ကို ယူရန်လည်း လိုပါမည်။ ယင်းသို့သော မူဝါဒချမှတ်ခြင်း၊ လုပ်ငန်းစဉ်ရေးဆွဲခြင်းတို့ကို အချိန်ယူကာ ကျကျနနရေးဆွဲချမှတ်ပြဋ္ဌာန်းရန် လိုမည်ဟုလည်း နိုင်ငံတကာအတွေ့အကြုံများက ဖော်ပြနေပြီး ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သော ရန်ကုန်မြို့၊ မန္တလေးမြို့တို့တွင် ကြိုးစားနေကြသည်ကို သိမြင်နေရပါသည်။ အထူးသဖြင့်မူ မြို့သူမြို့သားတို့၏ သဘောထားနှင့်အတူ ရေရှည်မြော်မြင်တွေးခေါ်နိုင်သော ခေါင်းဆောင်မှုဖြင့်သာ အောင်မြင်နိုင်မည်ဟုလည်း ယူဆပါသည်။

ထို့ပြင်တစ်ဝ၊ ချမှတ်ပြဋ္ဌာန်းပြီးသည့် လုပ်ငန်းများကို တိတိကျကျနှင့် ထိထိရောက်ရောက် ဆောင်ရွက်အကောင်အထည်ဖော်ခြင်းတို့ဖြင့် မြို့ပြလူထု သာယာအေးချမ်းသောဘဝများကို မျှော်မှန်းနေနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ တပ်ကုန်းမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

တပ်ကုန်း မေ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များအား ယနေ့နံနက်ပိုင်းက တောင်ငူမြို့မှ တပ်ကုန်းမြို့သို့ ပင့်ဆောင် အပူဇော်ခံသည်။

စကျင် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမိုးမခနှင့် ဦးအေးမင်းဝင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်၍ တောင်ငူမြို့ကို လှည့်လည်အပူဇော်ခံကာ သမိုင်းဝင် မြစည်းခုံစေတီတော်မြတ်ကြီးနှင့် မဟာမုနိကေလ ဇာတိဘုရားကြီးတို့၌ ရင်ငွေ့လှုံသည်။ **(အပေါ်ပုံ)**

ထို့နောက် တောင်ငူမြို့မှတစ်ဆင့် ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေဦး၊ သာဝတ္တိ၊ ဇေယျာသီရိမြို့များ ဖြတ်သန်း၍ ပင့်ဆောင်အပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူ မြို့သားများ၊ ကျေးရွာနေပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်တည်ထားကိုးကွယ်ရေး အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ညနေ ၆ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့သို့ ရောက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဖူးမြော်ကြိုဆို၍ အပူဇော်ခံထားရှိမည့် တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ်ငြိမ်းချမ်းရေးတရားတော်ကို တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ဟောကြားချီးမြှင့်ရာ ဒေသခံများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဟန်လင်းနိုင်

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်မြန်မာကလေးငယ်များ ခွဲစိတ်ကုသရန် ပီတီတီအီးပီက အမေရိကန်ဒေါ်လာတစ်သိန်းလှူဒါန်း

ရန်ကုန် မေ ၁၄

ထိုင်းနိုင်ငံအခြေစိုက် ရေနံရှာဖွေရေးနှင့် တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် ပီတီတီအီးပီက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ်အနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် မြန်မာကလေးငယ် ၁၀၀ အား ခွဲစိတ်ကုသရန်အတွက် ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူများအား အခမဲ့ခွဲစိတ်မှုများ ဆောင်ရွက်နေသည့် Alliance for Smiles အဖွဲ့အစည်းကို အမေရိကန်ဒေါ်လာ တစ်သိန်းထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပီတီတီအီးပီ မြန်မာ့စီမံကိန်း အထွေထွေမန်နေဂျာ Mr. Piya Sukhumpanumet က အမှာစကားပြောကြားပြီး Alliance for Smiles ၏ စီမံကိန်းဒါရိုက်တာ Ms. Tina Fischlin က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပီတီတီအီးပီ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လူမှုအကျိုးပြုလုပ်ငန်းများနှင့် Alliance for Smiles ၏ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များ ဗွီဒီယိုဖိုင်ကို ရှင်းလင်းပြသသည်။

ပီတီတီအီးပီ မြန်မာ့စီမံကိန်း အထွေထွေမန်နေဂျာ Mr. Piya Sukhumpanumet က "အခုလို ပူးပေါင်းဆောင်ရွက်မှုကနေ ရရှိလာတဲ့ အကျိုးကျေးဇူးက ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေ ရရှိစေမှာပါ။ မြန်မာကလေးငယ်တွေကို ကြီးမားတဲ့ အကျိုးကျေးဇူးတွေ ယူဆောင်လာဖို့အတွက် စစ်မှန်တဲ့ ပေါင်းစည်းမှုတစ်ခုလို့လည်း ကျွန်တော်ယုံကြည်ပါတယ်"ဟု ပြောသည်။

ယင်းနောက် ပီတီတီအီးပီ မြန်မာ့စီမံကိန်းနှင့် Alliance for Smiles မှ တာဝန်ရှိသူများက ထောက်ပံ့မှုစီမံကိန်းအတွက် နားလည်မှုစာချွန်လွှာများကို အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။ **(အောက်ဝဲပုံ)**

Alliance for Smiles ၏ စီမံကိန်းအဖွဲ့ဒါရိုက်တာ Ms. Tina Fischlin က "ဒီနေ့ လှူဒါန်းမှုက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနဲ့ မွေးဖွားလာတဲ့ ကလေးတွေရဲ့ဘဝများစွာကို ပြောင်းလဲပေးနိုင်ရုံသာမကဘဲ သူတို့လေးတွေရဲ့ မိသားစု၊ ရပ်ရွာတွေနဲ့ နိုင်ငံကိုပါ အကျိုးသက်ရောက်စေမှာပါ"ဟု ပြောသည်။

ပီတီတီအီးပီ မြန်မာ့စီမံကိန်းအနေဖြင့် ကျေးရွာများတွင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ထောက်ပံ့ပေးခြင်းများနှင့် ဆင်းရဲချို့တဲ့သည့် ကျောင်းသားကျောင်း သူများအားပညာသင်ဆုများ ပေးအပ်ခြင်း စသည့်အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု ယနေ့ကျင်းပသည့် အခမ်းအနားမှ သိရသည်။

သတင်း-မွန်းဦးနဒီ၊ဓာတ်ပုံ-ရဲထွင်





❒ *ရှေ့ဖုံးမှ*

ဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် အောင်ဇေယျနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Le Gia Thinh နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ ဟာဒုန်းပိုးရွာ (Ha Dong Silk Village) ၌ ပိုးထည်များနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြစဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့အား ဗီယက်နမ် နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီး H.E. Mr. Nguyen Manh Hung၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက် ကြစဉ်။ သတင်းစဉ်

တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၁၇) ပြင်ဆင်ထုတ်ပြန်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲထားသော SOP (မူကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်း

နေပြည်တော် မေ ၁၄

အစိုးရဌာန/အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချမှုများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၁၇) ပြင်ဆင်ထုတ်ပြန်ရေးအတွက် တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်(မူကြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေးအတွက် ပြုစုထားသည့် တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက် (မူကြမ်း)ကို ဝိုင်းဝန်းဆွေးနွေးကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ သုံးစွဲကြပြီး တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာ အချိန်မီအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် အထူးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက် (မူကြမ်း) နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများက တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချမှုများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်များ SOP (မူကြမ်း) နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက် (၁/၂၀၁၇) ပြင်ဆင်ထုတ်ပြန်ရေးအတွက် တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်(မူကြမ်း) နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် UNOCHA ၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် လူသားချင်းစာနာထောက်ထားမှုရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms. Ursula Mueller နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ကုလသမဂ္ဂဘက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့်အစီအစဉ်များ၊ အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် IDP စခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီပံ့ပိုးနိုင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများ၏ စွမ်းဆောင်နိုင်မှုအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရန်ကုန် မေ ၁၄

ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာ လေယာဉ်ကို ထိန်းချုပ်ဆင်းသက်နိုင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို ရန်ကုန်မြို့ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းလိုင်း ရုံးချုပ်၌ ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တာဝန်ရှိသူများက လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။ **(အောက်ပုံ)**

"ကျွန်တော်က တပ်မတော်က ပေါက်ဖွားလာတဲ့ လေယာဉ်မှူး တစ်ယောက်ဖြစ်ပါတယ်။ တပ်မတော်က သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေနဲ့ အတွေ့အကြုံတွေကို ပေါင်းစပ်ပြီးတော့ ဒီဖြစ်စဉ်မှာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခုလိုမျိုး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အသိအမှတ်ပြုတဲ့အတွက် ကျွန်တော့်အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဆက်လက်ပြီးတော့လည်း တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားပါမယ်" ဟု လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်က ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် (XY-AGQ၊ Embraer 190) ခရီးသည်တင်လေယာဉ်၊ ခရီးစဉ်အမှတ် (ယူဘီ-၁၀၃) သည် လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် ခရီးသည် ၈၂ ဦးတို့ကို တင်ဆောင်လျက် မေ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ပျံသန်းလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်းတွင် Nose Landing Gear ချမရဘဲ ဖြစ်ခဲ့ကြောင်း။

လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ချိန်တွင် Nose Landing Gear မကျသဖြင့် Emergency Procedure အသုံးပြု၍ ဘီးချခဲ့သော်လည်း မကျသဖြင့် Main Landing Gear နှစ်ခုဖြင့်သာ တည်တည်ငြိမ်ငြိမ်ဖြင့် ဆုံးဖြတ်ချက်မှန်ကန်စွာ ဆင်းသက်နိုင်ခဲ့ခြင်းနှင့် ဘေးအန္တရာယ် မတော်တဆမှုအား ရင်ဆိုင်ကြုံတွေ့ချိန်တွင် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအား ဦးဆောင်မှုမှန်ကန်စွာဖြင့် အခြေအနေကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ခြင်းတို့ကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ လေယာဉ်ပျက်စီးဆုံးရှုံးမှု အနည်းငယ်ဖြင့် မြေပြင်သို့ အန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိခြင်းနှင့် လေယာဉ်ပျက်စီးဆုံးရှုံးမှု အခြေအနေမှ ကာကွယ်နိုင်အောင် အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့သည့်အတွက် လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်နှင့် လေယာဉ်အမှုထမ်းများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-ကိုထက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/၉လ**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ငုယင်ဖူးကျောင့်နှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ တရားဝင်အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့သည်။

၁၀-၅-၂၀၁၉ ရက်နေ့၊ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟန်ွိုင်းမြို့ရှိ မြန်မာသံအမတ်ကြီး နေအိမ်တွင် သံအမတ်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားကာ မြန်မာသံအမတ်ကြီး နှင့်ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

၁၁-၅-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဟန်ွိုင်းမြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့လည်းကောင်း၊ ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး၊ ဟိုချီမင်း၏ ဂူဗိမာန်သို့လည်းကောင်း သွားရောက်ကာ လွမ်းသူ့ပန်းခွေချခဲ့သည်။ ဆက်လက်၍ ဗီယက်နမ်အမျိုးသား ခေါင်းဆောင်ကြီး ဟိုချီမင်း နေထိုင်ခဲ့သည့် နေအိမ်သို့ သွားရောက်လေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်စွမ်းဖုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် ခေတ် အဆက်ဆက်ခေါင်းဆောင်များနှင့် ပြည်သူများက ပြုစုပျိုးထောင်ခဲ့ကြသည့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် သမိုင်းမျက်နှာစာသစ် ဖွင့်လှစ်ခဲ့ပြီး နောက်မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ အပြုသဘော တိုးတက်အောင်မြင်မှုများအပေါ်လည်း အမြင်ခြင်းဖလှယ်ခဲ့ကြသည်။ ထို့အပြင် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအားလုံးတွင် ပိုမိုထိရောက်စေရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခြင်း (၄၅) နှစ် ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရေး၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရေး၊ အာဆီယံ၊ ကုလသမဂ္ဂ၊ အေဆမ်၊ မဲခေါင်ဒေသခွဲပူးပေါင်း ဆောင်ရွက်ရေး ယန္တရားများစသည့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေးကိစ္စများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် ၂၀၂၀-၂၀၂၁ ကာလအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်း မဟုတ်သော အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံမည့် ဗီယက်နမ်နိုင်ငံအား မြန်မာနိုင်ငံမှ ထောက်ခံမှုပေးရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ (၇၆၄)သန်းခန့်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ နဝမအဆင့် အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်ကာ ရင်းနှီး မြှုပ်နှံမှုတွင် သတ္တမအဆင့်အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွက် နှစ်နိုင်ငံကုန်သွယ်မှု ရည်မှန်းချက်ဖြစ်သည့် အမေရိကန် ဒေါ်လာ သန်း (၁၀၀၀) ထက် ပြည့်မီကျော်လွန်နိုင်ရေး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း နှစ်ဖက်ခေါင်းဆောင်များက သဘောတူညီခဲ့သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ဗီယက်နမ်နိုင်ငံ၏ အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုရလဒ်များ အထူးသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မား တိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအပေါ် ချီးကျူးကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗီယက်နမ်နိုင်ငံ၏ အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် အတွေ့အကြုံများမျှဝေပေးမှုကို အသိအမှတ်ပြုကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဗီယက်နမ်အစိုးရ ဧည့်ဂေဟာ၌ ဗီယက်နမ်ဝန်ကြီးချုပ်နှင့်ဇနီးတို့မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့မှ ဆုတောင်းမိန့်ခွန်းများ အပြန်အလှန် ပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ယင်းနေ့ နေ့လယ်ပိုင်းတွင် တည်းခိုရာဟိုတယ်၌ ဗီယက်နမ်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ထူထောင်ထားရှိသည့် ချစ်ကြည်ရေးအသင်းများအကြား အပြန်အလှန်ခရီးစဉ်များ ဖလှယ်ရေးကိစ္စရပ်များ အပါအဝင် လွှတ်တော်ချစ်ကြည်ရေးအသင်းများမှတစ်ဆင့် နှစ်နိုင်ငံရှိလွှတ်တော်၊ အစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌရုံးသို့ သွားရောက်ပြီး ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မဒမ်ငုယင်သီကင်ငန်းနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတဟိုချီမင်းတို့ လက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံ ခေါင်းဆောင်များအဆက်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်ခဲ့ကြသည့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးအား ပြန်လည်သုံးသပ်ခဲ့ကြပြီး၊ လွန်ခဲ့သည့်နှစ်များအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိခဲ့မှုနှင့် အာဆီယံနှင့် အခြားနိုင်ငံတကာ လွှတ်တော်အဖွဲ့အစည်းများတွင် နှစ်နိုင်ငံလွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ယင်းနေ့ ညနေပိုင်းတွင် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ၂၀၁၉ခုနှစ်၊ ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ခဲ့ကြသည်။

၁၂-၅-၂၀၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟနမ်ပြည်နယ်ရှိ တန်ချူ့အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနား ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကုလသမဂ္ဂဗုဒ္ဓနေ့နှင့် ပတ်သက်၍ အဖွင့်မိန့်ခွန်း တစ်ရပ် ပြောကြားခဲ့သည်။

ယင်းသို့ အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဂေါတမဗုဒ္ဓ၏ဖွားမြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိခြင်းနှင့် မဟာပရိနိဗ္ဗာန်စံဝင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ်ကို ၁၉၉၉ ခုနှစ်တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် အသိအမှတ်ပြုခဲ့ပြီးနောက် ကုလသမဂ္ဂဗုဒ္ဓနေ့

စာမျက်နှာ ၆ သို့


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အား ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၅ မှ

အခမ်းအနားအား နှစ်စဉ်ကျင်းပခဲ့ပုံ နောက်ခံဖြစ်စဉ်ကို လည်းကောင်း၊ မြန်မာနိုင်ငံသို့ အေဒီ(၂)ရာစု ပျူခေတ်မှစတင်ပြီး ဗုဒ္ဓသာသနာ စတင်ရောက်ရှိ ထွန်းကားလာခဲ့ပုံနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်မှု ထိန်းသိမ်းရေးအတွက် ဘာသာတရား၏ အရေးပါသည့်အခန်းကဏ္ဍကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် ယနေ့ကမ္ဘာကြီး၌ အကြမ်းဖက်မှုများနှင့် အနိဋ္ဌာရုံများများပြားလာသည့်အချိန်မျိုးတွင် ဗုဒ္ဓ၏အဆုံးအမဖြစ်သည့် ချစ်ခြင်းမေတ္တာကို လက်ကိုင်ထားလျက် ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်နိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခြင်းမှာ ဆီလျော်မှန်ကန်မှုရှိပြီး ခေတ်ကာလအနေအထားအရ ပို၍ပင် လိုအပ်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန် ကြိုးပမ်းမှုအဖြစ် ဘာသာပေါင်းစုံငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ငြိမ်းချမ်းမေတ္တာအဖွဲ့ကြီး (Religions for Peace)က ဦးဆောင်လျက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပထမအကြိမ်၊ ၂၀၁၉ ခုနှစ်၊ မေလဆန်းပိုင်းက ဒုတိယအကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓနေ့အခမ်းအနားများမှ တစ်ဆင့် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူမှုအဖွဲ့အစည်းများရှိ ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်နိုင်ရုံမျှမက ငြိမ်းချမ်းမှုကို မြတ်နိုးသည့် ယဉ်ကျေးမှုစိတ်ဓာတ်အခြေခံကို ပြန်လည်နှိုးဆွ ဖန်တီးပေးနိုင်ရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်းကိုလည်း အလေးပေး ပြောကြားခဲ့သည်။

(၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ဗီယက်နမ်အစိုးရ၏ ကြီးကြပ်ပံ့ပိုးမှုအောက်တွင် ဗီယက်နမ်အမျိုးသားဗုဒ္ဓသံဃအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့ကျင်းပရေးကောင်စီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မေလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှားမား အိုလီ၊ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဗန်ကီယာ နိုင်ဒူး၊ ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် UNESCAP ၏ အမှုဆောင်အတွင်းရေးမှူး မစ္စ အာမီဒါ အလီရှာဘာနား နှင့် Vietnam Fatherland Front Central Committee ဥက္ကဋ္ဌ မစ္စတာ ထရန် တန်မန်းတို့လည်း ပါဝင်တက်ရောက်ခဲ့ကြပြီး မိန့်ခွန်းများ အသီးသီး ပြောကြားခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကမ္ဘာ့တစ်ဝှမ်းရှိ နိုင်ငံပေါင်း (၁၁၃) နိုင်ငံမှ ဗုဒ္ဓဘာသာဝင် ကိုယ်စားလှယ်(၁၆၀၀) ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် (၂၀၀၀၀) ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနား ကျင်းပရေးကော်မတီမှ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တန်ချူ့ဘုရားကျောင်းသို့ သွားရောက်ခဲ့ကြပြီး ဉာဏ်တော်အမြင့် (၂၀)လက်မရှိ ဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်အား ဘုရားဂေါပကအဖွဲ့သို့ လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် တန်ချူ့ဘုရားကျောင်းမှတစ်ဆင့် နင့်ပင်ပြည်နယ်ရှိ ဘိုင်ဒိန်ရှေးဟောင်းဘုရားကျောင်းသို့ ထွက်ခွာခဲ့ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကြည်ညိုပူဇော်ခဲ့ကြသည်။ ယင်းနောက် ဘိုင်ဒိန် သာသနိကနယ်မြေရှိ ဘောင်တပ်ဗုဒ္ဓ တာဝါ (Bao Thap Stupa) သို့ ရောက်ရှိခဲ့ပြီး ရုပ်ပွားတော်အား ဆီမီး၊ အမွှေးနံ့သာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့ ညနေပိုင်းတွင် ဗီယက်နမ်ယဉ်ကျေးမှုဖျော်ဖြေပွဲ (The Quintessence of Tokin)သို့ သွားရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၃ ရက်နေ့၊ နံနက်ပိုင်းတွင် Tuan Chau International Port သို့ ထွက်ခွာခဲ့ပြီး ယင်းမှတစ်ဆင့် သင်္ဘောဖြင့် Ha Long Bay တစ်လျှောက် လေ့လာခဲ့ကြသည်။ နိုင်ငံတော်သမ္မတသည် ယင်းနေ့နေ့လယ်ပိုင်းတွင် ဗီယက်နမ်-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့်အဖွဲ့ဝင်များအား လည်းကောင်း၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအားလည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ အသီးသီးက မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်နှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ၁၄-၅-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဟဒေါင်းပိုးရွာ (Ha Dong Silk Village) သို့ သွားရောက်၍ ပိုးထည်ရက်လုပ်နေမှုများနှင့် ပိုးထည်ရောင်းချနေမှုများကို လေ့လာခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် အဆင့်မြင့်အရာရှိများ လိုက်ပါသွားခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၄

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ၊တိုင်းဒေသကြီး၊ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ UNODC ၊ DEA၊ ONCB ၊ NNCC ၊ AFP မှ ကိုယ်စားလှယ်များနှင့် NGO မှ ဖိတ်ကြားထားသည့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအား ထုတ်ပြန်ကြေညာခဲ့ပြီး မဟာဗျူဟာစီမံချက် (National Strategic Plan) ရေးဆွဲကာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို (၂၄)ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မူးယစ်အမှုပေါင်း ၁၃၀၃၇ မှု၊ တရားခံပေါင်း ၁၈၆၈၁ ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံးတွင် ၂၀၁၈ ခုနှစ် ဇွန် ၂၂ ရက်မှ စတင်၍ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကိုဖွင့်လှစ်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းစိုက်ပျိုးမှုမှာ ၂၀၁၈ ခုနှစ်မှာလည်း ဟက်တာ ၃၇၃၀၀ သာရှိခဲ့သဖြင့် ၂၀၁၇ ခုနှစ်ထက် ၉ ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာ စီမံချက်အရ ဒေသအခြေအနေနှင့်ကိုက်ညီသည့် လုပ်ငန်းစီမံချက် (Action Plan) တစ်ခုကို နှစ်နှစ်ကာလ သတ်မှတ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရေးဆွဲကာ ဆောင်ရွက်မည်ဖြစ်သည့်အတွက် တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ အကြံဉာဏ်ကောင်းများနှင့် နည်းလမ်းများကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူးက မူးယစ်ဆေးဝါးထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြခြင်း၊ တွဲဖက်အတွင်းရေးမှူးမှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြခြင်း၊ တက်ရောက်လာသူများမှ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား တင်ပြခြင်း၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာ စီမံချက်(မူကြမ်း) ပေါ်ထွက်လာမှု အခြေအနေများအား ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေး၊ နယ်စပ်ဒေသကာကွယ် စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၁၄

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Ms. Andrea Faulkner နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး Ms.Andrea Faulkner နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျနှစ်နိုင်ငံအကြား နယ်စပ်ဒေသကာကွယ်ရေး၊ လူဝင်မှု ကြီးကြပ်ရေး၊ သတင်းအချက်အလက် မျှဝေရေးနှင့် နည်းပညာမြင့်မားရေးတို့အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို တစ်ပေါင်းတည်းလေ့လာစိစစ်ဆောင်ရွက်ရန် အတည်ပြု

နေပြည်တော် မေ ၁၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအတွက် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပူးပေါင်းကော်မတီ၏ ရှင်းလင်းတင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို လေ့လာစိစစ်ရေးပူးပေါင်းကော်မတီက တစ်ပေါင်းတည်း လေ့လာစိစစ်ဆောင်ရွက်ရန် အတည်ပြုကြောင်း ကြေညာသည်။

တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှေ့ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း၏ အကြံပြုချက်ဆွေးနွေးချက်တွင် ပါဝင်သော "Procurement Law ပစ္စည်းဝယ်ယူရေးဆိုင်ရာဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းသင့်ကြောင်း" ဆွေးနွေးချက်အပေါ် ၂၀၁၆ ခုနှစ် ဩဂုတ်တွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး "အစိုးရ၏ ဝယ်ယူရေးနှင့် ပိုင်ဆိုင်ပစ္စည်းထုခွဲရောင်းချရေးဥပဒေ မူကြမ်း" ကို စတင်ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့၏ ဆွေးနွေးချက်များတွင်ပါဝင်သော "အကြံပေးလုပ်ငန်းများအတွက် ထိုင်းနိုင်ငံ ကုမ္ပဏီများထံမှ ရွေးချယ်ခြင်း၊ ချေးငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ အသုံးပြုရခြင်းနှင့် အခွန်အခဆိုင်ရာများအား ချေးငွေမှ ကျခံသုံးစွဲခြင်းမပြုရဆိုသည့် စည်းကမ်းချက်များ" နှင့်စပ်လျဉ်း၍ ရွေးချယ်ခံရသော ထိုင်းအကြံပေးကုမ္ပဏီနှင့် ထိုင်းကန်ထရိုက်တာများအနေဖြင့် မြန်မာနိုင်ငံမှ အကြံပေးကုမ္ပဏီ သို့မဟုတ် မြန်မာကန်ထရိုက်တာများနှင့် ပူးတွဲဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်သဖြင့် မြန်မာနိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း၊ Bilateral ပေးအပ်သည့်နိုင်ငံများက ၎င်းတို့က သက်သာသောအတိုးနှုန်းဖြင့် ပေးအပ်သည့် ချေးငွေကို စီမံကိန်းလုပ်ငန်းများအတွက်ကိုသာ အပြည့်အဝအသုံးပြုစေလိုပြီး အခွန်အခနှင့်ပတ်သက်၍ ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် အခွန်အခကို ချေးငွေရယူသည့်နိုင်ငံမှ ကျခံပေးရန်တို့သည် ကြိုတင်ညှိနှိုင်းချက်များအရ ဖြစ်ကြောင်း၊ Multilateral Loan များဖြစ်သော ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့ Loan များတွင် အခွန်အခများကို ချေးငွေမှ ကျခံသုံးစွဲခွင့်ပြုလေ့ရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိသည့်အခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ NEDA တို့နှင့် ညှိနှိုင်း၍ ချေးငွေစာချုပ်ချုပ်ဆိုနိုင်ရန် ဆက်လက်ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူသုံးစွဲမှုအပေါ်တွင် စောင့်ကြည့်ကြပ်မတ်ခြင်း၊ ချေးငွေအတိုး၊ အရင်းပေးဆပ်မှုများအတွက် ကြပ်မတ်ဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါ ချေးငွေရယူရေးကိစ္စနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံဆန္ဒမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး ဖတ်ကြားတင်ပြစဉ်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း ဖတ်ကြားတင်ပြစဉ်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရှင်းလင်းပြောကြားစဉ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် မေ ၂၁ ရက်တွင် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်ပယ်များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နောက်ဆက်တွဲဥပဒေ၊ နည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းနေပြီဖြစ်ပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင်ရှိသည့် ကရင်ဌာနေတိုင်းရင်းသားများသည် စည်းမျဉ်းစည်းကမ်းအတိုင်း ငါးဖမ်းခြင်း၊ သစ်တောထိန်းသိမ်းခြင်းများကို ဇရိယာများ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ မျိုးစုံမျိုးကွဲဇရိယာများ၊ ကြီးမားကျယ်ပြန့်သည့် အဓိက မျိုးစုံမျိုးကွဲဇရိယာများကို ဌာနေတိုင်းရင်းသားဒေသခံများက ဓလေ့ထုံးတမ်းများနှင့် စီမံအုပ်ချုပ်ပြီး ကာကွယ်ထားခြင်းကြောင့် မိမိတို့အနေဖြင့် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒအဖွဲ့မှ လုပ်ဆောင်ချက်များကို လေ့လာပြီး ဌာနေတိုင်းရင်းသားများ၏ ထိန်းသိမ်းထားမှုများကို ပံ့ပိုးအသိအမှတ်ပြုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ယင်းတို့၏ ဂေဟစနစ်များကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကိစ္စအား ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ ရှေ့ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်း၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ရှေ့ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးခင်မျိုးဝင်း၊ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအစီအမံများ ချမှတ်ရာတွင် ရာသီဥတုပြောင်းလဲမှု၊ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေဖြစ်သည့် သိပ္ပံဆိုင်ရာ အကြံပြုချက်များ၊ နည်းပညာနှင့် အခြားအထောက်အပံ့များရရှိနိုင်ပြီး ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့်လည်း ငွေကြေးတစ်စုံတစ်ရာထည့်ဝင်ရန် စည်းနှောင်ထားခြင်းမရှိပါကြောင်း၊ သို့ဖြစ်၍ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုပါရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာသိပ္ပံ-မူဝါဒလုပ်ငန်းအဖွဲ့သို့ ဝင်ရောက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုကြောင်း ကြေညာသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့်၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၄/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက လိုငွေဖြစ်ပေါ်ခဲ့သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း ၁၁ ခုအနက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊ မြန်မာ့မီးရထားလုပ်ငန်း၊ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းတို့သည် ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများဖြစ်သဖြင့် လိုငွေဖြစ်ပေါ်ရခြင်းကို အပြစ်မဆိုသာသော်လည်း စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အမှတ်(၁)၊ (၂)၊ (၃)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာအမျိုးသားလေကြောင်းလုပ်ငန်းတို့၌ လိုငွေဖြစ်ပေါ်နေမှုကို စနစ်တကျစိစစ်ရန် လိုအပ်ပါကြောင်း။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် လိုငွေပြလျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းများကို အသေးစိတ်ကျကျ ကွင်းဆင်းလေ့လာလျက် ကုစားနိုင်မည့်နည်းလမ်းများကို အမြန်ဆုံးရှာဖွေလျက် ဆုံးဖြတ်ချက်ချမှတ်သင့်ပါကြောင်း၊ အရှုံးပေါ်ရပ်ဆိုင်းထားရသည့် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများကို PPP စနစ်၊ ပုဂ္ဂလိကကို တိုက်ရိုက်အငှားချသောစနစ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ထိုက်သင့်သော တန်ကြေးဖြင့် အပြတ်ရောင်းချသောစနစ် စသည့်နည်းလမ်းများဖြင့် စက်ရုံများ ပြန်လည်လည်ပတ်နိုင်စေရေးကို ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသည့် အစီအစဉ်များဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်ကို ဆိုင်းငံ့ခြင်းမရှိဘဲ အမြန်ဆုံးအကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် အစည်းအဝေး၌ ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၆/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများသည် နှစ်တိုင်းအရှုံးပေါ်နေမှုနှင့်ပတ်သက်၍ ခရီးသည်များနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှုများအတွက် အိမ်တိုင်ရာရောက်စနစ်အဖြစ် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းကို တွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများနှင့် ကုန်သည်များ၏ ယုံကြည်အားကိုးမှုရရှိလာမည်ဖြစ်ပြီး ယုံကြည်အားကိုးမှုရလာသည်နှင့်အမျှ ဝင်ငွေတိုးလာပြီး အရှုံးဖြစ်ပေါ်မှု ကျဆင်းလာနိုင်မည်ဟု ယူဆပါကြောင်း။

ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ MPT၊ Telenor၊ Ooredoo နှင့် Mytel တို့ရှိပြီး နိုင်ငံ၏ ဝင်ငွေရရှိနေသော်လည်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ပြည်သူ့လွှတ်တော်တွင် ဒေါက်တာလှမိုး မေးမြန်းခဲ့သည့် မေးခွန်းတွင် ဖုန်းသုံးစွဲသူများ မသိဘဲ မမှန်မကန် ငွေဖြတ်တောက်ခံရမှုကို များစွာကြားသိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ အထူးဂရုပြုဖြေရှင်းပေးရန် အကြံပြုလိုပါကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင်မော်တော်ယာဉ်များ တိုးမြှင့်ကောက်ခံနေကြပြီး လောင်စာဆီဈေးပြန်ကျသော်လည်း မော်တော်ယာဉ်ခ ပြန်လျှော့ချခြင်းမရှိသည်မှာ ပြည်သူများအတွက် နစ်နာမှုရှိသောကြောင့် ဝန်ကြီးဌာနနှင့် ဒေသအစိုးရအဖွဲ့များက ထိန်းကွပ်ရန်လိုအပ်မည်ဟု အကြံပြုလိုပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် BOT စနစ်နှင့် ဆောင်ရွက်သည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် နိုင်ငံတော်မှ စိုက်ထုတ်ချေးပေးနေရသည့် ချေးငွေအရင်း၊ အတိုးများ နှစ်စဉ် မှန်မှန်ကန်ကန်ကောက်ခံရရှိနိုင်ရေး၊ Free Power မှ ပိုလျှံရောင်းချရသည့် လျှပ်စစ်ဓာတ်အားခများကို နှစ်စဉ် ပြည့်ပြည့်ဝဝရရှိနိုင်ရေးကို အားစိုက်ဆောင်ရွက်ရန်လိုအပ်မည်ကို အကြံပြုလိုပါကြောင်း၊ တစ်ဖက်မှလည်း နှစ်စဉ်အရှုံးဖြစ်ပေါ်နေသည့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအတွက် အရှုံးမဖြစ်ပေါ်နိုင်အောင် နှုန်းထားပြင်ဆင်ဆောင်ရွက်ခြင်းဖြင့် နှစ်စဉ်လိုငွေဖြစ်ပေါ်နေသည့် ဘတ်ဂျက်အတွက် အထောက်အကူဖြစ်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင် သဘောထားမှတ်ချက် အစီရင်ခံစာ(၆/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၆/၂၀၁၉)တို့နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် အစီအစဉ်များကို ၂၀၁၉ ခုနှစ် မေ ၁၆ ရက်တွင် ကျင်းပပြုလုပ်မည့် အစည်းအဝေး၌ ဆက်လက်ဆောင်ရွက်ရန် လျာထားကြောင်း ကြေညာသည်။

သတင်းစဉ်

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍဆွေးနွေးပွဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာ ရွှေလွှမ်း တက်ရောက်အမှာစကားပြောကြား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍဆွေးနွေးပွဲ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နေပြည်တော် မေ ၁၄

“ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍ” ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရွှေလွှမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များ အသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမျိုးသမီးခေါင်းဆောင်များ၏ အခန်းကဏ္ဍ

ရှေးဦးစွာ ဒေါက်တာ ရွှေလွှမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရပ်ရွာလူထု အတွက် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးတွင် ပါဝင်ကြမည့် အမျိုးသမီး ခေါင်းဆောင်များ၏ အခန်းကဏ္ဍကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဦးဆောင်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

အသင်းသည် နိုင်ငံတော်၏တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေအရ လူသားချင်း စာနာထောက်ထားမှု နယ်ပယ်တွင် နိုင်ငံတော်၏ အရန်အင်အားဖြစ်ပါကြောင်း၊ ထို့ကြောင့် လူသားအချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတိုးတက်ရရှိစေရေး၊ ငြိမ်းချမ်းသာယာမှု တိုးတက်ခိုင်မြဲစေရေးတို့ အတွက် ရည်ရွယ်ပြီး နိုင်ငံအတွင်းသာမက နိုင်ငံပြင်ပအထိ အကူအညီလိုအပ်နေသည့် မည်သူ့ကိုမဆို ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ ဘာသာစကား၊ နိုင်ငံရေးအယူဝါဒ၊ အမျိုးသား၊အမျိုးသမီး ခွဲခြားခြင်းမရှိဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရပါကြောင်း။

ကျား - မတန်းတူအခွင့်အရေး

ထိုသို့ ကူညီစောင့်ရှောက်မှုပေးရာ၌ အထူးသဖြင့် ဘေးအန္တရာယ်အခြေအနေ အမျိုးမျိုးတွင် ကြုံတွေ့ရသည့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကို ပြန်လည်ကူညီပံ့ပိုးပေးသည့်အပြင် လူမှုပတ်ဝန်းကျင်တွင် ကိုယ်ပိုင်စွမ်းဆောင်ရည်များ ပိုမိုတိုးမြှင့်လာစေရန်အတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးပေးပြီး ကျား - မတန်းတူအခွင့်အရေးရရှိနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိနိုင်ရန် အတွက်အသင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၏ ကျား-မရေးရာနှင့် ကွဲပြားခြားနားမှုကွန်ရက် (Gender and Diversity Network) အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားခြင်းကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နယ်ပယ်အားလုံးတွင်လည်း အမျိုးသမီးများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာ ဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) တွင်ပါရှိသည့် မြန်မာနိုင်ငံရှိ အမျိုးသမီးများအားလုံးသည် သက်ဆိုင်ရာ အစိုးရ၏ ပံ့ပိုးမှုဖြင့် စွမ်းဆောင်ရည်များ မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေး ရပိုင်ခွင့်များကို အသိအမှတ်ပြုလက်ခံနိုင်ရေး၊ အပြည့်အဝခံစားရရှိနိုင်စေရေး၊ ကျား- မတန်းတူ ညီမျှရေးနှင့်အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့် အချက်များနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals) ၏အမှတ်စဉ် (၅) ဖြစ်သည့်Gender Equality ကျား-မ တန်းတူညီမှုရရှိစေရန်နှင့် အမျိုးသမီးများ အားလုံး၏ စွမ်းပကားများကို တိုးမြှင့်စေရေးစသည့် လမ်းညွှန်ချက်များအပေါ် အခြေခံ၍ မြန်မာအမျိုးသမီးများအနေဖြင့် ကျား - မ တန်းတူပူးပေါင်း ပါဝင်လာစေရေးအတွက် ကျား - မရေးရာနှင့် ကွဲပြားခြားနားခြင်းမူဝါဒ (Gender and Diversity Policy) ကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိခိုက်နစ်နာစေမှုများလျော့ကျနိုင်ရေး

ထိုမူဝါဒအတိုင်း ဘေးအန္တရာယ်ကျရောက်သူများ၏ဘဝ ပိုမိုလုံခြုံစေရေးကို ဖြည့်ဆည်းပေးနိုင်ရန် အခြေအနေအမျိုးမျိုးတွင် အမျိုးသမီးများ၏ လိုအပ်ချက်များအပေါ် သီးခြားကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်ခြေနီ လူမှုကရုဏာ လုပ်ငန်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဘာသာရေး၊ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများအပေါ် အလေးထားပြီး ထည့်သွင်းဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော အသိပညာ၊ ကျွမ်းကျင်မှုရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့အပြင် အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများ လျော့ကျနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် IFRC ၏ အနိမ့်ဆုံးစံသတ်မှတ်ချက် DAPS မူဘောင်ဖြစ်သည့် အကျိုးခံစားခွင့်ရှိသူ တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကိုလေးစားတန်ဖိုးထားခြင်း (Dignity)၊ ကူညီထောက်ပံ့မှုများကို ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူညီသော လက်လှမ်းမီ ရရှိနိုင်မှု (Access)၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် အပြည့်အဝအတူတကွ ပါဝင်မှု(Participation)၊ ၎င်းတို့အတွက်ကဏ္ဍအလိုက် ဘေးကင်းလုံခြုံမှု (Safety) စသည့်အချက်များပေါ်တွင် မူတည်ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအတွက် ထောက်ပံ့မှုပေးခြင်း၊ ရပ်ရွာလူထုအတွင်း မိခင်များအဖွဲ့ကို ဖွဲ့စည်းပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲများတွင် ပါဝင်ဟောပြောစေခြင်း၊ ရပ်ရွာကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီများတွင် အမျိုးသမီးများ ပါဝင်ဦးဆောင်ခွင့်ကို အစဉ်ပေးထားပါကြောင်း။

မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း

အသင်းအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ရပ်ရွာလူထုငါးသန်းအတွက် ပိုမိုကျန်းမာလုံခြုံစေပြီး ဘေးအန္တရာယ်ကျရောက်လွယ်မှု လျော့ပါးစေခြင်းဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးရန် ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ “ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးအစီအစဉ်” ကို လူထုကိုယ်တိုင်ပါဝင်ပြီး မိတ်ဖက်အဖွဲ့ အစည်းများနှင့် လက်တွဲညီညီဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

လူမှုကရုဏာကဏ္ဍ အစီအစဉ်များတွင် အမျိုးသမီးများအနေဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပြီး ဆွေးနွေးပွဲမှ တစ်ဆင့် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်နိုင်မည့် နည်းလမ်းများ ရရှိစေခြင်းဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ရပ်ရွာလူထုများ ဖြစ်လာစေရန် မျှော်မှန်းထားရှိပါကြောင်း။

အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်

အထူးသဖြင့် ရပ်ရွာလူထုကိုမိမိ နားလည်ထားသည့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းအပေါ်တွင် ပြန်လည်နားလည်မှုဝေပေးခြင်းနှင့် လူထုအတွက်အမှန်တကယ်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာ၊ နည်းပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းများကို နည်းပညာအကူအညီဖြစ်စေ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကူအညီဖြစ်စေ၊ လူသားအရင်းအမြစ် အကူအညီဖြစ်စေ၊ မိမိတို့၏အတွေးအခေါ်အယူအဆများဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍမှ ဦးဆောင်ပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် စည်းရုံးခြင်းဖြင့် ၎င်းတို့၏ အခန်းကဏ္ဍများကို မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေါက်တာ ရွှေလွှမ်းအား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက အမှတ်တရလက်ဆောင် ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဒေါ်မြသူက ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်အမယာမော်နိုင်က နိုင်ငံအဝန်း ဆောင်ရွက်နေသော ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျန်းမာရေးကဏ္ဍ၊ ပူးပေါင်းဆောင်ရွက်ခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အားလုံးအကျုံးဝင် ပူးပေါင်းပါဝင်ခြင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ စသည့်ခေါင်းစဉ်များ ပါဝင်သည့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးတွင် အမျိုးသမီးခေါင်းဆောင်များ ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ရေးစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်းက ဦးဆောင်ကာ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ အမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေ၊ အောင်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

❇ *ကျောဖုံးမှ*

အဆိုပါ ပြပွဲကို ကိုရီးယား၊ စင်ကာပူ၊ အမေရိကန်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ နိုင်ငံတကာ ပြခန်းတွဲငါးခန်းအပြင် နိုင်ငံပေါင်း ၂၁နိုင်ငံမှ ပါဝင်ပြသသူ ၁၀၀ ကျော်နှင့် နိုင်ငံတကာ ထိပ်တန်းကုန်အမှတ်တံဆိပ် ၂၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစားအသောက် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဟိုတယ်နှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ကော်ဖီအနုပညာနှင့် ပတ်သက်သောပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ လာရောက်လေ့လာသူများ အနေဖြင့် ကော်ဖီနှင့်လက်ဖက်ရည်၊ ဝိုင်နှင့် အဖျော်ယမကာ၊ ဧည့်ခံကြိုဆိုမှုနှင့် လက်လီရောင်းချခြင်း၊ အစားအစာနှင့် အဖျော်ယမကာ၊ ထုတ်ကုန်နှင့်ပါဝင်ပစ္စည်းများအတွက် စက်ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရှာဖွေခြင်းဖြင့် အတွေးအခေါ်သစ်၊ စီးပွားရေးအခွင့် အလမ်းသစ်များကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထုတ်ကုန်နှင့်ဝန်ဆောင်မှုလုပ်ငန်း ၁၅၀၀ ကျော်ကို စတုရန်းမီတာ ၆၀၀၀ ကျော် အကျယ်အဝန်းရှိသည့် မြန်မာအိတ်စပိုအတွင်း ပြသမည်ဖြစ်ကြောင်း သိရသည်။**ထင်ပေါ်ဝင်း(ကမာရွတ်)**

နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲ စာနယ်ဇင်းရှင်းလင်းစဉ်။
ဓာတ်ပုံ - ထိန်လင်း

NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ် အစည်းအဝေး ငါးရက်ကြာကျင်းပမည်

ချင်းမိုင် မေ ၁၄

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement- NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များစတုတ္ထအကြိမ် အစည်းအဝေး (4th NCA- S EAO Summit) ကို ယနေ့နံနက်ပိုင်းမှ စတင်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ် အစည်းအဝေး ကျင်းပစဉ်။ ဓာတ်ပုံ- NCA-S-EAO

အဆိုပါ အစည်းအဝေးကို မေ ၁၄ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)၏ ယာယီအဖွဲ့ခေါင်းဆောင် ဦးယွက်ဆစ်က "ထိပ်သီးအစည်းအဝေး အစီအစဉ်မှာ ပါဝင်တဲ့ အကြောင်းအရာတွေကို ကိုယ်စားလှယ်ခေါင်းဆောင်များအားလုံးက ရင်းနှီးပွင့်လင်းကျေလည်စွာ ဆွေးနွေးပြီး မိမိတို့လိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အရယူကြပါ" ဟု အဖွင့်မိန့်ခွန်းတွင် ပြောကြားသည်။

ဆက်လက်၍ ဦးယွက်ဆစ်က "ကျွန်တော်တို့အားလုံး သီလ၊ သမာဓိ၊ ပညာနဲ့ အတွေးသစ်၊ အမြင်သစ်ကို အသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရမှာ ဖြစ်သလို တက်ညီလက်ညီ လက်တွဲပူးပေါင်းပြီး ပြည်သူလူထုကောင်းကျိုးနဲ့ တိုင်းပြည်အကျိုးဆိုတဲ့ ပန်းတိုင်ကို အရောက်လှမ်းချီတက်ရမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့နေရာမှာ အားလုံးလက်ခံနိုင်တဲ့ အခင်းအကျင်းဖြစ်ဖို့လိုပါတယ်။ သူ့မှုကိုယ်မှုကို အသေဆုပ်ကိုင်ပြီး ဆွေးနွေးမယ်ဆိုရင်တော့ အောင်မြင်မှာ မဟုတ်ပါဘူး။ အားလုံးက တန်းတူရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို လိုချင်တာချင်း အတူတူဆိုတော့ ဖက်ဒရယ်ကိုပဲ ဦးတည်ဆွေးနွေးမှ အားလုံးအတွက် အဆင်ပြေမှာဖြစ်ပါတယ်။ သူ့မှုကိုယ့်မှုကို ခဏဘေးဖယ်ထားပြီး သဘာဝအတိုင်း ဖြစ်သင့်ဖြစ်ထိုက်တာကို ဆွေးနွေးနိုင်ရင်တော့ နှစ်ဖက်စလုံး အရှုံးကို မရင်ဆိုင်ရဘဲ အောင်မြင်မှုကို နှစ်ဦးနှစ်ဖက်ရရှိမှာ ဖြစ်ပါတယ်။

ပြဿနာဖြေရှင်းဖို့ငြိမ်းချမ်းရေးကအခရာ

"NCA စာချုပ် လက်မှတ်မရေးထိုးသေးတဲ့ ညီနောင်အဖွဲ့အစည်းအချို့နဲ့ တပ်မတော်တို့အကြား တိုက်ပွဲဖြစ်နေတာဟာ ပြည်ထောင်စုအတွက် ကြီးမားတဲ့ ပြဿနာပဲ ဖြစ်ပါတယ်။ ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့ဟာ ငြိမ်းချမ်းရေးက အခရာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပျက်ပြားရင် ပြဿနာအမျိုးမျိုးလည်း ပေါ်လာမှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အစိုးရ၊ တပ်မတော်၊ EAOs တွေနဲ့ သက်ဆိုင်တဲ့ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းရမှာ ဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ တစ်ဆို့နေသည်များကို မည်သည့်နည်းလမ်းကိုရှာဖွေ၍ ကျော်လွှားသွားရမည်ဆိုသည့်အချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများကို ရဲရဲဝံ့ဝံ့လုပ်ဆောင်ရမည့်အချက်များသည် အဓိကထား ဆွေးနွေးရမည့် အကြောင်းအရာများဖြစ်ကြောင်း PPST ယာယီအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ပြန်လည်သုံးသပ်ဆွေးနွေးမည်

အစည်းအဝေးတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုဆိုင်ရာအစီရင်ခံစာများ တင်သွင်းဆွေးနွေးခြင်းနှင့် စုဖွဲ့မှုများအပေါ် ပြန်လည်သုံးသပ် ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လေ့လာသူများအဖြစ်တက်ရောက်

NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ စတုတ္ထအကြိမ်မြောက် ထိပ်သီးခေါင်းဆောင်များ အစည်းအဝေးသို့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့နှင့် NCA အကောင်အထည်ဖော်ဖက်များ ဖြစ်ကြသည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ တက်ရောက်ဆွေးနွေးကြပြီး ညီနောင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဖြစ်ကြသည့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့မှလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ တတိယအကြိမ် အစည်းအဝေး (3rd NCA- S EAO Summit) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင်လေးရက်ကြာ ကျင်းပခဲ့သည်။

ရဲခေါင်ညွှန့်

အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုတွင် "အပေးအယူ" ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ ဆက်လက်ရိုက်ကူး

ရန်ကုန် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ မေ ၁၂ ရက်မှ ၁၅ ရက်အထိ Life + ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) က "အပေးအယူ" ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းအချို့ကို ဆက်လက်ရိုက်ကူးလျက်ရှိသည်။

"အပေးအယူ" ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းရိုက်ကူးရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- လှမိုး

အဆိုပါ "အပေးအယူ" ဇာတ်ကားကို ကိုလင်းထွန်းကစီစဉ်ပြီး ဇာတ်လမ်းဗျာန်သခင်၊ ဇာတ်ညွှန်း မောင်မြတ်ဆွေဖြစ်ကာ သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး ဇာတ်ဝင်ခန်းများကို အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအပါအဝင် နေပြည်တော်၊ ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရိုက်ကူးသွားမည်ဖြစ်သည်။

အဆိုပါ ဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူးမှုနှင့် ပတ်သက်၍ ဒါရိုက်တာ စတီးလ်က " ကျွန်တော်တို့ ရိုက်ရမယ့်ဇာတ်အရ အကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံးတွေပါမယ်။ ဒါတွေ အကုန်လုံးရိုက်ရဖို့အတွက် အရင်တုန်းက တစ်နေရာ၊ တစ်နေရာစီ ဖြစ်သလိုရိုက်ရတော့ အခက်အခဲတွေရှိတယ်။ အခုရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှာ စတူဒီယိုတွေဆောက်ထားပေးတော့ အကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံး ဒါတွေကို ဒီမှာဆက်တင်ဆင်လိုက်တာပါ။ တကယ်တမ်း အပြင်မှာသဘာဝကျကျ သွားရိုက်မယ်ဆိုရင် အခက်အခဲတွေ အများကြီးရှိတယ်။ သူ့ရဲ့ လုပ်ထုံးလုပ်နည်းအရ တချို့က ရိုက်သင့်တာ၊ မရိုက်သင့်တာ ရှိတယ်။ ဒီလိုမျိုးဆင်ပြီး ရိုက်ရတာ ပိုကောင်းတယ်။ ငွေကြေးကတော့ပိုကုန်သွားတာပေါ့။ ဒီအခက်အခဲတော့ရှိပါတယ်။

" စတူဒီယို (၁) မှာ အသံထိန်းနံရံအရောင်က အနက်ရောင်ဖြစ်နေတယ်။ တချို့တရားရုံးလို ခမ်းခမ်းနားနားဆင်ပြီး ရိုက်မယ်ဆိုရင် အဲဒီအထဲမှာ အဆင်မပြေဘူး။ သူကဆေးသုတ်လို့လည်း မရဘူး။ အဲဒါ ဂရေးအရောင်လောက်ဆိုရင် မဆိုးဘူး။ အဲဒါလေး နည်းနည်းပြုပြင်ပေးရင် ပိုအဆင်ပြေမယ်။ ကြမ်းခင်းဆိုရင်လည်း တော်ရုံတန်ရုံပစ္စည်းချမယ်၊ သံရိုက်မယ်၊ တူရိုက်မယ်၊ ဆက်တင်တစ်ခုဆောက်မယ်ဆိုရင် နည်းနည်းအားနာနေရတယ်။ အဲဒီအခက်အခဲတွေတော့ရှိတယ်။ Producer ဆိုတာ ပျက်ရင်လည်းလျော်ရမှာ ဖြစ်တယ်။ မီးချိန်မယ့်နေရာဆို အသေဖြစ်ပြီး အမြင့်နံရံမှာကပ်နေတယ်။ ဘယ်လိုမှ မီးချိန်ဖို့မလွယ်ဘူး။ ဒါလေးတွေကို အလျော့အတင်းလေး တစ်ခုလုပ်ပေးရင် အဆင်ပြေမယ်။

"စတူဒီယို (၂)နဲ့ (၃) က နွေရာသီမှာ ရိုက်နိုင်ဖို့မလွယ်ဘူး။ တော်တော်ပူတယ်။ ဒီအထဲမှာအဲကွန်းထည့်ပေးရင် ပိုအဆင်ပြေမယ်။ အဲကွန်းထည့်ပေးပြီး ဈေးပိုယူလိုက်ပေါ့။ ကျန်တာတွေအားလုံးကောင်းပါတယ်။ စတူဒီယို (၁)ကို ပြင်ပေးလိုက်ရင် ဒီထက်ပိုပြီး ရိုက်ရမယ်လို့ထင်ပါတယ်။ စတူဒီယို (၁) ကို နည်းနည်းလေးပြုပြင်ပေးဖို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။

အနုပညာရပ်ဝန်း ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ ရုပ်ရှင်စတူဒီယိုများကို ၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါစတူဒီယိုများကို ငှားရမ်း၍ ရုပ်ရှင်ဇာတ်ကားများ၊ တီဗွီဇာတ်လမ်းတွဲများ၊ MTV များ ရိုက်ကူးနိုင်ကြောင်း သိရသည်။

အဆိုပါ "အပေးအယူ" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် အကယ်ဒမီအေးမြတ်သူက "ဒီဇာတ်ကားမှာ အကျဉ်းထောင်မှာ နှစ်ကြာနေတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် သရုပ်ဆောင်ရပါတယ်။ ရုပ်ရှင်ဖွံ့ဖြိုးရေးစင်တာက ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ ပတ်ဝန်းကျင်ကိုလည်းအနှောင့်အယှက် မဖြစ်ဘူး။ ပတ်ဝန်းကျင်ကလည်း အနှောင့်အယှက်မရှိဘူး။ ဒီမှာရိုက်ရတာ သက်သောင့်သက်သာရှိတယ်။ ပတ်ဝန်းကျင်ရဲ့ဆူညံမှုလည်းသိပ်မရှိတော့ အဆင်ပြေတယ်။ စိတ်လွတ်ကိုယ့်လွတ် လုပ်လို့ရတယ်။ အဲဒီလိုလေး အဆင်ပြေတယ်။

" ရုပ်ရှင် ဖွံ့ဖြိုးရေးစင်တာမှာ လာရောက်ရိုက်ကူးရတာ တစ်ခုကောင်းတာက အပြင်မှာဆို လူတွေအုံတာတွေကို ရှင်းရတာမျိုး ရှိတယ်။ ဒီမှာကကိုယ့်လုပ်ငန်းခွင် တူသူတွေပဲဆိုတော့စိတ်ကို ပိုပြီးသက်သောင့်သက်သာဖြစ်စေတယ်။ မနေ့ကဆို စတူဒီယိုထဲမှာ ရိုက်တယ် အေးအေးလေးနဲ့ သက်သောင့်သက်သာ ရိုက်ရတယ်။ ကိုယ့်ရင်းနှီးတဲ့ သူတွေပဲဆိုတော့ အိုက်တင်လုပ်ရတာ ပိုပြီးအဆင်ပြေတယ်။ ဒီဖွံ့ဖြိုးရေးစင်တာကို ရုပ်ရှင်လောကသားတွေအတွက် ဒီထက်ပိုပြီး အထောက်အကူပြုနိုင်တဲ့ အရာတွေ၊ နေရာတွေ ၊ ပစ္စည်းတွေ ပိုပြီးထည့်စေချင်တယ်။ အဲဒီလိုမျိုးဆိုရင် ရုပ်ရှင်လောကသားတွေ လာမှာပါ။ အပြန်အလှန်ပဲပေါ့။ ရုပ်ရှင်လောကပိုမိုဖွံ့ဖြိုးလာတာနဲ့အမျှ ရုပ်ရှင်လောကသားတွေ ဒီကိုရောက်လာကြမှာပါ။ ကိုယ့်ရိုက်မယ့် ဇာတ်ဝင်ခန်းနဲ့ ကိုယ့်လုပ်မယ့်အလုပ်နဲ့ သဟဇာတဖြစ်ရင် ရောက်လာကြမှာပဲ" ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စတူဒီယိုများအား ငှားရမ်းအသုံးပြုလိုပါက တစ်ဂျူတီလျှင် (နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ) စတူဒီယို (၁) ၌ ငွေကျပ်နှစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ စတူဒီယို (၂) နှင့် (၃) တွင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် လည်းကောင်း၊ ရုပ်ရှင်မြှင့်တင်ရေး ခြံဝင်းအတွင်း ရိုက်ကူးလိုပါကလည်း ငွေကျပ်ငါးသောင်းနှုန်းဖြင့် လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။ ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အရည်အသွေးမြင့် 2K,4K ရုပ်ရှင်ဇာတ်ကားများ၊ MTV များ၊ ကြော်ငြာများ၊ Documentary ဇာတ်ကားများ ရိုက်ကူးနိုင်ရန် Sony PMW F-5 CineAlta Camera များ ဆက်စပ်ပစ္စည်းများ၊ Camera Zoom / Prime Lens အမျိုးမျိုးကိုလည်း ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

ရုပ်ရှင်ရိုက်ကူးလိုသူများ အနေဖြင့် ဖုန်း ၀၁- ၅၃၄၅၇၄ ၊ ၀၉-၄၂၅၀၂၁၅၄၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဝင်းမီမီ

မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   )
၁၃၈၁ ခုနှစ်၊   လ၊   ရက်
(၂၀၁၉ ခုနှစ်၊   လ၊   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဘူမိသိပ္ပံပညာ** ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့်သက်ဆိုင်သော ဖြစ်ပေါ်လာခြင်း၊ ဖွဲ့စည်းထားခြင်း၊ အချိန်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်နေခြင်းနှင့် လှုပ်ရှားခဲ့မှုများ၊ နေထိုင်ခဲ့သော သက်ရှိများ၊ မျက်နှာပြင် အသွင်အပြင် အစရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသော ပညာရပ်ဖြစ်ပြီး ၎င်းလေ့လာမှုမှ တွေ့ရှိချက်များကိုအခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက်လေ့လာခြင်းနှင့် ရရှိလာသော အသိပညာများကိုအသုံးပြုကာ လူသားအရင်းအမြစ်များအတွက် သဘာဝသယံဇာတများ ဖော်ထုတ်ခြင်း၊ စက်မှုကုန်ကြမ်းများ ရှာဖွေဖော်ထုတ် ခြင်း၊ ရေအရင်းအမြစ်များ ထိန်းသိမ်းစီမံခန့်ခွဲခြင်းနှင့် အဆောက်အအုံများ၏ ခိုင်ခံ့မှုများအတွက် ဘူမိအင်ဂျင်နီယာဆိုင်ရာ လေ့လာတွက်ချက်ခြင်း စသည့်အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

(ခ) **အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်** ဆိုသည်မှာ ဘူမိဗေဒပညာရပ်ကို အခြေခံပြီး အခြားသောသိပ္ပံပညာရပ်များနှင့်ပေါင်းစပ်၍ လူသားတို့ အကျိုးအတွက် သတ္တုနှင့် တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ စီးပွားဖြစ် မြေအောက်ရေတူးဖော်ခြင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာ လေ့လာစစ်ဆေးအကြံပေးခြင်း၊ အဆောက်အအုံ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ တည်ဆောက်ရာတွင် မြေသားခံနိုင်ဝန်အား စမ်းသပ်တိုင်းတာခြင်း စသည့်လုပ်ငန်းများတွင် အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံဆိုင်ရာပညာရပ်များကို ဆိုသည်။

(ဂ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤ ဥပဒေပါလုပ်ငန်းတာဝန်များကို တာဝန်ခံ ဆောင်ရွက်ရမည့် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးအပ်မည့် ပြည်ထောင်စုအစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများကို ဆိုသည်။

(င) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီကို ဆိုသည်။

(စ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဇ) **အလုပ်အမှုဆောင်အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဈ) **ဘူမိသိပ္ပံပညာရှင်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိသူကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်အလုပ်သင် ဘူမိသိပ္ပံပညာရှင်၊ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်တို့ကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ်မြှင့်တင်ရန်၊

(ဂ) နိုင်ငံတော်၏သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် မြေအောက်ရေရှာဖွေရေးကဏ္ဍများတွင် ခေတ်မီဘူမိသိပ္ပံပညာရပ်များကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

(စ) နိုင်ငံတကာအဆင့်မီ ဘူမိသိပ္ပံပညာရပ်သင်တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန်၊

(ဆ) နိုင်ငံတကာရှိ အလားတူ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန်အသိအမှတ်ပြုမှု ရယူနိုင်ရန်။

အခန်း(၃)
ကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် ၇ ဦး ထက်မပိုသော မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ ကောင်စီ၏နာယကအဖွဲ့သည် အဖွဲ့ဝင် ၅၅ ဦးပါဝင်သော မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီကို သတ်မှတ်ချက်များနှင့်အညီ ပုဒ်မခွဲ (က) နှင့် (ခ) ပါ အဖွဲ့အစည်းမှ ၁၅ ဦးစီနှင့် ပုဒ်မခွဲ (ဂ) ပါ အဖွဲ့အစည်းမှ ၂၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေး ရမည်-

(က) တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊

(ခ) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခအဆင့်ထက်မနိမ့်သော တာဝန်ရှိသူများ၊

(ဂ) အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော ကျွမ်းကျင်ဘူမိသိပ္ပံ ပညာရှင်များ။

၆။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ၅ နှစ် ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ထမ်းဆောင်ခွင့် ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်အဖြစ် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ်နည်းလမ်းနှင့် အညီ ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားသော သက်တမ်းကို ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ သက်တမ်းတစ်ခုအဖြစ် သတ်မှတ်ခြင်း မရှိစေရ။

(စ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၅ အရ အသစ်ဖွဲ့စည်းသည့် ကောင်စီသို့ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းတာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

အခန်း(၄)
အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း

၇။ ကောင်စီ၏နာယကအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ပုဒ်မ ၁၁ ပါ အရည်အချင်း များနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်ခန့်အပ် တာဝန်ပေးရမည်။ ကျန်ကောင်စီဝင်များက ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးတို့ကို သတ်မှတ်ချက်များ နှင့်အညီ မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်၍ တာဝန်ပေးအပ်ရမည်။

၈။ ကောင်စီသည် မိမိ၏ကိုယ်စား ဤဥပဒေနှင့်အညီ ကောင်စီ၏လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က)	ဘူမိသိပ္ပံကောင်စီ၏ ဥက္ကဋ္ဌ	ဥက္ကဋ္ဌ
(ခ)	ဘူမိသိပ္ပံကောင်စီ၏ ဒုတိယဥက္ကဋ္ဌ	ဒုတိယဥက္ကဋ္ဌများ
(ဂ)	ဘူမိသိပ္ပံကောင်စီ အတွင်းရေးမှူး	အတွင်းရေးမှူး
(ဃ)	ဘူမိသိပ္ပံကောင်စီ၏ တွဲဖက်အတွင်းရေးမှူး	တွဲဖက်အတွင်းရေးမှူးများ
(င)	ဘူမိသိပ္ပံကောင်စီ၏ ဘဏ္ဍာရေးမှူး	ဘဏ္ဍာရေးမှူး
(စ)	ဘူမိသိပ္ပံကောင်စီ၏ အလုပ်အမှုဆောင် (၈)ဦး	အဖွဲ့ဝင်

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ်မှုရှိပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ် တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ကောင်စီကို တာဝန်ခံရမည်။

(ခ) ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(ဂ) မိမိ၏ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပသည့် အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်နှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အချိန်ပြည့် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုရှိပြီး ဦးဆောင် စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။

(ဃ) ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများကို နှံ့စပ်ကျွမ်းကျင်၍ လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာဘွဲ့ရရှိသူဖြစ်ရမည်။

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန် အောက်ပါလုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေး လုပ်ငန်းကော်မတီ၊

(ခ) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဂ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊

(ဃ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံနှုန်းများ စိစစ်ရေးလုပ်ငန်းကော်မတီ၊

(င) ကျင့်ထုံးများ ပြုစုရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းကော်မတီ၊

(စ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများ အရည်အသွေး စစ်ဆေးအသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(ဆ) ခေတ်မီဘူမိသိပ္ပံပညာရပ်များနှင့် အသုံးချဘူမိသိပ္ပံပညာရပ်များ သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းကော်မတီ၊

(ဇ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

၁၃။ ကောင်စီသည် လုပ်ငန်းကော်မတီများကို ကောင်စီဝင်များနှင့် ပြင်ပမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရမည်။

၁၄။ လုပ်ငန်းကော်မတီများသည် အလုပ်အမှုဆောင်အဖွဲ့မှတစ်ဆင့် ကောင်စီကို တာဝန်ခံရမည်။

အခန်း(၅)
ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၅။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းပြည်ပရှိ ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လိုအပ်သည့်အရည်အချင်း များ သတ်မှတ်ခြင်း၊ သတ်မှတ်သည့် အရည်အချင်းပြည့်မီရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းစစ်ဆေး ခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသည့် ဘူမိသိပ္ပံပညာရပ်ဆိုင်ရာလုပ်ငန်းများ သတ်မှတ်ခြင်း၊ လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဃ) ဘူမိသိပ္ပံပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်း များကို သတ်မှတ်ပြဋ္ဌာန်းခြင်း၊

(င) မှတ်ပုံတင်လက်မှတ်များထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိ ခြင်းနှင့် အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(စ) ဘူမိသိပ္ပံပညာရှင်များ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာမြင့်မား လာရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဆ) အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အလို့ငှာ ဘူမိသိပ္ပံပညာရပ်များဆိုင်ရာ စံချိန်စံညွှန်း၊ လုပ်ငန်းဆိုင်ရာအခြေ စံနှုန်းနှင့် ကျင့်ထုံးများကို တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ အကူအညီရယူ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဇ) နိုင်ငံတော်အစိုးရ၏ တောင်းဆိုချက်အရ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းဌာနအဖွဲ့အစည်းများက ဆောင်ရွက်နေသော ဘူမိသိပ္ပံ ပညာရပ်ဆိုင်ရာလုပ်ငန်းများကို လိုအပ်သလို စိစစ်ကြီးကြပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဘူမိသိပ္ပံပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် စာတွေ့ လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ ညီလာခံများကို အခါအားလျော်စွာ ကြီးမှူးကျင်းပပေးခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့တွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သောက်သုံးရေဖြန့်ဖြူးနေမှုများအား ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၁၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီး ဦးဝင်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေ ၄ နာရီတွင် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ စန္ဒသူရိယလမ်း (အပိုင်း - ၁) ကွန်ကရစ်လမ်းခင်းခြင်းနှင့် လမ်းဝဲယာအုတ်ရေမြောင်း ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်း အပိုင်း - ၁ သည် အရှည် ၂၈၇၅ ပေ၊ အကျယ် ၁၈ ပေနှင့် ထု ရှစ်လက်မရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ကုန်သည်လမ်း၊ အေးသာယာလမ်း၊ ဂေါက်ကွင်းလမ်းနှင့် မင်းဗာကြီးလမ်းတို့တွင် သောက်သုံးရေဖြန့်ဖြူးပေးဝေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု သောက်သုံးရေဖြန့်ဖြူးပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

ရွှေစက်တော် ဘေးမဲ့တောအတွင်း ရေကန်များ ရေခန်းခြောက်မှုများ ဖြစ်ပေါ်နေသော်လည်း တိရစ္ဆာန်များအတွက် ကန်ရေဖြည့်ပေးလျက်ရှိ

မကွေး မေ ၁၄

ပူပြင်းခြောက်သွေ့မှုကြောင့် ရွှေစက်တော် ဘေးမဲ့တောအတွင်းရှိ ရေကန်များ ရေခန်းခြောက်မှုများ ဖြစ်ပေါ်နေသော်လည်း ဘေးမဲ့တောအတွင်းရှိ ရွှေသမင်များအပါအဝင် တိရစ္ဆာန်များအတွက် သစ်တောဦးစီးဌာနမှ ကန်ရေဖြည့်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"နှစ်စဉ်နှစ်တိုင်း ရာသီဥတု ပူပြင်းခြောက်သွေ့ရင် ဘေးမဲ့တောထဲက ရေကန်တွေ ရေခန်းခြောက်မှု ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒီလိုဖြစ်ပေါ်ရင် ကျွန်တော်တို့ဌာနက ဘေးမဲ့တောထဲက တိရစ္ဆာန်တွေအတွက် ကန်တွေထဲကို ရေဖြည့်ပေးရပါတယ်။ ရေကန်တွေအားလုံးကိုတော့ ရေဖြည့်လို့မရပါဘူး။ ကားဝင်လို့ရတဲ့ ရေကန်တွေကိုပဲ ရေဖြည့်ပေးပါတယ်" ဟု မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းလွင်က ပြောသည်။

ရေရှည်စီမံကိန်း ရေးဆွဲမည်

သစ်တောဦးစီးဌာနအနေဖြင့် ရွှေစက်တော် ဘေးမဲ့တောအတွင်း ပူပြင်းခြောက်သွေ့မှုကြောင့် ရေကန် ရေခန်းခြောက်မှုအတွက် ရေကန်ရေဖြည့်ခြင်းလုပ်ငန်းများကို ရေတိုအနေဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်အတွက် ၁၀ နှစ်စီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေခန်းခြောက်ချိန်မှာ ရေဖြည့်ပေးတာကတော့ ရေတို ဆောင်ရွက်မှုပါ။ ရေရှည်အနေနဲ့ ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ ဒီဧရိယာအတွက် ၁၀ နှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်သွားဖို့ ဌာနကို တင်ပြထားပါတယ်။ အတည်ပြုချက်ရရင် ၂၀၁၉-၂၀၂၀ ကစပြီး ၂၀၂၈-၂၀၂၉ အထိ အကောင်အထည်ဖော်သွားမှာပါ။ နှစ်တိုင်းလည်း ဒီပြဿနာလေးတွေက ကြုံတွေ့ရပါတယ်။

တစ်ဖက်ပိတ်ဆည် တည်ဆောက်ထား

"ရွှေစက်တော် ဘေးမဲ့တောထဲမှာ မိုးရေစုထားတဲ့ ရေကန် ကိုးကန် ရှိပါတယ်။ ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့ တစ်ဖက်ပိတ် တမံဆည်တစ်ခု တည်ဆောက်ထားတာလည်း ရှိပါတယ်။ ဒီဆည်ထဲမှာ ရေအနက်သုံးပေလောက် ကျန်ပါသေးတယ်။ ဒီရေနဲ့ သဘာဝတောထဲမှာ ကျက်စားတဲ့ တိရစ္ဆာန်တွေအတွက် မလုံလောက်ပါဘူး။ ရွှေသမင်တွေကလည်း ပျံ့နှံ့ကျက်စားတာ ဖြစ်တဲ့အတွက် ဒီဘက်ကို မလာတာမျိုးရှိပါတယ်။ ဒီဘက်မှာ ကျက်စားလာတဲ့ အကောင် ငါးရာလောက်တော့ ဒီဆည်ကို မှီခိုလို့ရပါတယ်။

"အရင်က တပ်မတော်က ဝါစိုက်တဲ့နေရာတွေမှာ ရေသွင်းမြောင်းတွေ ရှိတယ်။ ပြီးတော့ ကွင်းပြောင်ကျယ်ကျယ်လည်းရှိတော့ ရွှေသမင်တွေက အဲဒီဘက်မှာ ကျက်စားပါတယ်။ အခုတော့ တပ်မတော်က ဝါစိုက်တာ နည်းသွားတဲ့အတွက် အဲဒီဘက် ကားဝင်လို့ရတဲ့ ရေကန်နှစ်ကန်ကို ဧပြီလဆန်းကစပြီး ရေဖြည့်ပေးနေပါတယ်။

"ရွှေစက်တော် ဘေးမဲ့တောထဲမှာ ကားဝင်လို့ရတာ ရေကန်တစ်ကန်ပဲရှိပါတယ်။ ကျန်တဲ့ ခြောက်ကန်က ကားလမ်းမပေါက်တော့ ရေဖြည့်လို့ မရပါဘူး။ ဒီရေကန် သုံးကန်ထဲက ကျောက်ဖြူကန်ကို မတ်လတတိယပတ်ကစပြီး ရာသီဥတုနဲ့ ကန်ထဲမှာရှိတဲ့ ရေအခြေအနေအပေါ်မူတည်ပြီး ရေဖြည့်နေပါတယ်" ဟု ဘေးမဲ့တောအတွင်းရှိ ရွှေသမင်များအပါအဝင် တိရစ္ဆာန်များအတွက် သစ်တောဦးစီးဌာနမှ ကန်ရေဖြည့်ပေးခြင်း ဆောင်ရွက်မှုအပေါ် ဦးအုန်းလွင်က ရှင်းပြသည်။

ရေဖြည့်ဖို့ ငွေလှူ

"ကျွန်တော်တို့ နယ်မြေကွင်းဆင်းတဲ့အခါ ရေကန်တွေက တခြားနှစ်တွေထက်ကို ပိုပြီး ခန်းခြောက်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ အဖွဲ့တွေက တပ်မတော် စိုက်ပျိုးရေးတပ်ကို အကူအညီတောင်းပါတယ်။ သူတို့မှာ ကားရှိတဲ့အတွက် အကူအညီပေးပြီး ရေဖြည့်ပါတယ်။ အဲဒါကို ကျွန်တော်တို့က လူမှုကွန်ရက် ဖေ့စ်ဘုတ်တင်တဲ့အခါ သိတဲ့သူတွေ များသွားပါတယ်။ လှူပါရစေဆိုပြီး ပြောလာကြပါတယ်။ အဲဒါနဲ့ ရေဖြည့်ဖို့ ပိုက်ဆံတွေကို ကျွန်တော့်ဆီကို Wave Money က လွှဲပေးကြပါတယ်။ တစ်နေ့တည်းတင် ၁၀ သိန်းကျော်သွားပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း ပါဝင်လှူဒါန်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က တောထဲမှာ နေတာဖြစ်တဲ့အတွက် ဒီအလှူငွေတွေကို သေချာစိစစ်ပြီး စနစ်တကျလုပ်ကိုင်ဖို့ အဖွဲ့ မဖွဲ့ရသေးတော့ မလှူကြပါနဲ့တော့ဆိုပြီး ပိတ်ရပါတယ်။ သေချာဆောင်ရွက်နိုင်ဖို့ Bank Account ဖွင့်ပြီး အဖွဲ့နဲ့ ဆောင်ရွက်နိုင်အောင်တော့ စီစဉ်သွားဖို့ရှိပါတယ်" ဟု ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

ယခုနှစ် ဧပြီလဆန်းတွင် ရွှေစက်တော် ဘေးမဲ့တောအတွင်းရှိ ရွှေသမင်ကောင်ရေ ကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ရွှေစက်တော် ဘေးမဲ့တောအတွင်း ရွှေသမင်ကောင်ရေ ၉၅၂ ကောင် ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ရှားပါးမျိုးစိတ် ရွှေသမင်

"ရွှေသမင်ကို အဓိကထားပြောတယ်ဆိုတာက ရွှေစက်တော် ဘေးမဲ့တောအတွက် ရွှေသမင်တွေက တန်ဖိုးအရှိဆုံးလို ဖြစ်နေလို့ပါ။ ရွှေသမင်မျိုးစိတ်က မြန်မာမှာ၊ ကမ္ဘာမှာ ရှားပါးတဲ့ မျိုးစိတ်ဖြစ်လို့ပါ။ မြန်မာနိုင်ငံမှာ ချပ်သင်း ဘေးမဲ့တောနဲ့ ရွှေစက်တော ဘေးမဲ့တောမှာသာ ရှိတဲ့ မျိုးစိတ်မို့ပါ" ဟု ဦးအုန်းလွင်က ပြောပြသည်။

ထို့ပြင် ရွှေစက်တော် ဘေးမဲ့တောအတွင်းရှိ ကြယ်လိပ် မွေးခါစ အကောင်ငယ်များ သေဆုံးမှုလည်းရှိကြောင်းသိရပြီး ထိုသို့ သေဆုံးရခြင်းမှာ အပူလွန်ကဲမှုကြောင့်ဖြစ်သည်ဟု WCS မှ လိပ်ပညာရှင်က သုံးသပ်ထားကြောင်း သိရသည်။

"ရွှေစက်တော် ဘေးမဲ့တောထဲက ကြယ်လိပ်ကလေးတွေ သေဆုံးမှုလည်း ရှိပါတယ်။ လိပ်ခြံက အကောင်ငယ်လေးတွေပါ။ အကောင်ငယ်လေးတွေက မွေးမွေးချင်း ကျောက်တည်ရောဂါနဲ့ သေဆုံးကြတာ ဖြစ်ပါတယ်။ လိပ်ပညာရှင်တွေ ဥထဲမှာ သန္ဓေတည်ချိန်က ရာသီဥတုပူပြင်းတဲ့ အချိန်ဖြစ်နေတော့ ရေဓာတ်ခန်းခြောက်တာကြောင့် ဖြစ်တယ်လို့ သုံးသပ်ပါတယ်။ တောထဲကို ပြန်လွှတ်တဲ့အထဲကလည်း သေဆုံးတာရှိပါတယ်။ နွေရာသီပူပြင်းခြောက်သွေ့တော့ တောထဲမှာ ကြယ်လိပ်တွေကိုတော ခွေးတွေက အလွယ်တကူ ရှာတွေ့ပြီး တောခွေးတွေက စားလို့ သေဆုံးတာမျိုး ဖြစ်ပါတယ်" ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ရွှေစက်တော် ဘေးမဲ့တော ဧရိယာသည် ၁၁၄၆၇၈ ဧက ကျယ်ဝန်းကြောင်းသိရှိရပြီး အဆိုပါ ဘေးမဲ့တောအတွင်း ကင်မရာထောင်ချောက်များ တပ်ဆင်ကာ ရွှေသမင်အပါအဝင် တိရစ္ဆာန်များ သွားလာကျက်စားနေထိုင်မှုကို သစ်တောဦးစီးဌာနမှ လေ့လာစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ရှင်မင်း

ရွှေစက်တော် ဘေးမဲ့တောအတွင်း ရေကန်များအတွင်း ရေဖြည့်သွင်းပေးနေမှုကို တွေ့ရစဉ်။

တောင်ဒဂုံစက်မှုဇုန်တွင် Transformer ထုတ်လုပ်မှုအား ဂျပန်ရိုက်ကူးရေးအဖွဲ့များ မှတ်တမ်းရိုက်ကူး

ရန်ကုန် မေ ၁၄

ဂျပန်နိုင်ငံမှ ရှစ်ဦးပါ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံ စက်မှုဇုန်ရှိ Transformer ထုတ်လုပ်မှုလုပ်ငန်းခွင်သို့ လာရောက်ပြီး သတင်းမှတ်တမ်းရိုက်ကူးသည်။

သတင်းမှတ်တမ်းရိုက်ကူးရေးအဖွဲ့သည် Transformer ထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အား ရိုက်ကူးခြင်း၊ တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းခြင်းများ အပြင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကုလားဝဲကျေးရွာအုပ်စုရှိ ထော်သွန်ကျေးရွာသို့လည်းသွားရောက်ပြီး လျှပ်စစ်ဓာတ်အားဖြင့် လူသုံးကုန်ပစ္စည်းများ အသုံးပြုနေမှု လုပ်ငန်းများဆောင်ရွက်နိုင်မှုတို့ကိုလည်း မေ ၁၀ ရက်မှ ၁၅ ရက်အတွင်း ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာတွင် Hitachi တံဆိပ်ပါပစ္စည်းများ သုံးစွဲမှုကိုလည်း လှည့်လည်ရိုက်ကူးပြီး ဖြစ်ကြောင်းနှင့် တည်းဖြတ်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇွန်လအတွင်း ဆောင်ရွက်ပြီး ဇူလိုင်လတွင် Youtube မှတစ်ဆင့် Online တွင် ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Transformer ထုတ်လုပ်မှုကိုဂျပန်နိုင်ငံ Hitachi ကုမ္ပဏီလီမိတက်နှင့် Hitachi Soe Electric & Machinery ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းထုတ်လုပ်နေခြင်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရာနှုန်းပြည့်ရရှိရေးစီမံချက်မှ ကျေးလက်ဒေသ မီးလင်းရေးကဏ္ဍအတွက် 11KV ဓာတ်အားလိုင်းမှ နှစ်မိုင်ခန့်အကွာအဝေးရှိ ကျေးရွာပေါင်း ၅၀၈၀ တွင် Transformer ၅၃၈၉ လုံး တပ်ဆင်ရန် တင်ဒါအောင်မြင်ထားရှိရာ ယခုအခါ Transformer ၄၄၀၀ ကျော် ပေးသွင်းထားပြီးဖြစ်ကြောင်း သိရသည်။

မှတ်တမ်းရုပ်ရှင်အပါအဝင် ရုပ်ရှင်ဇာတ်ကားရိုက်ကူးရေးဆိုင်ရာ ဖြေလျှော့မှုများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ယခုနှစ် ဧပြီ ၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ ပြည်ပမှ ကုန်ပစ္စည်းထုတ်လုပ်မှုကြော်ငြာရိုက်ကူးမှုများ အပါအဝင် မှတ်တမ်းရိုက်ကူးမှုများနှင့် ရုပ်ရှင်ဇာတ်ကားကြီးများ လာရောက်ရိုက်ကူးမှုအရေအတွက်မှာ ပိုမိုများပြားလာကြောင်း သိရသည်။

သတင်းစဉ်

ဂျပန်ရိုက်ကူးရေးအဖွဲ့များ Transformer ထုတ်လုပ်မှုလုပ်ငန်းခွင်တွင် လုပ်ငန်းလည်ပတ်မှုများကို သတင်းမှတ်တမ်းရိုက်ကူးစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကနီမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများပေးအပ်

ကနီ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ အုပ်စုတွင် မေ ၁၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကနီမြို့နယ်အတွင်း လေဘေးသင့်သော ဝရာရွာ၊ ရသယာရွာ၊ ပလ္လင်ရွာတို့သို့ ပျက်စီးမှုအခြေအနေများကို မေ ၁၄ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားပေးစကား ပြောကြားခဲ့ကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်

ကနီမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ လူနေအိမ် ၇၀၀ ခန့် ထိခိုက်ပျက်စီးခဲ့သည့်အတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများနှင့် ငွေကျပ် သိန်း ၃၀၀ ကျော်ကို ဝန်ကြီးချုပ်နှင့်အဖွဲ့က ဒေသခံပြည်သူများ လက်ဝယ် အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ထွန်းကိုကို(ယင်းမာပင်)

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ တောင်ပိုင်းမြို့နယ်တို့ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့

ရန်ကုန် မေ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၁၀၈)ရပ်ကွက်၊ အမှတ်(၁၁၈)ရပ်ကွက်နှင့် အမှတ်(၁၃၀)ရပ်ကွက်တို့တွင် မေ ၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်ခဲ့ရာ အိမ်ခြေ ၂၀ ပျက်စီးဆုံးရှုံးခဲ့သည်။

ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၂၀ လူဦးရေ ၈၅ ဦး လေဘေးသင့်ခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ မေ ၁၁ ရက် နံနက်ပိုင်းက အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးများအား မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ လေဘေးသင့်ပြည်သူများထံသို့ သွားရောက်ထောက်ပံ့ခဲ့သည်။

ထို့အပြင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂၆)ရပ်ကွက်တွင်လည်း မေ ၈ ရက် ည ၈ နာရီခန့်တွင် လေပြင်းတိုက်ခတ်ခဲ့ရာ အိမ်ခြေ ၁၁ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ ပျက်စီး ဆုံးရှုံးခဲ့သော အိမ်ထောင်စု ၁၁ စု လူဦးရေ ၇၄ ဦးမှာလည်း လေဘေးသင့်ခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးက မေ ၁၁ ရက် မွန်းလွဲပိုင်း၌ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးများအား လေဘေးသင့် ပြည်သူများထံသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်၍ ထပ်မံထောက်ပံ့ပေးအပ်ခဲ့ကြောင်း အဆိုပါဦးစီးရုံးမှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မြို့နယ်အချို့၌ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် အဆောက်အအုံများပျက်စီး

ပခုက္ကူ

ပခုက္ကူမြို့နယ် ကွန်းရွာအုပ်စု ကျေးရွာခုနစ်ရွာတွင် မေ ၁၃ ရက် ညနေ ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် စာသင်ကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့နယ် ကွန်းရွာအုပ်စုအတွင်းရှိ ဆင်မင်း၊ ကွန်းရွာ၊ ရေလယ်သောင်၊ မြင်းကျွန်း၊ လေးလံကျွန်း၊ ချောက်ဦးသား၊ ကျွန်းပုလု ကျေးရွာများတွင် လူနေအိမ် ၁၀၃ လုံးနှင့် စာသင်ကျောင်းတစ်ကျောင်း ပျက်စီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မေ ၁၃ ရက်ညနေ ၄ နာရီခွဲခန့်က မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် မလယ်ကျေးရွာ၌ လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီး၍ နေအိမ်တစ်လုံးမှာ သစ်ကိုင်းကျိုးကျကာ နေအိမ်တစ်ခြမ်း ပြိုကျပျက်စီးသွားကြောင်း မလယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထွန်းထံက သိရသည်။ အဆိုပါနေအိမ်များအား ကျေးရွာပြည်သူများက ဝိုင်းဝန်းကူညီရှင်းလင်းပေးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မိတ္ထီလာ

မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စု ထန်းတောကျေးရွာတွင် မေ ၁၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်ရှစ်လုံးနှင့် ကျေးရွာဘုန်းကြီးကျောင်း မီးစက်ခန်းနှင့် စောင်းတန်းသွပ်များ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ညနေ ၄ နာရီ မိနစ် ၄၀ လောက်မှာ လေပြင်းတိုက်ခတ်မှုကြောင့် ထန်းတောကျေးရွာက လူနေအိမ်ရှစ်လုံး၊ ဘုန်းကြီးကျောင်း မီးစက်အဆောက်နဲ့ စောင်းတန်းအမိုးတွေ ပျက်စီးမှုဖြစ်ပွားခဲ့တာပါ။ လူနဲ့တိရစ္ဆာန်တွေ သေကျေပျက်စီးမှုတော့ မရှိခဲ့ပါဘူး"ဟု မွေအုပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇော်က ပြောသည်။

ချမ်းသာ (မိတ္ထီလာ)

နွားထိုးကြီး

နွားထိုးကြီးမြို့နယ် ကျေးရွာ ၁၂ ရွာတွင် မေ ၁၃ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မိုးရွာခဲ့၍ နေအိမ်ခုနစ်လုံးပြိုပြီး နေအိမ် ၈၈ လုံး အမိုးလန်ကြောင်း၊ ထို့အပြင် နေအိမ်တစ်လုံး အကာအရံပျက်စီးကာ မိုးကြိုးပစ်ရာမှ တဲတစ်လုံး မီးလောင်ကြောင်း၊ စာသင်ကျောင်း သုံးကျောင်း၊ သာသနိကအဆောက်အအုံ လေးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်တိုင် ၁၉ တိုင် ကျိုးလဲခဲ့ကြောင်း သိရသည်။

ထို့အပြင် ဝက်လူးရွာ မီးသတ်စခန်း အမိုးလန်ပျက်စီးပြီး ပဲချက်ကျေးရွာတွင် မိုးကြိုးပစ်ရာမှ တဲတစ်လုံး မီးလောင်ခဲ့သည်။ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မျိုးနှမ်း၊ မျိုးမြေပဲများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးခြင်း မရှိကြောင်း သိရသည်။

ဋ္ဌေးမြင့်မောင်

ပုလဲ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း မေ ၁၃ ရက် ညနေ ၆ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စေတီ၏ထီးတော်၊ စိန်ဖူးတော်မြေခြင်း၊ ကွန်ကရစ်မီးတိုင်များ လဲကျပျက်စီးခြင်းနှင့် လူနေအိမ်များ သွပ်မိုးလန်၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်အတွင်း မေ ၁၃ ရက် ညနေ ၆နာရီက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် အင်ကြင်းစုကျေးရွာတွင် ဉာဏ်တော် ပေ ၂၀ ရှိ စေတီတစ်ဆူနှင့် ဉာဏ်တော် ၃၅ ပေရှိ စေတီတစ်ဆူ၏ ထီးတော်နှင့် စိန်ဖူးတော်မြေခြင်း၊ ကျွန်းဘို ကုန်းကျေးရွာတွင် ကွန်ကရစ်မီးတိုင် ၂၆ တိုင် လဲကျပျက်စီးခြင်း၊ ဇေတီယျံကျေးရွာတွင် ကွန်ကရစ်မီးတိုင်နှစ်တိုင် လဲကျပျက်စီးခြင်း၊ ဇောင်ဂျမ်းကုန်းကျေးရွာတွင် လူနေအိမ် လေးလုံး သွပ်မိုးလန်၍ ပျက်စီးခြင်း၊ နွယ်ရှောက်ကျေးရွာတွင် လူနေအိမ် ၁၇ လုံး သွပ်မိုးလန်၍ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

ဟာဇက် ရီးရဲမက်ဒရစ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ဖွယ်ရှိ

ချယ်လ်ဆီးအသင်းမှ အသက်(၂၈ နှစ်)အရွယ် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဟာဇက်အနေဖြင့် ယူရိုပါလိဂ်ဗိုလ်လုပွဲပြီးဆုံးပါက ရီးရဲမက်ဒရစ်အသင်းသို့ ပေါင် ၈၆ သန်း ဖြင့် အပြီးသတ်ပြောင်းရွှေ့ဖွယ်ရှိကြောင်း ပြင်သစ်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

အက်သလက်တီကို မက်ဒရစ်အသင်း ဂရစ်ဇ်မန်းနှင့် တွေ့ဆုံသွားဖွယ်ရှိ

အက်သလက်တီကို မက်ဒရစ်အသင်းသည် ယခုသီတင်းပတ်တွင် ပြင်သစ်တိုက်စစ်ကစားသမား ဂရစ်ဇ်မန်းနှင့် တွေ့ဆုံဆွေးနွေးသွားဖွယ်ရှိကြောင်း၊ အသက်(၂၈နှစ်) အရွယ် အဆိုပါ ကစားသမားအနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားမည်ကို စိုးရိမ်နေကြောင်း စပိန်အခြေစိုက် သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

တော့တင်ဟမ်အသင်း ဆီဆက်ဂ်နွန်အား ခေါ်ယူရန် နီးစပ်လာ

တော့တင်ဟမ်အသင်းသည် ဖူလ်ဟမ်အသင်းမှ အသက် (၁၈ နှစ်)အရွယ် အင်္ဂလန် ယူ-၂၁ ဘယ်ခံစစ်ကစားသမား ဆီဆက်ဂ်နွန်အား ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

မန်ယူအသင်း အဓိကခေါ်ယူမည့် ကစားသမားမှာ ကူလီဘာလီ ဖြစ်

မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းတို့ အဓိကခေါ်ယူမည့် ကစားသမားမှာ နာပိုလီအသင်းမှ ဆီနီဂေါဗဟိုခံစစ်ကစားသမား ကူလီဘာလီ (၂၇နှစ်) ဖြစ်ကြောင်း မေးရာတွင် ဖော်ပြထားသည်။ ထို့အပြင် မန်ယူအသင်းသည် လိုင်လီအသင်းမှ အိုင်ဗရီကို့စ် တောင်ပံကစားသမား ပီပီ (၂၃နှစ်) အား ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း မေးရာတွင် ဖော်ပြထားသည်။

ရှယ်လ်ဗေး အသင်းမှ ထွက်ခွာရန် စဉ်းစားသွားဖွယ်ရှိ

နယူးကာဆယ်နှင့် အင်္ဂလန်ကွင်းလယ်ကစားသမား ရှယ်လ်ဗေး (၂၇နှစ်) သည် အသင်းမှ ထွက်ခွာရန် စဉ်းစားသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

လာမည့်ရာသီ ရီးရဲမက်ဒရစ်အသင်း၏ အစီအစဉ်တွင် နာဗက်စ်မပါဝင်

ရီးရဲမက်ဒရစ်အသင်းသည် လာမည့်ရာသီ ၎င်းတို့အစီအစဉ်တွင် မပါဝင်တော့ကြောင်း ကော့စတာရီကာ ဂိုးသမားဖြစ်သူ နာဗက်စ် (၃၂နှစ်) အား ပြောကြားလိုက်သည်။

ရီးရဲမက်ဒရစ်အသင်း ဘေးလ်အား အငှားခေါ်ယူရန် တော့တင်ဟမ်အား ကမ်းလှမ်း

ရီးရဲမက်ဒရစ်အသင်းသည် ဂါးရက်ဘေးလ်အား ပေါင် ၁၀ သန်းဖြင့် အငှားခေါ်ယူနိုင်မည့် အခွင့်အရေးတစ်ရပ်အား တော့တင်ဟမ်အသင်းသို့ ကမ်းလှမ်းလိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

အောင်ဇော်

❂ *ကျောဖုံးမှ*

ငွေကြယ်ပွင့်အသင်းမှာလည်း ပထမအဆင့်တွင် MNL ကလပ်ကို အနိုင်ရလာသောကြောင့် Southern အသင်းအနေဖြင့် အာရုံစိုက်ကစားရမည်ဖြစ်သည်။

ကွာတားဖိုင်နယ်သို့ တိုက်ရိုက်ကစားခွင့်ရထားသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းအပါအဝင် ဒုတိယအဆင့်မှ တက်ရောက်လာသည့် ရတနာပုံ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ မကွေးနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၁၉၊ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

နွေရာသီ အသက် ၁၉ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ လားရှိုးကိုးကန့်လူငယ်အသင်း တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် မေ ၁၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် နွေရာသီဖိတ်ခေါ် အလွတ်တန်းနှင့် အသက် ၁၉ နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘော ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ဗိုလ်လုပွဲ၌ အသက် ၁၉ အောက် အမျိုးသားပြိုင်ပွဲတွင် လားရှိုးကိုးကန့်လူငယ်အသင်းက မွန်လူငယ်အသင်းကို ၆၂-၆၄ ဖြင့် အနိုင်ရရှိသွားပြီး အလွတ်တန်း အမျိုးသားပြိုင်ပွဲ၌ KTA Team (B) အသင်းကို Spit Fire အသင်းက ၅၅-၆၂ ဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲများအပြီး အသင်းလိုက် အသက် ၁၉ နှစ်အောက် အလွတ်တန်း အမျိုးသား အမျိုးသမီးအသင်း ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံး အမျိုးသား အမျိုးသမီး ဆုရရှိကြသူများအား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တံခွန်စိုက်ဆု ရရှိသွားသည့် လားရှိုးကိုးကန့်အသင်းအား ဆုချီးမြှင့်ပေးသည်။ ယင်းပြိုင်ပွဲကို မေ ၅ ရက်မှ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများ အလွတ်တန်း အသက် ၁၉ နှစ်အောက် အမျိုးသား အမျိုးသမီးအသင်း စုစုပေါင်း ၆၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

အသက် ၁၉ နှစ်အောက် လားရှိုးကိုးကန့်လူငယ်အသင်းအား တံခွန်စိုက်ဆုချီးမြှင့်စဉ်။

တရားမဝင် ဝင်ရောက်လာသော ထိုင်းနိုင်ငံသား အမျိုးသားတစ်ဦးကို ပိန်းဇလုပ်မြို့၌ ဖမ်းဆီးရမိ

ညောင်လေးပင် မေ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ရေတွင်းကုန်းကျေးရွာအုပ်စု ဇရပ်ကုန်းကျေးရွာတွင် မေ ၁၃ ရက်က တရားမဝင်ဝင်ရောက်လာသော ထိုင်းနိုင်ငံသား အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်၊

ဖြစ်စဉ်မှာ ပိန်းဇလုပ်မြို့ ရေတွင်းကုန်းကျေးရွာအုပ်စု ဇရပ်ကုန်းကျေးရွာတွင် ထိုင်းနိုင်ငံသားတစ်ဦး ရောက်ရှိနေကြောင်း ရေတွင်းကုန်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောပေးလေးလေးက သတင်းပေးပို့ခဲ့သဖြင့် မြို့နယ် လဝကဦးစီးမှူး ဦးစောနိုင်က ခေါ်ယူစစ်ဆေးခဲ့ရာ တရားမဝင် ခိုးဝင်လာသူမှာ တရားဝင် မည်သည့် နိုင်ငံကူးလက်မှတ်မှမပါဘဲ ထိုင်းနိုင်ငံ မဲဆောက်ခရိုင် ခွေးကလုပ် ကျေးရွာ၌နေထိုင်ပြီး မူလီစက်ရုံတွင် အလုပ်လုပ်သော ထိုင်းနိုင်ငံသား Mr . Sandaet အသက်(၃၄နှစ်) ဖြစ်ကြောင်းသိရသည်။ ဆက်လက်စစ်ဆေးရာ အဆိုပါ ထိုင်းနိုင်ငံသားသည် လွန်ခဲ့သော ၁၅ နှစ်ခန့်က မဲဆောက်မြို့သို့ လာရောက်အလုပ်လုပ်သော မြန်မာနိုင်ငံ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ရေတွင်းကုန်း ကျေးရွာအုပ်စုမှ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး သမီးနှစ်ဦး ထွန်းကားခဲ့ ကြောင်း၊ ထို့နောက် မဲဆောက်မြို့မူလီစက်ရုံတွင် အလုပ် အတူတူလုပ်ကိုင် နေထိုင်ရင်း ၂၀၁၇ ခုနှစ်တွင် ဇနီးဖြစ်သူနှင့် သမီးနှစ်ဦးတို့ ပြန်လာခဲ့ကြောင်း၊ ၎င်းမိသားစုရှိရာသို့ ထိုင်းနိုင်ငံသားသည် မေ ၁၂ ရက်တွင် မြဝတီမြို့သို့ ဝင်ရောက်လာပြီး မြဝတီမြို့မှ ငှါးဦးဆံ့ ယာဉ်ဖြင့် နံနက် ၉ နာရီတွင် ထွက်ခွာလာရာ ဇနီးရှိရာ ဇရပ်ကုန်းကျေးရွာသို့ ည ၆ နာရီခန့်ရောက်ရှိ၍ ဇနီးဖြစ်သူ နေအိမ်တွင် နေထိုင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ထိုင်းနိုင်ငံသားအား မြို့နယ်လဝက ဦးစီးမှူး ဦးစောနိုင်က တရားလိုပြုလုပ် တိုင်တန်းသဖြင့် ပိန်းဇလုပ်နယ်မြေရဲစခန်းက ထိုင်းနိုင်ငံသားအား ဖမ်းဆီးထိန်းသိမ်း ကာအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

ဇမ္ဗူသီရိမြို့နယ်တွင် အုပ်စုဖွဲ့၍ ရိုက်နှက်ပစ္စည်းလုယူသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် အုပ်စုဖွဲ့၍ ရိုက်နှက် ပစ္စည်းလုယက်သူများအား ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၁၀ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညို လမ်းမကြီး၏ ပရဆေးဉယျာဉ်ရှေ့ ကန်ပေါင်လမ်းဘေးရှိ ကျန်းမာရေးအားကစား ပြုလုပ်သည့် နေရာ၌ လွှတ်တော်တွင် တာဝန် ထမ်းဆောင်နေသည့် ရဲတပ်သား အောင်ပိုင်စိုးနှင့် စည်သူကိုဝင်းတို့သည် ဆိုင်ကယ်ဖြင့် အားကစားပြုလုပ်နေစဉ် လူငါးဦး ရောက်ရှိလာပြီး ထိုလူ ငါးဦးထဲမှ တစ်ဦးက ပရဆေးဉယျာဉ် အတွင်းရှိ သူ၏နေအိမ်သို့လိုက်ပို့ပါရန် အကူအညီ တောင်းသဖြင့် ရဲတပ်သား အောင်ပိုင်စိုး နှင့် စည်သူကိုဝင်းတို့နှစ်ဦးက ထိုသူအား ဆိုင်ကယ်ဖြင့် တင်ဆောင်ကာ ပရဆေး ဉယျာဉ်အတွင်းရှိ ၎င်း၏ နေအိမ်သို့ လိုက်ပို့ပေးခဲ့သည်။ ထို့နောက် ကျန်လေးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် နောက်မှရောက်လာပြီး ပရဆေးဉယျာဉ်၏ အတွင်းကျသော ပတ်လမ်းတစ်နေရာ အရောက်တွင် ဆိုင်ကယ်ကိုရပ်တန့်ခိုင်းပြီး နောက်မှလိုက်ပါလာသော လူ လေးဦး အပါအဝင် ပေါင်း ငါးဦးက ဝိုင်းဝန်း ထိုးကြိတ်၍ အသင့်ပါလာသော ဓားဖြင့် ထိုးသဖြင့် ရဲတပ်သား အောင်ပိုင်စိုးနှင့် ရဲတပ်သား စည်သူကိုဝင်းတို့တွင် ဒဏ်ရာ အသီးသီးရရှိပြီး နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးသို့ တင်ပို့ ကုသခဲ့ရသည်။ အခင်းဖြစ်နေရာတွင် ရဲတပ်သား စည်သူကိုဝင်း၏ ATM ကတ်နှင့် ဖုန်းတစ်လုံးတို့အား လုယက် ယူဆောင်သွားခဲ့သည်။

ထိုကဲ့သို့ ပရဆေးဉယျာဉ်အတွင်း ရိုက်နှက်မှုဖြစ်ပွားကြောင်း အမှတ် (၄) ရဲကင်းစခန်း၌ တာဝန်မှူး ဆောင်ရွက် နေသည့် ဒုရဲအုပ် အောင်သူလှိုင်က သတင်းရရှိ၍ ခုတင် (၁၀၀၀)ဆေးရုံသို့ သွားရောက်စစ်ဆေးပြီး အမှတ် (၅) နယ်မြေရဲစခန်းတွင် အမှုဖွင့်လုစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိရေး ဆောင်ရွက်ရာတွင် မသင်္ကာသူများဖြစ်သည့် သပြေကုန်း ရပ်ကွက် ဂန္ဓမာ ၇ လမ်းနေ ဆိုင်ကယ် ကယ်ရီဆွဲသည့် ကျော်လင်းအောင် (၁၉နှစ်)နှင့် တစ်ရပ်ကွက်တည်းနေ ဇွဲသူရဦး (ခ) ကိုဇွဲ (၂၁ နှစ်) တို့ နှစ်ဦး အား မေ ၁၁ ရက် ည ၇ နာရီတွင် အမှတ် (၁) မြို့မရဲစခန်းသို့ ခေါ်ဆောင် စစ်ဆေး ရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ၎င်းတို့နှင့်အတူ ဇော်မင်းဌေး (ခ) ကျောက်ဖား (၁၉ နှစ်) ဇမ္ဗူသီရိမြို့နယ် သာယာကုန်း ရပ်ကွက်နေသူနှင့် သာအေး (၁၇ နှစ်)၊ အောင်ကြီး (၂၀ နှစ်) သပြေကုန်း ရပ်ကွက်နေသူတို့ ပါဝင်ကြောင်း ထွက်ဆို၍ အဆိုပါ ကျူးလွန်သူများအား သွားရောက်၍ လက်ရဖမ်းဆီး ရမိခဲ့သည်။ **(အပေါ်ပုံ)** အခင်းဖြစ်ချိန်တွင် စီးနင်း ခဲ့သည့် ဆိုင်ကယ်နှင့် ဖုန်း၊ သက်သေခံ ဓားမြှောင် နှစ်ချောင်းတို့အား ဇော်မင်း ဌေး (ခ) ကျောက်ဖား၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အဆိုပါ ပြစ်မှု ကျူးလွန်သူ ငါးဦးအား အမှတ် (၁) မြို့မရဲစခန်းတွင် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

အောင်ပင်လယ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် မန္တလေး-ပြင်ဦးလွင် ကားလမ်းပေါ်တွင် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ မအိအိသိမ့်၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၊ ငွေကျပ် ၁၃၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့အဝင် နမ့်ခမ်း-မူဆယ် ကားလမ်းတွင် ရန်ရှိလုံ (ခ) အားလုံ မောင်းနှင်လာသည့် Mitsubishi Canter အမျိုးအစား ခြောက်ဘီး မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဆာလာအိတ် ၁၁၁ အိတ်ဖြင့်ထည့်ထားသည့် အက်စီတစ်အက်စစ် ကီလို၂၇၅၀၊ ပလတ်စတစ်ပုံး ၆၀ ဖြင့် ထည့်ထားသည့် အက်စီတစ်အက်စစ် လီတာ ၉၆၀၊ အပြာရောင် ပလတ်စတစ်ပုံး ၉၀ ဖြင့်ထည့်ထားသည့် ဆာဖရိုးလ်အရည် လီတာ ၁၄၄၀နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် လှိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့ အမှတ်(၂)ရပ်ကွက် ပြည်ထောင်စု လမ်းမကြီးရှိ စားသောက်ဆိုင်ရှေ့တွင်ခွန်မောင်ထုံး မောင်းနှင်လာသည့် Succeed မော်တော် ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ တို့ကို လည်းကောင်း။

အလားတူ မေ ၁၂ ရက် ည ၈ နာရီ ခွဲက တပ်မတော်မှ သီပေါမြို့နယ် ရေပူ ကြံခင်းကျေးရွာနေ နိုင်ဝင်း၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၈ ဒသမ ၂၈၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ရေပူကြံခင်းကျေးရွာနေ မနန်းဆိုင်အောင်၏ နေအိမ်ကိုဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀နှင့် ဘိန်းဖြူ ၃ ဒသမ ၆၇၂ ဂရမ်တို့ကို ထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ရွှေပြည်သာမြို့နယ်တွင် ကွန်တိန်နာယာဉ်ပေါ်မှ ကုန်သေတ္တာပြုတ်ကျပြီး ယာဉ်တိမ်းမှောက်

ရန်ကုန် မေ ၁၄

ရွှေပြည်သာမြို့နယ် ပုလဲလမ်း တစ်ပါကွေ့တွင် မေ ၁၃ ရက် ည ၉ နာရီ မိနစ် ၅၀ ခန့်က ကွန်တိန်နာယာဉ်တစ်စီးပေါ်မှ ကုန်ပစ္စည်းပါ ကုန်သေတ္တာတစ်လုံး ပြုတ်ကျခဲ့ပြီး ယာဉ်မှာတိမ်းမှောက်သွား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် ပုလဲလမ်းဆုံဘက်မှ ၁၄ လမ်းဆုံဘက်သို့ ပုလဲလမ်းမအတိုင်း မောင်းနှင်လာသော ယာဉ်မောင်း ဦး------- မောင်းနှင်သည့် ပေ (၂၀) အရှည် ကွန်တိန်နာ ကုန်သေတ္တာတစ်လုံးပါသော (၃၂)ပေရှိ ကွန်တိန်နာယာဉ်သည် တစ်ပါကွေ့ အကျော်တွင် ကားပေါ်ပါ ကုန်သေတ္တာမှာ လျှောထွက် ပြုတ်ကျသွားခဲ့သည်။ ၎င်းအပြင် ကွန်တိန်နာ ကုန်သေတ္တာ ပြုတ်ကျသည့်အရှိန်ဖြင့် မော်တော်ယာဉ်မှာလည်း တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ခေါင်းခန်းအတွင်းရှိ ယာဉ်မောင်းနှင့် ယာဉ်အကူဖြစ်သူတို့အား ကားရှေ့ လေကာမှန်ကွဲမှတစ်ဆင့် ဆွဲထုတ် ကယ်ဆယ်ခဲ့ရကြောင်း၊ မျက်မြင်တွေ့ရှိသူ ထံမှ သိရသည်။

ကုန်သေတ္တာပြုတ်ကျ၍ ယာဉ်မှောက်မှုကြောင့် ယာဉ်မောင်း ဒဏ်ရာ ရရှိပြီး အခင်းဖြစ်ပွားစဉ် ကုန်သေတ္တာ ကျ၍ လမ်းဘေးတွင် စက်ဘီးစီးလာသူမှာ စက်ဘီးနှင့်အတူ လွင့်စဉ်သွားပြီး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ ယာဉ်ထိန်းတပ်ဖွဲ့မှ ကွန်တိန်နာ ယာဉ်မောင်းအား အမှုဖွင့်စစ်ဆေး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀	-	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	-	Breakfast News
၉း၃၀	-	ကြယ်ပွင့်များရဲ့ရင်ခုန်သံ အဆိုတော် ဖြူဖြူကျော်သိန်း
၁၀း၃၀	-	သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု
၁၅း၀၀	-	"ထာဝရမေတ္တာဇာတ်" (ဒုတိယပိုင်း)

ညပိုင်း

၁၆း၂၅	-	(ထိုင်ခုံခါးပတ်ပတ်ရန်)
၁၆း၃၅	-	"ကော်ဖီ ယဉ်ကျေးမှု"
၁၇း၃၅	-	MRTV Travelogue
၁၇း၅၅	-	အထက်မြင့်တိုက်များ မီးလောင်လျှင်
၁၈း၂၀	-	"ထွန်းတောက်လာမည့် အနာဂတ်ကြယ်ပွင့်လေးများ"
၁၈း၅၅	-	မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်များ
၁၉း၁၅	-	မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း - ၁၀) ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင် ဒါရိုက်တာ - ဘိုသန့်
၂၀း၀၀	-	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
	-	Don't Use Cell Phone While....
၂၀း၃၅	-	ဂီတသမား၊ ဂီတစကား "သူ့ငွေးသူကြွယ် တေးနှစ်သွယ်" ဂီတစာဆို - ဦးဝင့်အောင်၊ ဦးမောင်မောင်လတ်
	-	နိုင်ငံခြားဇာတ်လမ်းတွဲ "ယောက်ျားတံခွန်" (အပိုင်း-၁)

ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်းတွင် အိမ်စီးယာဉ်အား ခရီးသည်တင်ယာဉ်မှ အရှိန်လွန်ဝင်တိုက်မိပြီး တိမ်းမှောက်မှုဖြစ်ပွား

ရေတာရှည် မေ ၁၄

ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်း မိုင်တိုင် ၁၈၀/၃ နှင့် ၄ အကြားတွင် မေ ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်းသတင်းအရ သာဂရ အမြန်လမ်းရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ် မင်းမင်းစိုး ဦးစီးအဖွဲ့နှင့် အမြန်လမ်းမီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး မျိုးချစ်နိုင် ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ နေပြည်တော်ဘက်သို့ ရန်ကုန်မြို့နေ သက်နိုင်ဦး (၄၁ နှစ်) မောင်းနှင်ပြီး အမျိုးသမီးနှစ်ဦး လိုက်ပါလာသည့် ယာဉ်သည် လမ်းလယ်ကျွန်းပေါ်ရှိလမ်း အလုပ်သမားများအား ရေသန့်ဘူးများပေးရန် ယာဉ်ကြောဝဲဘက်ခြမ်းတွင် ရုတ်တရက် ရပ်တန့်လိုက်ရာ နောက်မှလမ်းကြောင်းတူ မတ္တရာမြို့နယ်နေ ဝဏ္ဏကျော် (၃၅ နှစ်) မောင်းနှင်ပြီး ယာဉ်အကူနှစ်ဦး၊ အမျိုးသားခရီးသည် ၂၃ ဦး၊ အမျိုးသမီး ခရီးသည် ၂၂ ဦးလိုက်ပါလာသည့် ခရီးသည် တင်ယာဉ်မှ အရှိန်လွန်ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မှာ လမ်းယာဘက်ခြမ်းသို့ ထိုးကျရပ်တန့်သွားခဲ့ပြီး ခရီးသည် တင်ယာဉ်မှာ နေပြည်တော်-ရန်ကုန်လမ်းဘက်ခြမ်းသို့ ရောက်ရှိသွားကာ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက် သွားခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် အိမ်စီးယာဉ်ပေါ်တွင် လိုက်ပါလာသည့် ယာဉ်မောင်းအပါအဝင်သုံးဦး (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ခရီးသည်တင်ယာဉ်ပေါ်မှ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦး ဒဏ်ရာများရရှိသွားသဖြင့် ယာဉ်မောင်းများဖြစ်သည့် ဝဏ္ဏကျော်နှင့် သက်နိုင်ဦးတို့အား သာဂရ အမြန်လမ်းရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက် ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မင်းလှမြို့နယ်၌ အမျိုးသားတစ်ဦး မိုးကြိုးပစ်ခံရပြီးသေဆုံး

မင်းလှ မေ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် မဗာစိဂွ ကျေးရွာတွင် မေ ၁၃ ရက် ညနေ ၆ နာရီ ခန့်က လယ်ကွင်းအတွင်း အမျိုးသားတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

အခင်းဖြစ်ရာသို့ စစ်ကွင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်နိုင်နှင့်အဖွဲ့ နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ စွမ်းမင်းထက် (၂၉နှစ်) ပညာရေးဝန်ထမ်းသည် မိုးရွာသဖြင့် ယင်းလယ်ကွက်အတွင်းရှိ စပါးပုံကို အမိုးအုပ်ရန် သွားစဉ် မိုးကြိုးပစ်ချခံရပြီး လဲကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်စ (မင်းလှ)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ဖိလစ်ပိုင်သက်တမ်းဝက်ရွေးကောက်ပွဲတွင် သမ္မတ ဒူတာတေးအား ထောက်ခံသူများဘက်မှ အရေးသာနိုင်

မနီလာ　မေ　၁၄

ဖိလစ်ပိုင်နိုင်ငံတွင် ယမန်နေ့ကကျင်းပခဲ့သည့် သက်တမ်းဝက် ရွေးကောက်ပွဲတွင် သမ္မတ ရိုဒရီဂို ဒူတာတေးအား ထောက်ခံသူများဘက်မှ အလေးသာနိုင်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြသည်။

ယမန်နေ့ကကျင်းပသော သက်တမ်းဝက်ရွေးကောက်ပွဲတွင် သမ္မတနှင့် မဲပေးရန် စာရင်းသွင်းသူ မဲဆန္ဒရှင်ပေါင်း ၆၂ သန်းရှိခဲ့ကြောင်း သတင်းရရှိသည်။

ဒေသ ၈၁ ခုရှိ မြို့တော်ကောင်စီဝင် ၁၃၀၀၀ ကျော်၊ မြို့တော်ဝန် ၁၆၄၂ ဦးနှင့် အုပ်ချုပ်ရေးမှူး ၈၁ဦးအပါအဝင် လွှတ်တော်နှင့်ဒေသဆိုင်ရာ ရာထူးနေရာ ၁၈၀၀၀အတွက် ကိုယ်စားလှယ် ၄၃၅၀၀မှရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ ထောင်ချီသေဆုံးခဲ့သည့် မူးယစ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်၊ တစ်မူကွဲပြားသည့် ခေါင်းဆောင်မှုပုံစံများနှင့် သမ္မတ ဒူတာတေးအတွက် ယခုတစ်ကြိမ်ကျင်းပသော သက်တမ်းဝက်ရွေးကောက်ပွဲသည် ၎င်း၏အာဏာကို ပိုမိုကြီးလာစေရန် လူထုဆန္ဒခံယူပွဲဖြစ်ကြောင်း အများစုက ရှုမြင်သုံးသပ်ထားသည်။

အတိုက်အခံများဘက်မှ အပြန်အလှန်ထိန်းညှိရန် ကြိုးစားနေကြသော်လည်း သမ္မတ ဒူတာတေး၏ မဟာမိတ်များသည် အထက်လွှတ်တော်ကို ကြီးစိုးနိုင်ရေး ရည်ရွယ်ထားကြောင်း သိရသည်။ ယခုသက်တမ်းဝက်ရွေးကောက်ပွဲတွင် အရေးကြီးဆုံးမှာ အထက်လွှတ်တော်နေရာ ၂၄ နေရာမှ ၁၂ နေရာ ရွေးကောက်မှုဖြစ်သည်။

သမ္မတ ဒူတာတေးအနေဖြင့် ဥပဒေပြုရေးအစီအစဉ်များတွင် အထောက်အပံ့ဖြစ်စေရန် အထက်လွှတ်တော်တွင် ၎င်း၏ မဟာမိတ်များကို ထပ်မံရောက်ရှိလာစေချင်ကြောင်း သိရသည်။

ဥပဒေပြုရေးအစီအစဉ်များတွင် သေဒဏ်ပြစ်ဒဏ် ပြန်လည်ကျင့်သုံးရေး၊ ပြစ်ဒဏ်သက်ညှာခွင့်ရနေသည့် ကလေးငယ်များ၏ အသက်ကန့်သတ်ချက်ကိုလျှော့ချရေး၊ ဖက်ဒရယ်အစိုးရပုံစံပြောင်းခွင့်ပေးရေးနှင့် နိုင်ငံ၏ ၁၉၈၇ ခုနှစ် အခြေခံဥပဒေကို ပြင်ဆင်ခွင့်ပြုရေးစသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

အေအက်ဖ်ပီ

ဖိလစ်ပိုင်သမ္မတ ဒူတာတေး

အခွန်တိုးမြှင့်ကောက်ခံရန် အမေရိကန်စတင်ဆောင်ရွက်

ဝါရှင်တန်　မေ　၁၄

တရုတ်နိုင်ငံမှတင်ပို့ကုန်များအားလုံးနီးပါးကို အခွန်တိုးမြှင့်ကောက်ခံရန် အမေရိကန်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရုံးက အမေရိကန်ဒေါ်လာ ၃၀၀ဘီလီယံ တန်ဖိုးခန့်ရှိသည့် တရုတ်ကုန်စည်များအပေါ်တွင် ၂၅ ရာခိုင်နှုန်းနှင့် အထက် အခွန် ကောက်ခံသွားမည့် လုပ်ထုံးလုပ်နည်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မေ ၁၃ ရက်တွင် ကြေညာခဲ့သည်။

အခွန်တိုးမြှင့်ကောက်ခံသွားမည်

ကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၃၈၀၅ ခုတို့ကို အခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး ယင်းပစ္စည်းများတွင် စမတ်ဖုန်းများ၊ လက်ပ်တော့ ကွန်ပျူတာများ၊ ကစားစရာအရုပ်များ၊ အားကစားဖိနပ်များနှင့် တီရှပ်ကဲ့သို့သော အဝတ်အထည်များပါဝင်မည်ဟု သိရသည်။

ယင်းကုန်ပစ္စည်းများသည် တရုတ်နိုင်ငံတွင် အမြောက်အမြားထုတ်လုပ်သည့် ကုန်ပစ္စည်းများဖြစ်သည်။

ရည်ရွယ်ထား

အကယ်၍ အခွန်တိုးမြှင့်ကောက်ခံမှု စတင်သက်ရောက်ပြီဆိုပါက တရုတ်နိုင်ငံမှ တင်ပို့ကုန်အားလုံးနီးပါး အဖိုးအခပိုမိုကြီးမြင့်လာတော့မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုရှိ တစ်ဦးချင်းပုဂ္ဂိုလ်များ၏ သုံးစွဲမှုကို သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းအနေဖြင့်လာမည့်လတွင် ဂျပန် နိုင်ငံ အိုဆာကာ၌ ကျင်းပမည့် ဂျီ -၂၀ ထိပ်သီးအစည်းအဝေး၌ သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံသည့်အခါ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

အခွန်တိုးမြှင့်ကောက်ခံမှုများပြုလုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများဆောင်ရွက်မှုကို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမကျင်းပမီ ပြီးစီးအောင်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ရသည်။

ဆင်ဟွာ

ဇွန်လ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် ထရမ့်နှင့် ပူတင်တို့ တွေ့ဆုံမည်

ဝါရှင်တန်　မေ　၁၄

ဇွန်လတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောသည်။

အမေရိကန်သို့ အလည်အပတ်ရောက်ရှိနေသော ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်နှင့်အတူ အိမ်ဖြူတော်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ပူတင်နှင့်တွေ့ဆုံသွားမည်ဟု သတင်းသမားများအား ပြောသည်။

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဇွန်လကုန်ပိုင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစည်းအဝေးတွင် အမေရိကန်နှင့် ရုရှား နှစ်နိုင်ငံ လက်နက်ထိန်းချုပ်ရေး၊ ဗင်နီဇွဲလားအရေး၊ ယူကရိန်းအရေးနှင့် အီရန်အရေးတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘရပ်ဆဲလ်မြို့တွင် ဥရောပသမဂ္ဂနှင့် နေတိုးအရာရှိများကြား အီရန်ဆွေးနွေးပွဲ မကျင်းပမီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုသည် ဆိုချီမြို့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်တို့နှင့် မေ ၁၄ ရက်တွင် တွေ့ဆုံခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ရုရှားသမ္မတ ပူတင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ဗ်တို့အား နှစ်နိုင်ငံ အပြည့်အဝဆက်ဆံရေးနှင့် ကမ္ဘာ့စုံစိန်ခေါ်မှုများအကြောင်း ဆွေးနွေးခဲ့သည်။

မေလအစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပူတင်အား ဖုန်းဖြင့် တစ်နာရီကျော်ကြာ ဆက်သွယ်ခဲ့ကြောင်းနှင့် အဆိုပါဖုန်းဖြင့် ဆက်သွယ်မှုအပေါ် အလွန်အားရကျေနပ်ကြောင်း ထရမ့်က နောက်ပိုင်းတွင် တွစ်တာ၌ ရေးသားဖော်ပြခဲ့သည်။

ဆင်ဟွာ

ရုရှားသမ္မတပူတင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တွေ့ဆုံမည်

မော်စကို　မေ　၁၄

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် မေ ၁၄ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တွေ့ဆုံရန်ရှိပြီး ယင်းသို့တွေ့ဆုံခြင်းမှာ တစ်နှစ်အတွင်း အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံကြခြင်းလည်းဖြစ်သည်။ ဗင်နီဇွဲလားအရေးမှစ၍ အီရန်နိုင်ငံ နျူကလီးယားလက်နက် ထိန်းချုပ်ရေးအထိ သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရေး တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ မိုက်ပွန်ပီအိုသည် ဆိုချီ မြို့ရှိ ပင်လယ်နက် အပန်းဖြေစခန်းတွင် ရုရှားသမ္မတနှင့် တွေ့ဆုံမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလာရော့ဗ်နှင့်တွေ့ဆုံမှုအပြီး အင်္ဂါနေ့ နှောင်းပိုင်းတွင် ရုရှားသမ္မတ ပူတင်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံကြမည်ဖြစ်သည်။ ရုရှား၌ ပြုလုပ်သော ဆွေးနွေးပွဲများသည် အရေးကြီး အကြောင်းအရာများကို အလေးပေးဆွေးနွေးသွားမည်ဟု မေ ၁၄ ရက်တွင် ပွန်ပီအိုက ပြောသည်။

ရုရှားသမ္မတ ပူတင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

အချို့ကိစ္စရပ်များတွင် သဘောတူညီမှုရှိနိုင်သလို အချို့ကိစ္စရပ်များတွင်လည်း သဘောတူညီမှု မရနိုင်ပေ။ သို့သော် မိမိတို့၏ အမျိုးသားအကျိုးစီးပွားနှင့်ပတ်သက်လာလျှင် ရှေ့ဆက် အဖြေရှာရမည်မှာ မိမိတို့ တာဝန်ပင်ဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ရုရှားသမ္မတ ပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ တွေ့ဆုံခဲ့ပြီးနောက်ပိုင်း အမေရိကန်နှင့် ရုရှားအဆင့်မြင့်အရာရှိကြီးတို့ ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းလည်း ဖြစ်သည်။

အမေရိကန်နှင့် ရုရှားတို့သည် လက်နက်ထိန်းချုပ်ရေး အစီအစဉ်များတွင် တိုးတက်မှုအချို့ရှိလာရန် မျှော်လင့်နေကြသည်။

အေအက်ဖ်ပီ

ထိုင်းတပ်ဖွဲ့၏ကျောထောက်နောက်ခံ ရရှိထားသော ဝန်ကြီးချုပ် ပရာယုချန်အိုချာ အလားအလာကောင်း

ဗန်ကောက်　မေ　၁၄

ထိုင်းတပ်ဖွဲ့ကကျောထောက်နောက်ခံပြုထားသော ဝန်ကြီးချုပ်သည် ဝန်ကြီးချုပ်နေရာ ပြန်လည်ရရှိနိုင်သည့် အလားအလာများရှိနေသည်။ ၂၀၁၄ ခုနှစ် ထိုင်းတပ်ဖွဲ့မှ အာဏာသိမ်းပြီးနောက်ပိုင်း ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီငယ် ၁၁ခုကလည်း ၎င်းတို့ပါတီများသည် Palang Pracharath ပါတီကိုထောက်ခံကြကြောင်းကြေညာခဲ့သည်။

ထိုင်းတပ်ဖွဲ့ဘက်သို့ ယိမ်းသည့် ပါတီမှာ ကြားဖြတ်ဝန်ကြီးချုပ် ပရာယု ချန်အိုချာကိုထောက်ခံကြသည်။ ထို့ကြောင့်ပရာယုချန်အိုချာသည် ဝန်ကြီးချုပ်အဖြစ်ဆက်လက်တည်ရှိနိုင်ရန် လုံလောက်သည့်မဲရရှိနိုင်မည်ဖြစ်သည်။ ထိုင်းဝန်ကြီးချုပ်ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အမတ်များက ရွေးချယ်ကြမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဖြစ်ရန် တိုးတက်မှုများရှိနေသော်လည်း ၎င်းပါတီမှာ အောက်လွှတ်တော်တွင် အဓိကနေရာများရယူနိုင်ထားခြင်းမရှိပေ။

ထိုင်းနိုင်ငံ ရွေးကောက်ပွဲ ပြီးစီးခဲ့သည်မှာ နှစ်လနီးပါးခန့်ရှိပြီဖြစ်သည်။ အောက်လွှတ်တော်တွင် အဓိကနေရာများရယူနိုင်ထားခြင်းမရှိလျှင် ဥပဒေများ ပြဋ္ဌာန်းရာနှင့် အသုံးစရိတ်များ ဆုံးဖြတ်ရာတွင် ပရာယုသည် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ

သဘောထားတင်းမာမှုများ ဖြေလျှော့ရန် အမေရိကန်ဘက်မှ သည်းခံပေးရန် အီးယူဘက်မှတိုက်တွန်း

ဘရပ်ဆဲလ်　မေ　၁၄

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီအိုသည် ဘရပ်ဆဲလ်သို့သွားရောက်ခဲ့ပြီးနောက် ဥရောပနိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့ကာ အီရန်နျူကလီးယားသဘောတူစာချုပ်နှင့် ပတ်သက်ပြီး အမေရိကန်၏ရပ်တည်ချက်ကို နားလည်ပေးရန် တောင်းဆိုခဲ့သည်။ တနင်္လာနေ့တွင် မိုက်ပွန်ပီအိုသည် ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်တို့မှ နိုင်ငံခြားရေး ထိပ်တန်းအရာရှိကြီးများနှင့်သီးသန့်တွေ့ဆုံခဲ့ပြီး အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဖီဒရစ်ကာ မိုဟီရီနီနှင့်လည်းတွေ့ဆုံခဲ့သည်။

ဥရောပနိုင်ငံခြားရေးဝန်ကြီးများက လက်ရှိပဋိပက္ခများသည် လက်နက်ကိုင်ပဋိပက္ခများကို ဦးတည်သွားနိုင်သည့်အတွက် အမေရိကန်ဘက်မှ သည်းခံနိုင်မှုကိုပြသရန် တောင်းဆိုခဲ့ကြသည်။ ယခုတွေ့ဆုံမှုသည် သဘောထားမတူညီမှုများကို ဆွေးနွေးနိုင်မည့်နည်းလမ်းဖြစ်ပြီး ယင်းဒေသရှိ အခြေအနေတင်းမာမှုများကို ရှောင်ရှားနိုင်လိမ့်မည်ဟု အီးယူနိုင်ငံခြားရေး မူဝါဒအကြီးအကဲဖြစ်သူ မိုဟီရီနီကပြောသည်။

အင်န်အိတ်ချ်ကေ

အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်မလား အက်ဖ် ၃၅ ဂျက်လေယာဉ်တွေကို စွန့်လွှတ်မလား

ကလျာမိုးမြင့်

တူရကီနိုင်ငံက နည်းပညာအဆင့်မြင့်တင်ထားတဲ့ ရုရှား ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူဖို့ ၎င်းရဲ့ကြိုးပမ်းမှုနဲ့ ပတ်သက်ပြီး နည်းပညာဆိုင်ရာ စိုးရိမ်ဖွယ်ရှိလာနိုင်မှုအပေါ် စမ်းသပ်စစ်ဆေးဖို့အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းမယ့် ၎င်းရဲ့အဆိုပြုချက်ကို အမေရိကန်က ယုံကြည်လက်ခံလာစေဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

ဘဝင်မကျ

ပူးတွဲလုပ်ငန်းဆောင်ရွက်မှုအဖွဲ့တစ်ဖွဲ့ကို ကျွန်ုပ်တို့ ဖွဲ့စည်းသင့်တယ်။ ပြီးတော့ နေတိုးအဖွဲ့က ဒါကို ဦးစီးဆောင်ရွက်သင့်တယ်။ဒါနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ ဘာလုပ်နေတယ်ဆိုတာကို ကျွန်ုပ်တို့ နားလည်သဘောပေါက်တယ်လို့ တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗလပ် ကာဗူဆိုဂလူက ပြောခဲ့ဖူးပါတယ်။အစောပိုင်းမှာ တူရကီက ရုရှားလုပ် အက်စ် ၄၀၀ မြေပြင်မှ ဝေဟင်ပစ် ဒုံးခွင်းစနစ်ကို ဝယ်ယူဖို့ စီစဉ်ခဲ့တာနဲ့ ပတ်သက်ပြီးတော့ အမေရိကန်က ဘဝင်မကျဖြစ်ခဲ့တဲ့အတွက် အန်ကာရာနဲ့ ဝါရှင်တန်တို့အကြား တင်းမာမှုတွေဟာ အတော်လေးကိုပြင်းထန်ခဲ့ပါတယ်။

နည်းပညာဆိုင်ရာ စိုးရိမ်မကင်းဖြစ်မှု

အက်စ် ၄၀၀ ဒုံးကျည်ကိစ္စကြောင့်ပဲ အမေရိကန်က ဒေါ်လာသန်းပေါင်းများစွာတန်ကြေးရှိတဲ့ အက်ဖ် ၃၅ ဂျက်တိုက်လေယာဉ်တွေဝယ်ယူမယ့်အစီအစဉ်မှာ တူရကီရဲ့ပါဝင်မှုကို ထိခိုက်အောင်လုပ်မယ်။ ပြီးရင် ကွန်ဂရက်လွှတ်တော်ရဲ့ အရေးယူပိတ်ဆို့မှုတွေကိုလည်း တွေ့ရစေမယ်ဆိုပြီးတော့ ဖြစ်လာခဲ့ပါတယ်။ ဒီလိုနဲ့ပဲ အမေရိကန်ဟာ ရုရှားရဲ့စနစ်တွေက ၎င်းတို့အဆင့်မြင့်တင်ထားတဲ့ နည်းပညာတွေကိုရယူသွားနိုင်ဖွယ်ရှိပြီး အက်ဖ် ၃၅ ဂျက်လေယာဉ်တွေရဲ့လုံခြုံရေးကို ထိခိုက်လာစေနိုင်တယ်ဆိုတဲ့ စိုးရိမ်မကင်းဖြစ်မှုတွေနဲ့ အက်ဖ် ၃၅ ဂျက်လေယာဉ်တွေနဲ့ ဆက်စပ်အစိတ်အပိုင်းတွေပို့ဆောင်မှုနဲ့အတူ ဝန်ဆောင်မှုတွေကို ရပ်နားလိုက်ပါတယ်။

မဟာမိတ်တွေကိုခြိမ်းခြောက်မှုမရှိနိုင်

ပြီးတော့လည်း အမေရိကန်က ရုရှားရဲ့ဒုံးကျည်ကာကွယ်ရေးစနစ်ဟာ တူရကီမှာ နေတိုးအဖွဲ့ရဲ့ စနစ်တွေနဲ့လည်း သဟဇာတဖြစ်နိုင်မှာမဟုတ်ဘူးလို့ အလေးအနက်ပြောကြားခဲ့ပါတယ်။ တူရကီဘက်ကတော့ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်တွေဟာ နေတိုးအဖွဲ့ရဲ့ စနစ်တွေနဲ့ပေါင်းစပ်နိုင်မှာမဟုတ်လို့ မဟာမိတ်တွေကို ခြိမ်းခြောက်မှုရှိလာနိုင်စရာအကြောင်းမရှိဘူးလို့ တုံ့ပြန်ပြောဆိုခဲ့ပါတယ်။ တူရကီအနေနဲ့ အက်ဖ် ၃၅ ဂျက်လေယာဉ်အစင်း ၁၀၀ ကို ဝယ်ယူဖို့ စီစဉ်ထားသလို ဒီထဲကလေးစင်းကို လက်ခံရရှိထားပြီးပြီ။ သို့သော်လည်း လေယာဉ်တွေက တူရကီ လေယာဉ်မှူးတွေကို လေ့ကျင့်ပေးဖို့ အမေရိကန်မှာပဲရှိနေသေးတယ်လို့ ဆိုပါတယ်။

ရုရှားနိုင်ငံလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်များကို တွေ့ရစဉ်။

ကွန်ဂရက်လွှတ်တော်ရဲ့ပိတ်ဆို့မှု

ပြီးတော့လည်း တူရကီက လေယာဉ်ကိုယ်ထည်နဲ့ လေယာဉ်မောင်းထိုင်ခုံ အပြင်အဆင်တွေအပါအဝင် အက်ဖ်၃၅ ဂျက်လေယာဉ် အစိတ်အပိုင်းတွေရဲ့ ၇ ရာခိုင်နှုန်းလောက်နီးပါးကို ထုတ်လုပ်နေတယ်လို့ သိရပါတယ်။ အမေရိကန် ကွန်ဂရက်လွှတ်တော်ကတော့ ၎င်းရဲ့ အရေးယူပိတ်ဆို့မှုဟာ တူရကီရဲ့ စီးပွားရေးကို ဆိုးဆိုးရွားရွားထိခိုက်စေတဲ့အပြင် တူရကီ အာကာသဆိုင်ရာ နည်းပညာတွေနဲ့ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုပါ အထိနာစေလိမ့်မယ်လို့ သတိပေးလာခဲ့ပါတယ်။ တူရကီအနေနဲ့ ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူတာကို စွန့်လွှတ်လိုက်ဖို့ အမေရိကန်က အလွန်အမင်းဖိအားပေးလာချိန် တူရကီဒေသမီဒီယာက အရေးယူပိတ်ဆို့မှုတွေကိုရှောင်လွှဲနိုင်စေမယ့် အလှည့်ကျဖော်မြူလာတွေ ဥပမာ အဲဒီဒုံးကျည်ကာကွယ်ရေးစနစ်တွေကို တတိယအဖွဲ့အစည်းဖြစ်တဲ့ နိုင်ငံတွေဆီ ရောင်းချတာမျိုး သို့မဟုတ် အဲဒီနိုင်ငံတွေမှာ ဖြန့်ကြက်တာမျိုးလို လုပ်ဆောင်နိုင်တဲ့နည်းတွေကို သတင်းဖော်ပြခဲ့ပါတယ်။

ရောင်းစရာအကြောင်းမရှိ

သို့သော်လည်း ဒီသတင်းတွေထွက်ပေါ်လာတာနဲ့ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီး ကာဗူဆိုဂလူက ချေပထားပါတယ်။ ကျွန်ုပ်တို့အနေနဲ့ သဘောတူညီမှုတစ်ခု ပြုလုပ်ပြီးသွားပြီ။ ဒါတွေကို တတိယနိုင်ငံဆီ ရောင်းစရာအကြောင်းမရှိဘူး လို့ မတ် ၃၀ ရက်က ရုရှားနိုင်ငံခြားရေးဝန်ကြီးနဲ့အတူပြုလုပ်ခဲ့တဲ့ ပူးတွဲသတင်းစာရှင်းလင်းပွဲမှာ ၎င်းကပြောခဲ့တာပါ။ ရုရှားရဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်ကို တူရကီဆီပို့ဆောင်မယ့်ကိစ္စ ရွှေ့ဆိုင်းတာနဲ့ပတ်သက်ပြီးတော့ မကြာသေးမီကပေါ်ထွက်လာတဲ့ သတင်းတွေအပေါ် ကာဗူဆိုဂလူက အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် တူရကီဆီပို့ဆောင်မယ့်ကိစ္စကို ရွှေ့ဆိုင်းမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘာထုတ်ပြန်ချက်မှမရှိဘူးလို့ ဖြေရှင်းထားပါတယ်။

စစ်ဆေးစောင့်ကြည့်ဖို့ ကော်မတီဖွဲ့မည်

နေတိုးမဟာမိတ်အဖွဲ့ဝင်ဖြစ်တဲ့ အမေရိကန်နိုင်ငံဆီက လုပ်ဆောင်လာတဲ့ အရေးယူပိတ်ဆို့မှုကို ရှောင်လွှဲဖို့ ကြိုးပမ်းတဲ့အနေနဲ့ တူရကီဟာ လက်ရှိအချိန်အတောအတွင်းမှာ အက်ဖ် ၃၅ ဂျက်လေယာဉ်အသုံးပြုခြင်းအပေါ် အမေရိကန်ရဲ့ စိုးရိမ်မကင်းဖြစ်ရတဲ့အချက်တွေကို စစ်ဆေး စောင့်ကြည့်ဖို့အတွက် နည်းပညာဆိုင်ရာ ပူးတွဲကော်မတီတစ်ရပ် ကို အမေရိကန်နဲ့အတူ ထူထောင်သွားမယ့် နည်းလမ်းကိုသုံးဖို့ ရည်သန်နေခြင်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

တူရကီနောက်မဆုတ်ခဲ့

တူရကီသမ္မတဟာ ရုရှားနဲ့သဘောတူထားတဲ့ ၎င်းရဲ့ ကတိကဝတ်ကို နောက်မဆုတ်ခဲ့သလို ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူဖို့ကို သဘောတူထားပြီဖြစ်ပြီး အဲဒီကာကွယ်ရေးစနစ်တွေကို လာမယ့်ဇွန်လမှာ စတင်ပို့ဆောင်သွားမယ်လို့ အလေးအနက်ပြောခဲ့ပါတယ်။ ပြီးတော့ တစ်ချိန်တည်းမှာပဲ ပူးတွဲကော်မတီဖွဲ့စည်းရေးကိစ္စကိုလည်း အမေရိကန်အနေနဲ့ အချိန်တစ်ခုသတ်မှတ်ဖို့ တိုက်တွန်းနေတယ်လို့ အန်ကာရာအခြေစိုက် နိုင်ငံရေးသတင်းသမားတစ်ဦးက ပြောခဲ့ပါတယ်။

တူရကီအတွက်တော့ နေတိုးမဟာမိတ်နိုင်ငံနဲ့ နည်းပညာဆိုင်ရာ ကော်မတီတစ်ရပ်ကို အတူဖွဲ့စည်းတာဟာ အမေရိကန်ရော တူရကီအတွက်ပါ ဆုပ်ထားတဲ့လက်သီးတွေ ဖြေလျှော့သွားစေနိုင်တဲ့ ရလဒ်တွေထွက်ပေါ်လာစေမယ့် ခြေလှမ်းတစ်လှမ်းဖြစ်လာလိမ့်မယ်လို့ ကျွမ်းကျင်သူတွေက ဝေဖန်ထောက်ပြကြပါတယ်။

တုံ့ပြန်မှုမရှိသေး

အကယ်၍ နည်းပညာကော်မတီကို ဖွဲ့စည်းလိုက်တဲ့အခါ ဒီလိုလုပ်ဆောင်လိုက်တဲ့ ဖြစ်နိုင်ဖွယ်ရလဒ်က တူရကီကို နိုင်ငံတကာပြိုင်ကွင်းထဲမှာ ကျေနပ်နှစ်သိမ့်မှုရလာစေနိုင်မှာဖြစ်တဲ့အပြင် နှစ်နိုင်ငံဟာ မျှော်မှန်းထားတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ နောက်ဖေးတံခါးဖွင့်တဲ့ သံခင်းတမန်ခင်းပရိယာယ်အားဖြင့် ခြေလှမ်းတွေရှေ့ဆက်လာနိုင်တယ်လို့ ဆိုနိုင်ပါတယ်။ ဘယ်လိုပင်ဖြစ်စေ လတ်တလောမှာတော့ အမေရိကန်နဲ့ တူရကီနှစ်နိုင်ငံခေါင်းဆောင်တွေအကြား လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ တယ်လီဖုန်းနဲ့ ဆက်သွယ်ဆွေးနွေးခဲ့တယ်ဆိုပေမယ့် နေတိုးအဖွဲ့အာဏာပိုင်တွေ ပါဝင်မယ့် ကော်မတီတစ်ရပ်ဖွဲ့စည်းရေး တူရကီရဲ့ကမ်းလှမ်းမှုကို အမေရိကန်က တုံ့ပြန်မှုမရှိသေးပါဘူး။

ပေါက်ကွဲအားပြင်းထန်နိုင်တဲ့အခြေအနေ

လတ်တလောအချိန်မှာ ရုရှားလုပ် အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူဖို့ ဆုံးဖြတ်ထားတဲ့ တူရကီရဲ့ရပ်တည်ချက်သဘောထားဟာ အမေရိကန်နဲ့ တူရကီကြားမှာ အလွန်ပေါက်ကွဲမှုအားပြင်းထန်နိုင်တဲ့ ပဋိပက္ခအခြေအနေတစ်ခုဖြစ်တယ်လို့ နိုင်ငံရေးလေ့လာသူအများစုက ယုံကြည်နေကြတာကို တွေ့ရပါတယ်။ အက်စ် ၄၀၀ ဒုံးကျည်ကာကွယ်ရေးစနစ် ပို့ဆောင်မယ့် သတ်မှတ်ရက်အပေါ်မူတည်ပြီး နှစ်ဖက်စလုံးဟာ အဖြေရှာဖို့မဖြစ်မနေလိုအပ်တဲ့ အခြေအနေဖြစ်တယ်လို့ ဟာရီရတ် နေ့စဉ်သတင်းစာရဲ့ ပင်တိုင်ဆောင်းပါးရှင်တစ်ဦးဖြစ်တဲ့ ဘာဆင်ယီနန်စ်က သုံးသပ်ပြောကြားခဲ့ပါတယ်။

ကိုးကား- ဆင်ဟွာ

> “တူရကီသမ္မတဟာ ရုရှားနဲ့သဘောတူထားတဲ့ ၎င်းရဲ့ကတိကဝတ်ကို နောက်မဆုတ်ခဲ့သလို ဒုံးကျည်ကာကွယ်ရေးစနစ်ဝယ်ယူဖို့ကို သဘောတူထားပြီဖြစ်ပြီး အဲဒီကာကွယ်ရေးစနစ်တွေကို လာမယ့်ဇွန်လမှာ စတင်ပို့ဆောင်သွားမယ်”

နိုင်ငံတကာသတင်းတိုထွာ

တရုတ်သံအမတ်ကြီးကို ရုရှားနိုင်ငံက Order of Friendship ဆုချီးမြှင့်

ပေကျင်း မေ ၁၄

ရုရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီဟွီကို ရုရှားသမ္မတ ဗလာဒီမာပူတင်က မေ ၁၃ ရက်တွင် Order of Friendship ဆုချီးမြှင့်လိုက်ကြောင်း သိရသည်။

Order of Friendship ဆုချီးမြှင့်လိုက်သည့် သမ္မတအမိန့်ကို ရုရှားနိုင်ငံ၏ တရားဝင်သတင်းဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရေး အကူအညီပေးခဲ့ပြီး နှစ်နိုင်ငံ ယဉ်ကျေးမှုများ ဖလှယ်မှုနှင့် အပြန်အလှန်ကြွယ်ဝမှုများဖြစ်စေရန် ၎င်း၏ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုများကြောင့် ရုရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီဟွီကို Order of Friendship ဆုချီးမြှင့်လိုက်ကြောင်း သိရသည်။ **ဆင်ဟွာ**

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်၌ အာဖရိက ဝက်တုပ်ကွေး ကူးစက်မှုဖြစ်ပွား

ဟန္ွိုင်း မေ ၁၄

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟူဂျီယန်ပြည်နယ်၌ အာဖရိက ဝက်တုပ်ကွေးရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ပြီး မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသအတွင်း ယင်းရောဂါကူးစက်ခံရသည့် ပထမဆုံးဒေသတစ်ခုဖြစ်လာခဲ့ကြောင်း ဒေသဆိုင်ရာ အွန်လိုင်းသတင်းစာ VnExpress က မေ ၁၄ ရက်တွင် ဖော်ပြသည်။

အာဖရိက ဝက်တုပ်ကွေးရောဂါသည် Vi Thuy ဒေသရှိ အိမ်ထောင်စုနှစ်ခုတို့မှ ဝက် ၆၈ ကောင်တို့တွင် ကူးစက်ခဲ့ပြီး ယင်းဝက်များကို ရွှေးနုတ်ဖယ်ထုတ်ခဲ့ရကြောင်း ပြည်နယ်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ပြောဆိုမှုကို ကိုးကားလျက် အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။

ဟန်ယန်ပြည်နယ်မြောက်ပိုင်းတွင် ဖေဖော်ဝါရီလအစောပိုင်းက အာဖရိက ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုရှိကြောင်း စုံစမ်းသိရှိခဲ့သည်။ ယင်းရောဂါသည် တစ်နိုင်ငံလုံးရှိ ဒေသပေါင်း ၂၉ခုဆီသို့ မကြာသေးမီက ကူးစက်ပျံ့နှံ့သွားခဲ့ပြီး မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အများဆုံး ကူးစက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းစာတွင် ဖော်ပြထားသည်။အာဖရိကဝက်တုပ်ကွေးရောဂါသည် မေ ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံရှိ ဝက်ကောင်ရေ ၁ ဒသမ ၂ သန်းကျော်ကို ကူးစက်ခဲ့ပြီး နိုင်ငံအတွင်းရှိ စုစုပေါင်းဝက်ကောင်ရေ၏ ၄ရာခိုင်နှုန်း ကူးစက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ဗီယက်နမ်သတင်းအေဂျင်စီကဖော်ပြသည်။ **ဆင်ဟွာ**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေပြည်သာမြို့နယ်အတွင်းရှိ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံဆွေးနွေးကြစဉ်။

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့နှင့်အတူ ယမန်နေ့က ရွှေပြည်သာမြို့နယ်အတွင်းရှိ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းပြီး စက်မှုဇုန်အဆင့်မြှင့်တင်ရေးဆောင်ရွက်ရန်၊ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ဆောင် နိုင်ရန်အတွက် ဇုန်ကို အမှိုက်သိမ်းစနစ်၊ ရေဆိုးစွန့်ပစ်မှုစနစ်များ စနစ်တကျရှိရေးတို့အတွက် ဇုန်ကော်မတီဝင်ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ရန်၊ ဇုန်အတွင်း One Stop Service လုပ်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဇုန်အတွင်း အလုပ်လုပ်ကိုင်နေသောသူများသည် အလုပ်အကိုင်ရပြီး နေစရာအိမ်မရှိ၍ ကျူးကျော်မှုများ ဖြစ်နေကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိကြောင်း၊ ဇုန်အတွင်း ရှေ့ဆက်သွားမည့်ပုံစံများကို စနစ်တကျ ဆောင်ရွက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် စက်မှုဇုန်(၁)၊ ဝါးတရာနှင့်သာခုကန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသိမ်း၊ စက်မှုဇုန် (၂၊ ၃၊ ၄)ဥက္ကဋ္ဌ ဒေါက်တာ ထင်ကျော်ဦးတို့က စက်မှုဇုန်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများနှင့် ဇုန်အတွင်းတွေ့ကြုံနေရသည့် အခက်အခဲများနှင့် ပြဿနာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်မှုဇုန် (၄)ရှိ Suma Win Win အထည်ချုပ်စက်ရုံ၊ မီးသတ်ရေကန်တည်ဆောက်မည့်မြေနေရာ၊ စက်မှုဇုန် (၂) နှင့် (၃)ကို ဖြတ်သန်းစီးဆင်းနေသော တကူခြံချောင်းတို့ကို ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန် / ဆက်)

ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် ချိတ်ဆက်ထားသည့်လမ်း အဆင့်မြှင့်တင်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း ကွင်းဆင်းကြည့်ရှု

တောင်ငူ မေ ၁၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့ကို ချိတ်ဆက်ထားသည့် တောင်ငူမြို့ - လိပ်သို - ယာဒို- လွိုင်ကော်-ဟိုပုံးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို မေ ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်ထွန်းက ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် ချိတ်ဆက်ထားသည့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုဆောင်ရွက်နေသည့် ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ် ချိတ်ဆက်ထားသော တောင်ငူမြို့-လိပ်သို-ယာဒို- လွိုင်ကော်-ဟိုပုံးလမ်းဖြစ်ပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့်ပါ ချိတ်ဆက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပြီး ဒေသအတွင်း ကုန်စည်စီးဆင်းရေးအတွက် အလွန်အရေးပါလာမည့် လမ်းတစ်ခုဖြစ်ကာ လမ်းဘေးကျေးရွာများလည်း လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန်အတွင်း အမြန်ဆုံးနှင့် အကောင်းဆုံးပြီးစီးနိုင်ရေး မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ လမ်းမိုင် ၁၈ မိုင် ၄ ဖာလုံရှိပြီး ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၆၄၉၁ ဒသမ ၆၈၈၀ ဖြင့် Myanmar Shwe Tharaphu Construction & Yaung Ni Oo Co., Ltd(JV) တို့မှ JICA poverty reduction phase 2 အဖြစ် မိုင် ၇/၆ မှ ၁၈/၂ အတွင်း ၁၀ မိုင် ၄ ဖာလုံကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစဉ်။

ကရင်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်ရေး ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြစဉ်။

ပထမသုံးလအတွင်း ကရင်ပြည်နယ်သို့ နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ပြည်ပခရီးသွားဧည့်သည် ၆၈၁၃၈ ဦး လာရောက်လည်ပတ်

ဘားအံ မေ ၁၄

ယခုနှစ် ပထမသုံးလ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လတို့တွင် နိုင်ငံပေါင်း ၈၁ နိုင်ငံမှ ပြည်ပခရီးသွားဧည့်သည် ၆၈၁၃၈ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ယမန်နေ့က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၁/၂၀၁၉) အစည်းအဝေးမှ သိရသည်။

အလားတူ ပြည်တွင်းခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာလည်း ပထမသုံးလအတွင်း ၂၇၃၆၄၈ ဦး လာရောက်လည်ပတ်ခဲ့ကြပြီး ဘားအံ၊ မြဝတီနှင့် သံတောင်ကြီးဒေသတို့သို့ အများဆုံး သွားရောက်လည်ပတ်ခဲ့ကြကာ ခရီးသွားဧည့်သည်များ ပိုမိုဝင်ထွက်သွားလာနိုင်စေရန်နှင့် ဒေသ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်သည်ဟု သိရသည်။

အစည်းအဝေးတွင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးအေးမောင်လှိုင်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတာဝန်များနှင့် ပြည်နယ်လိုင်စင်စိစစ်ရေးအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသော Air Tour Myanmar Co., Ltd၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ပြည်နယ်ဧည့်လမ်းညွှန်အသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အတွင်း ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ တစ်နှစ်လျှင် ပြည်ပခရီးသွား ၄၀ ရာခိုင်နှုန်း၊ ပြည်တွင်းခရီးသွား ၆၀ ရာခိုင်နှုန်းကျော်ခန့် တိုးတက်လျက်ရှိကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

စစ်တွေမြို့ပေါ်ရပ်ကွက်များ ရေပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းစည်းဝေး

စစ်တွေ မေ ၁၄

စစ်တွေမြို့ပေါ်ရပ်ကွက်များတွင် နွေရာသီကာလရေပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က နွေရာသီကာလဖြစ်သည့်အတွက် စစ်တွေမြို့ပေါ်ရပ်ကွက်များတွင် ဖြစ်ပေါ်နေသော အခက်အခဲများ၊ ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မည်သို့ဆောင်ရွက်နေကြသည်ကို သိရှိလို၍ ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့ပေါ်တွင် နှစ်စဉ်နှစ်တိုင်း ရေအခက်အခဲနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခုနှစ်တွင် ကန်တော်ကြီးရေပြတ်လပ်သွားသော်လည်း အများပြည်သူရေပြတ်လပ်မှုမရှိအောင် စည်ပင်သာယာရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ရေပိုက်လိုင်း မဆက်သွယ်နိုင်သည့်နေရာများတွင် နေထိုင်ကြသော ပြည်သူများအတွက် ရေရရှိရန် စည်ပင်သာယာရေးအဖွဲ့က မည်သို့ကူညီဖြေရှင်းပေးရမည်ကို တက်ရောက်လာကြသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးမှူးက စစ်တွေမြို့ပေါ်သို့ ရေဖြန့်ဝေပေးနေသည့် ကန်တော်ကြီး၏အခြေအနေ၊ ပြည်သူများရေပြတ်လပ်မှုမရှိစေရေး မြေအောက်အဝီစိရေတွင်းများ တူးဖော်ပြီး ရေဖြည့်တင်းပေးနေမှုအခြေအနေနှင့် စစ်တွေမြို့သန့်ရှင်းသာယာရေး အမှိုက်သိမ်းဆည်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လက်ရှိအချိန်တွင် မြို့ပေါ်ရပ်ကွက်များ၌ ရေပြတ်လပ်မှုမရှိစေရေးအတွက် မြေအောက်အဝီစိရေတွင်း ၅၅ တွင်းကို တူးဖော်ကာ ပင်မရေပိုက်လိုင်းကို ရေဖြည့်သွင်းပြီး ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

စစ်တွေမြို့ပေါ်ရပ်ကွက်များ နွေရာသီကာလ ရေပြတ်လပ်မှုမရှိစေရေး တာဝန်ရှိသူများ ဆွေးနွေးကြစဉ်။

ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) တည်ဆောက်ရေးစီမံကိန်း အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်

ရန်ကုန် မေ ၁၄

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ အင်ဂျင်နီယာတို့ ပူးပေါင်းဆောင်ရွက်သော ပဲခူးမြစ်ကူးတံတား(သန်လျင်အမှတ်-၃)တည်ဆောက်ရေးစီမံကိန်းအကြို အင်ဂျင်နီယာလုပ်ငန်းများကို ယမန်နေ့မှ စတင်၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သန်လျင် တံတားဟောင်းနှင့် ကပ်လျက် မီတာ ၁၅၀ အကွာတွင် တည်ဆောက်လျက်ရှိသော သန်လျင်အမှတ်-၃ တံတားကြီးမှာ မီတာ ၃၅၀၀ ရှည်လျားပြီး တံတားအကျယ် ၂၈ မီတာခန့်နှင့် ရေပြင်အထက် ၈ မီတာ (ပေ ၃၀)တွင် တည်ဆောက်မည်ဖြစ်ပြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်ကို ဆက်သွယ်ထားသော တံတားကြီးတစ်စင်းဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်မှ ကုန်စည်များ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ဆောင်ရာတွင် စီးပွားရေးအရ အချက်အချာကျရာ မဟာဗျူဟာတံတားကြီးတစ်စင်းအဖြစ် နိုင်ငံတော်အတွက် အကျိုးရှိစေမည် ဖြစ်သည်။

သန်လျင်အမှတ်(၃)တံတားတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင်ဆောင်ရွက်နေစဉ်။

သန်လျင်တံတားအဆင်း ချဉ်းကပ်လမ်း၏မီးပွိုင့်မှစ၍ ရတနာလမ်းမကြီး တစ်လျှောက်တွင် ဘိုးပိုင်များ စိုက်ထူနိုင်ရန် မြေနေရာသတ်မှတ်မှုကို စတင်ဆောင်ရွက်လျက်ရှိပြီး ယာဉ်များ ပုံမှန်သွားလာနိုင်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းဝေးစေရန် အသိပေးဆိုင်းဘုတ်နှင့် အန္တရာယ်ကင်းဆိုင်းဘုတ်တို့ကို စိုက်ထူလျက် တံတားတည်ဆောက်မည့် မြစ်ကမ်းအနီးတွင် မြေတူးစက်ကြီးများဖြင့် မြေပြုပြင်ခြင်း လုပ်ငန်းကိုလည်း စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ရှုခင်းသာလမ်းဆုံမီးပွိုင့်မှ ရတနာလမ်းမကြီး၏ ၁၀၈ တောင်ဘုရားလမ်းပိုင်းတွင် ဘိုးပိုင်စိုက်ထူခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ရာ မြစ်ပြင်အကျယ်မီတာ ၁၀၀၀ ပေါ်တွင် တည်ဆောက်မည့် သန်လျင်အမှတ်(၃) တံတားကြီးကို အပိုင်းသုံးပိုင်းဖြစ်သည့် Package(1) (2)(3)ဖြင့်ခွဲခြားထားပြီး ပင်မ တံတားသည် Package(1) (2)ဖြစ်၍ Package(3) သည် Fly over ချဉ်းကပ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်သည်။

သန်းထိုက်

ပြည်တွင်းစပါးဈေးများ ကျဆင်းလျက်ရှိ

ရန်ကုန် မေ ၁၄

မြန်မာဆန်များ ပြည်ပတင်ပို့မှု လျော့နည်းနေပြီး ပြည်တွင်းစပါးဈေးများ ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းထံမှ သိရသည်။

ရန်ကုန်ဆိပ်ကမ်းအနီး ဆန်ဂိုဒေါင်သို့ ဆန်များလာရောက် ပို့ဆောင်နေစဉ်။

"လက်ရှိမှာ စပါးဈေးက ကျနေတယ်။ ပြည်ပပို့တာနည်းနေတယ်။ အရင်နှစ်က တရုတ်နယ်စပ်က ထွက်တယ်။ ဒီနှစ်က တရုတ်နယ်စပ်က မထွက်တော့ စပါးတွေက ပြည်တွင်းမှာ ပိုနေတာပေါ့" ဟု မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

စပါးဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းပတ်ဝန်းကျင်ခန့် ပေါက်ဈေးရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသော ဆန်စပါးကို အဓိက အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် နွေစပါးရိတ်သိမ်းချိန်ဖြစ်ပြီး စပါးဈေးဆက်လက်ကျဆင်းနိုင်ကာ ဈေးပြန်တက်ရန် အလားအလာမရှိကြောင်း ဆန်ကုန်သည်များက ခန့်မှန်းထားသည်။ စပါးဈေးကျဆင်းနေသောကြောင့် စပါးစိုက်ပျိုးသူ တောင်သူများအတွက် အခက်အခဲရှိနိုင်ကြောင်း ဆန်စပါးကုန်သည်များ အသင်းထံမှ သိရသည်။

ဝယ်လိုအားနည်းပြီး ဆန်စပါးအများအပြား စိုက်ပျိုးထားသည့်အတွက် ပုဂ္ဂလိကနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တင်ပြထားကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း

ဇန်းမော်မြို့ သိမ်မဟာစေတီဘုရားဝင်းရှိ ဘေးမဲ့ငါးကန်နှင့် လိပ်ကန်များအား ရေဖြည့်

ဇန်းမော် မေ ၁၄

ရာသီဥတုပူပြင်းလာမှုကြောင့် ကချင်ပြည်နယ် ဇန်းမော်မြို့တွင် သိမ်မဟာစေတီ ဘုရားဝင်းရှိ ဘေးမဲ့ငါးကန်နှင့် လိပ်ကန်တို့မှာ ရေခန်းခြောက်လာသဖြင့် ငါးများသေဆုံးမှုမရှိစေရန်အတွက် ဇန်းမော်နာရေးကူညီမှုအသင်းမှ ဦးဆောင်၍ ယမန်နေ့က ရေသယ်ယာဉ်များဖြင့် ရေထည့်ပေးလျက်ရှိသည်။

ဇန်းမော်နာရေးကူညီမှုအသင်းမှဥက္ကဋ္ဌ ဦးမောင်မောင်တာက "အသင်းကနေပြီးမှ တတ်နိုင်သလောက် ကုန်ကျခံတာပါ။ တအားပူတဲ့အခါ ရေကလည်းတော်တော် ခန်းခြောက်လာတယ်။ မနေ့ကတော့ ငါးသေတာရှိတယ်။ နောက်ထပ် ဆက်ပူမယ်ဆို ငါးတော်တော်သေမှာ။ မနှစ်က အကောင် ၁၀၀ လောက်သေတယ်။ ဒီနှစ်ကတော့ မနှစ်ကလို မဖြစ်အောင် ကြိုပြီး ရေထည့်တာပါ" ဟု ပြောသည်။

ဇန်းမော်မြို့ အလယ်ရပ်၊ မြို့မရပ်၊ မင်းကုန်းရပ်၊ ပေါက်ကုန်း၊ ဟန်းတဲနှင့် ခွန်သာရပ်ကွက်တို့မှ အရန်မီးသတ်ရေသယ်ယာဉ်များ၊ ဇန်းမော်မြို့နယ် ရေသယ်ယာဉ်၊ ဇန်းမော်ခရိုင်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်များဖြင့် ကန်ထဲသို့ ရေထည့်ပေးလျက်ရှိသည်။

သျှမ်းကလေး (ဇန်းမော်)

ပန်းတောင်းမြို့နယ်တွင် အမှိုက်ကင်းစင်ရေးလုပ်ငန်းစတင်ဆောင်ရွက်

ပန်းတောင်း မေ ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ပန်းတောင်းမြို့နယ်တွင် အမှိုက်ကင်းစင်ရေးလုပ်ငန်းကို မေ ၁၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ပန်းတောင်းမြို့နယ်မှာ ရပ်ကွက်/ကျေးရွာအုပ်စုက ၄၉ အုပ်စုနဲ့ ကျေးရွာပေါင်း ၂၁၀ ရှိပါတယ်။ ပန်းတောင်းမြို့ပေါ်ကစပြီး အမှိုက်ကင်းစင်ဖို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းတွေ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်တွေ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းတွေ၊ ဌာနပေါင်းစုံမှဝန်ထမ်းတွေ၊ ကျောင်းသား/ကျောင်းသူတွေနဲ့ ပြည်သူလူထုပူးပေါင်းပြီး လမ်းတွေနဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ ပလတ်စတစ်စတွေ သုံးစွဲပြီး ကြွပ်ကြွပ်အိတ်တွေ စတဲ့အမှိုက်တွေကောက်ပြီး လူနေအိမ်ခြေဝေးတဲ့နေရာများမှာ အမှိုက်ကျင်းတွင် စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းလုပ်ငန်းများ လုပ်ဆောင်နေပါတယ် " ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပန်းတောင်းမြို့နယ်အတွင်း အမှိုက်ကင်းစင်ရေးအတွက်လုပ်ငန်းများကို မေလမှ စတင်ဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကျေးရွာများအားလုံး ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့် (ပန်းတောင်း)

သဘာဝဘေးန္တရာယ်ကာကွယ်ရေး ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေး။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၅-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၆၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၅၈၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၆၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၅၅/၁၀၀၀ ကျပ်	၁၀၀၀/၁၀၂၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၆၅/၁၀၁၀ ကျပ်	၁၀၁၅/၁၀၄၀ ကျပ်
အောက်တိန်း ၉၂	၈၅၀/၉၀၀ ကျပ်	၉၄၅/၉၆၅ ကျပ်
အောက်တိန်း ၉၅	၉၂၀/၉၇၀ ကျပ်	၁၀၁၀/၁၀၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၃ ・ ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၃၄ ・ ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၇ ・ ၆
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၉၉၇ ・ ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၀၇ ・ ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၇၁ ・ ၄
တရုတ်	တစ်ယွမ်	ကျပ် ၂၂၄ ・ ၂၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ ・ ၉၃၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၉ ・ ၉၂
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၉ ・ ၉၈
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၉၆၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အိန္ဒြာကျော်ဇင်ကို ပြောင်းလဲမှု ဖြစ်သွားစေသည့် “ဒေါင်းနီ” ကာရိုက်တာ

ကိုလင်း

စာရေးဆရာမ “သျှင်မ” ရေးသားသောဝတ္ထုကို ဇာတ်လမ်းအဖြစ် ပုံဖော်ရိုက်ကူးထားသည့် “ဟစ်တိုင်” ဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားတွင် အဓိကဇာတ်ဆောင် အဖြစ် အကယ်ဒမီအိန္ဒြာကျော်ဇင်က ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားသည် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အဓိကထား ရိုက်ကူးထားသော ပညာပေး ဇာတ်ကားဟုသိရသည်။

မေး ။ “ဟစ်တိုင်”ဇာတ်ကားက “ဒေါင်းနီ”ဆိုတဲ့ ကာရိုက်တာအပေါ် အူဝဲရဲ့ခံစားစီးမျောမှုကို ပြောပြပေးပါ။

ဖြေ ။။ ဒေါင်းနီကာရိုက်တာကို အကောင်းဆုံး သရုပ်ဆောင်ထားပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဒေါင်းနီဖြစ်အောင် စိတ်တွေရော၊ ပုံပန်းသဏ္ဌာန်တွေကိုရော အကုန်လုံးတူအောင် ကြိုးစားထားပါတယ်။ ဒီဇာတ်လမ်းလေးကို အဓိကရိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဆရာမသျှင်မရဲ့ဝတ္ထုလေးမှာ သက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး ပညာပေးအကြောင်းလေး ကြည့်ရှုသူပရိသတ်တွေကို ရစေချင်တာကြောင့် ရိုက်ဖြစ်တာပါ။ ဒီရပ်ရွာတွေ၊ နယ်တွေမှာရှိတဲ့ သမီးမိန်းကလေးတွေရဲ့ အမေတွေကိုလည်း ဒီအကြောင်း လေးတွေကို သိစေချင်ပါတယ်။ ဒီဇာတ်ကားလေးကို မေ ၁၆ ရက်မှာ ရုံတင်ပါမယ်။ လာအားပေးကြပါလို့ ပရိသတ်တွေကို ပြောချင်ပါတယ်။

မေး ။ ဒီကားအတွက် အူဝဲရဲ့ကြိုးစားမှုပိုင်းတွေကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ ။ စိတ်လည်း အလွန်ပင်ပန်းတယ်။ လူလည်း အလွန်ပင်ပန်းပါတယ်။ ရိုက်ကွင်းမှာဆိုရင်လည်း အူဝဲတို့ တည်းတဲ့နေရာကနေ ရိုက်ကွင်းနေရာကို ကား တစ်နာရီကျော်လောက် မောင်းသွားရပါတယ်။ စိတ်ပင်ပန်းတာကတော့ ဇာတ်ကား မရိုက်ခင် ဆရာမသျှင်မရဲ့ ဝတ္ထုကို စပြီးတော့ ဖတ်တဲ့အချိန်မှာကတည်းက စိတ်က ဒေါင်းနီဟာ သူ့သမီးလေးကြောင့် ခံစားရတဲ့ ခံစားချက်က ကိုယ့်ရင်ထဲမှာ အလွန်ကို ဆို့နင့်စေပါတယ်။ ကိုယ်ကလည်း ဒီကာရိုက်တာနေရာက ရိုက်ကူးတာဆိုတော့ ဒီလို Mood မျိုးကို နေ့တိုင်း စိတ်ထဲမှာထည့်ထားရတာကြောင့် နေ့တိုင်းပင်ပန်းပါတယ်။ ရိုက်ရင်းနဲ့လည်း ကိုယ်တိုင် ဖြစ်နေတဲ့အတိုင်းကို ရိုက်ရပါတယ်။

မေး ။ ရိုက်ကွင်းပေါ်က အမှတ်တရလေးတွေရှိရင် ပြောပြပေးပါဦး။

ဖြေ ။ ကိုယ့်သမီးလေးကို ဒီလိုလုပ်တဲ့သူကို သတ်ပြီးတော့ အလောင်းကိုဆွဲလာတဲ့အချိန်၊ မုန်းတီးစိတ်တွေနဲ့ အော်လိုက်တဲ့အချိန်မှာ ဘယ်လိုဖြစ်သွားလဲ မသိဘူး။ ဒါရိုက်တာက ကတ်ဆိုပြီးတော့ အော်တယ်။ အဲဒီအချိန်မှာ စိတ်က ချက်ချင်းရပ်လို့မရဘဲ မောပြီး၊ ခြေတွေလက်တွေတုန်ပြီး အကြောတွေပါ ကပ်သွားပါတယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုအကုန်လုံးက ဝိုင်းပြီး တော့ ပြန်ပြုစုပေးရတယ်။ အဓိက ကတော့ စိတ်ကရောက်သွားပြီး အဲဒီလိုဖြစ်သွားတယ်လို့ပဲ ထင်ပါတယ်။ ရိုက်ကွင်း စပြီဆိုရင်လည်း အဲဒီမှာရှိတဲ့ ဒေသခံရွာတွေက ရွာသူရွာသားတွေကလည်း တော်တော်လေးကို လာအားပေးကြပါတယ်။ လူတွေအလွန်များပြီး တချို့အချိန်တွေ မှာ အသံတွေပါနေတဲ့အတွက် ရှုတင်ဖျက်လိုက်ရတဲ့နေ့တွေလည်း ရှိပါတယ်။ အဲဒီလို ပရိသတ်တွေ အားပေးကြတာကိုပဲ အူဝဲက ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ရိုက်ရတာ အခက်အခဲရှိတယ်ဆိုပေမယ့်လည်း ကိုယ့်စိတ်ထဲမှာ သြော် ကိုယ်တွေကို ချစ်လို့ အားပေးကြတာပဲဆိုတာကြောင့် ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။

ဒီဇာတ်ကားမှာ သက်ငယ်မုဒိမ်းနဲ့ ပတ်သက်ပြီးတော့ ပညာပေးအပိုင်းတွေ အပြင် မမေသန်းနုတို့ဘက်ကလည်း မိသားစုဇာတ်လေးတစ်ခု၊ မိသားစုပြဿနာ အကြောင်းအရာလေးတစ်ခုလည်း ပါဝင်ပါတယ်။ အဲဒီလိုပြဿနာလေးတွေရှိတဲ့ မိသားစုမှာ မမေသန်းနုနဲ့အတူ မျက်နှာသစ်သရုပ်ဆောင်လေးတွေကလည်းပါဝင်ပြီး သူတို့လည်း ကြိုးစားသရုပ်ဆောင်ထားပါတယ်။ သူတို့ကိုလည်း ကြိုဆိုအားပေးကြပါ။ အူဝဲတို့လည်း အသစ်ကနေပဲ စခဲ့ရတာပါ။ အဲဒါကြောင့် အသစ်လေးတွေကိုလည်း နေရာပေးကြိုဆိုကြပါလို့ ပြောချင်ပါတယ်။

“ဇာတ်လိုက်” ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားကြီး ပဲခူးရိုးမတောထဲရှိ ရှိန်းခါးရွာတွင် သွားရောက်ရိုက်ကူးမည်

အမျိုးသားစာပေဆုရ စာရေးဆရာတင်ညွန့်၏ “ရိုးမပေါ်ကျတဲ့မျက်ရည်” ဝတ္ထုကို Bo Bo ရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်း/ ဇာတ်ညွှန်း သက်ဦးမောင်နှင့် မင်းသခင်တို့ ရေးသားကာ ဒါရိုက်တာ ကိုပေါက်က ဖန်တီးပုံဖော်ရိုက်ကူးသွားမည့် “ဇာတ်လိုက်” ရုပ်ရှင်ကားကြီးတွင် မြင့်မြတ်၊ ထူးအောင်၊ အောင်ရဲချမ်း၊ လင်းအောင်ခေတ်၊ ကောင်းမြတ်စံ၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်၊ မေမြင့်မိုရ်၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ ညောင်ညောင်၊ ဆင်မ၊ အောင်ပိုင်၊ မင်းသူ၊ ချောကလျာ၊ သဲနန္ဒာစိုး၊ ဆုလတ်ရတနာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီကားက ဖြစ်ရပ်မှန်ဆိုတော့ ဖြူဖြူမြင့်ဆိုတဲ့ နေရာကနေ မခိုင်လေးက သရုပ်ဆောင်ပါတယ်။ ဇာတ်လမ်းအစပိုင်းမှာ ကိုယ့်ညီမနဲ့ ပတ်သက်ပြီးတော့ ဒီမင်းသားနဲ့ ဆုံဖြစ်ခဲ့တယ်။ ပြီးတော့ အူဝဲက ယောကျ်ားလျာကာရိုက်တာနဲ့ လုပ်ထားတာလေ။ မင်းသားအောင်ရဲချမ်းက ကျောင်းဆရာလေးအဖြစ် သရုပ်ဆောင်ထားတယ်။ အဓိကကတော့ ကျောင်းဆရာတစ်ယောက်ရဲ့ ဖြူစင်တဲ့ စိတ်ကိုပြချင် တာကို ရည်ညွှန်းထားတာပါ။ တစ်ရွာလုံးကိုလည်းချစ်တယ်။ ကျောင်းသား ကျောင်းသူတွေအပေါ်မှာလည်း အလွန်ချစ်တယ် ဆိုတာကို ပြချင်တာပေါ့။

နောက်ပိုင်းလေးမှာတော့ ဒရမ်မာ ပုံစံလေးတွေ၊ အထင်လွဲပြီး သူ့ကိုဝိုင်းပြောကြတဲ့ အခန်းလေးတွေပါမယ်။ ဇာတ်သိမ်းမှာလည်း ဝတ္ထုနဲ့မတူတဲ့ အရာလေးတွေ ထပ်ထည့်ထားပါတယ်။ မခိုင်လေးအတွက်တော့ ထပ်ထည့်တာပါ။ မခိုင်လေးက ဘယ်လိုကာရိုက်တာမဆို လက်ခံတတ်တယ်။ ကိုပေါက်က မတူတာလေးတွေကို ချပြချင်တယ်လေ။ မခိုင်လေးက အဲဒီလို ကာရိုက်တာတွေ လုပ်တာရှေ့မှာရှိပါတယ်။ ကိုယ်က အလွန်လှတဲ့ထဲမှာမပါလို့ အလွန်လှတဲ့သူအဖြစ်နဲ့တော့ မလုပ်ချင်ပါဘူး” ဟု သရုပ်ဆောင် ခိုင်သင်းကြည်က ပြောသည်။

အဆိုပါ ဇာတ်ကားကို ထုတ်လုပ်ရိုက်ကူးမည့် Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ယင်းဇာတ်ကားကို မရိုက်ခင် သေချာတိုင်ပင်ပြီးမှ ဝတ္ထုထဲကအတိုင်း ဖြစ်ရပ်မှန်ကို အခြေခံကာ ရိုက်ကူးခြင်းဖြစ်သောကြောင့် အမှားအယွင်း မဖြစ်စေရန် သတိထား ရိုက်ကူးမည်ဖြစ်ကြောင်း ယခု လ ၁၅ ရက်မှ စတင်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမ အတွင်းရှိ ရှိန်းခါးရွာတွင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

ဆင္ဒမမြောက်တေးစီးရီးကို “လူပေ” အမည်နှင့် ထွက်ရှိလာသည့် ရိန်မိုး

တေးသံရှင်ရိန်မိုး၏ ဆဋ္ဌမမြောက် တေးသီချင်းခွေဖြစ်သည့် “လူပေ”ဟု အမည်ပေးထားသည့် စီဒီ/ ဗွီစီဒီ ကာရာအိုကေစီးရီး မိတ်ဆက်ပွဲကို Orchid Hotel ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ သီချင်းခွေနှင့် ပတ်သက်၍ တေးသံရှင်ရိန်မိုးက “ဒီအခွေကို လူပေလို့ ပေးထားတယ်။ ဒီအခွေလေးက ကျွန်တော့်ရဲ့တစ်ကိုယ်တော် ခြောက်ခွေမြောက်ပါ။ လူပေလို့ပေးဖြစ်တာက ဒီသီချင်းက အလွန်ကို ချစ်စရာကောင်းတယ်လေ။ ဒီသီချင်းက ကျွန်တော့်ကို အားအင်တွေဖြစ်စေတဲ့အတွက်ကြောင့်မို့ နာမည်လေးကိုလည်း ကြိုက်လို့ပေးဖြစ်တာပါ။

သီချင်းခွေကို သိပ်အကြာကြီး မလုပ်လိုက်ရပါဘူး။ ရိုက်ကူးရေးပိုင်းဆိုင်ရာတွေရောမှ လေးငါးခြောက်လလောက်ပဲကြာတယ်။ သီချင်းကတော့ အားလုံးပေါင်း ခုနစ်ပုဒ်ပါမယ်။ Audio စီဒီရယ်၊ ဗွီစီဒီကာရာအိုကေရယ် တစ်ခါတည်း တွဲထွက်မှာပါ။ အွန်လိုင်းကနေ ဖြန့်ဖို့လည်း ရှိပါတယ်။ အွန်လိုင်း အက်ပလီကေးရှင်းမှာလည်း ရောင်းချသွားမှာပါ။

ကျွန်တော်တို့က ဂီတနဲ့ ပတ်သက်ပြီးတော့ လျှောက်လှမ်းနေကြတဲ့အပေါ်မှာ ဘယ်လိုပဲဖြစ်နေပါစေ။ တကယ်လို့များ ရပ်တန့်လိုက်မယ်ဆိုရင် ကျွန်တော် လုပ်ထားတဲ့ အရာအားလုံးက အလဟဿ ဖြစ်သွားမယ်။ကျွန်တော့် သီချင်းတွေကို နားထောင်ချင်တဲ့ ပရိသတ်ရှိနေဦးမှာပဲ။ အဲဒါကြောင့် သူတို့တွေအတွက် ဒီသီချင်းခွေလေးကို လုပ်ဖြစ်သွား တာပါ”ဟု ပြောသည်။

တေးသံရှင် ရိန်မိုး၏ လူပေဟု အမည်ပေးထားသော တေးစီးရီးသစ်ကို မေ ၁၉ ရက်တွင် မာစတာတေးသံသွင်းမှ စတင်ဖြန့်ချိတော့မည်ဖြစ်ပြီး လှည်းတန်းစင်တာ၌ ပရိမိုးရှင်းပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

ပင်ကိုစိတ်ကိုဖျောက်ပြီး တခြားသူ တစ်ယောက်စိတ်ကို ခံစားသရုပ်ဆောင်သည်ဟု ဆိုလာသည့် သရုပ်ဆောင်မေမြင့်မိုရ်

ရုပ်သံဇာတ်လမ်းတွဲများကြောင့် ပရိသတ်အားပေးမှု ရရှိထားသည့် သရုပ်ဆောင် မေမြင့်မိုရ်သည် ၂၀၁၈ ခုနှစ်အတွက် Star Award မှ ချီးမြှင့်သောဆုကို ရရှိထားသူလည်းဖြစ်သည်။ ၎င်းက MRTV-4 မှာ ပြသမည့် “ပျောက်ဆုံးနေသော အမှန်တရား” ရုပ်သံဇာတ်လမ်းတွဲကိုလည်း ရိုက်ကူးထားကြောင်း သိရသည်။

မေး ။ လက်ရှိ အနုပညာလှုပ်ရှားမှု လေးတွေကို ပြောပြပေးပါဦး။

ဖြေ ။ လက်ရှိကတော့ အန်ကယ်လေးတို့နဲ့ ပျောက်ဆုံးနေသော အမှန်တရားဆိုတဲ့ ဇာတ်လမ်းတွဲလေးရိုက်နေတယ်။ ဒီမေလ ပထမပတ်အတွင်းမှာပဲ ပြီးတော့မှာပါ။ MRTV-4 မှာ မကြာခင် ပရိသတ်တွေ ကြည့်ရတော့မှာပေါ့။ ဒီကားလေးကလည်း ပရိသတ်တွေ စိတ်ဝင်စားမယ့် ဇာတ်လမ်းလေးဖြစ်မယ်လို့ ထင်ပါတယ်။ တစ်ခါမှ မမြင်ဖူးသေးတဲ့ အိုက်တင်မျိုးတွေနဲ့ တွေ့မြင်ရပါမယ်။

မေး ။ ဇာတ်လမ်းတွဲကြောင့် ပရိသတ်က ပိုသတိထားမိတယ်ဆိုတော့ ဒီဇာတ်လမ်းရဲ့ ထူးခြားချက်ကရော ဘာဖြစ်မလဲ သိပါရစေ။

ဖြေ ။ မေလေး ဒီဇာတ်လမ်းတွဲကိုလည်း ကိုယ်တိုင်ကြိုက်နှစ်သက်လို့ လက်ခံဖြစ်တာပါ။ အရင်ရိုက်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေနဲ့လုံးဝကာရိုက်တာ မတူဘူး။ ဒီဇာတ်လမ်းက စိတ်လှုပ်ရှားစရာ ထိတ်လန့်ချောက်ချားဖွယ်လည်း ဖြစ်နေတယ်။အန်ကယ်လေးနဲ့က သားအဖပေါ့။ တစ်ယောက်ထဲနဲ့ စိတ်ကနှစ်မျိုး သရုပ်ဆောင်ရတယ်။ မေရဲ့ ပင်ကိုစိတ်ဖြစ်လိုက် တခြားသူ တစ်ယောက်စိတ်ကို ခံစား သရုပ်ဆောင်လိုက်ဆိုတော့ စိန်ခေါ်မှုတစ်မျိုးတော့ ဖြစ်ပါတယ်။ ကြောက်ဖို့ ကောင်းမယ်ဆိုတော့ အကောင်းဆုံးတော့ သရုပ်ဆောင်ထားပါတယ်။

မေး ။ ခုနောက်ပိုင်း သူရဲကားတွေ ရိုက်တာ များလာတယ်နော်။

ဖြေ ။ မေလေး သရဲကားရိုက်တာဆိုလို့ ဒီဇာတ်လမ်းတွဲ တစ်ခုတည်းပါ။ နောက် ရုပ်ရှင်မှာတော့ “ကြောက်ကြောက်ကြောက်” ပေါ့။ သရဲကား ရိုက်ကူးချိန်မှာတော့ အမြဲတမ်းကြောက်တဲ့ဖီလင်ကို ထည့်ထားရတယ်။

မေး။ ။ ရုပ်ရှင်ကားကြီးကရော ဘယ်လို ပုံစံဖြစ်မလဲ။

ဖြေ။ ။ ဒုတိယအပတ်လောက် ဆိုရင်တော့ ရုပ်ရှင်ကားကြီးတစ်ကားကို ရိုက်ကူး သွားဖို့ရှိပါတယ်။ ဒီကားကတော့ သဘာဝကျတဲ့ ဇာတ်ရုပ်ပေါ့။ နယ်ဘက်မှာ သွားရောက် ရိုက်ကူးရမှာဖြစ်လို့ ပြင်ဆင်နေပါတယ်။

မေး ။ မေလေးအနေနဲ့ ခုနောက်ပိုင်း ကာရိုက်တာရွေးချယ်မှုကို ပြောပါဦး။

ဖြေ ။ ကိုယ့်ကို လာကမ်းလှမ်းတဲ့ ကာရိုက်တာတိုင်းက ကိုယ်ကရွေးချယ် စရာမလိုဘဲနဲ့ သဘောကျပြီး လုပ်ကြည့် ချင်တဲ့ ကာရိုက်တာတွေ များပါတယ်။ ဒါကြောင့် မေ့ကို ယုံကြည်လို့လာအပ်တဲ့ ကာရိုက်တာပီပြင်အောင် အမြဲကြိုးစားနေပါတယ်။

မေး ။ တကယ်လို့ ဗီလိန်နေရာက ကမ်းလှမ်းလာ ရင်ရော။

ဖြေ ။ မေလေးက သရုပ်ဆောင် တစ်ယောက်ဖြစ်တဲ့အတွက် ကာရိုက်တာ မျိုးစုံကိုတော့ သရုပ်ဆောင်နိုင်ရမှာပေါ့နော်။ တကယ်လို့ ဗီလိန်နေရာက ကမ်းလှမ်းလာရင်လည်း လုပ်ရမှာပေါ့။ ပရိသတ်တွေ မုန်းသွားမှာလည်း မကြောက်တော့ မစိုးရိမ်တော့ပါဘူး။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

မိမိ၏ကျော်ကြားမှုကြောင့် သားသမီးတွေကို ထိခိုက်မှုဖြစ်စေတယ်ဟု ဂျနီဖာဂါနာပြော

ဟောလိဝုဒ်မင်းသမီး ဂျနီဖာဂါနာမှာ သားသမီးသုံးဦးရှိပြီး အလုပ်လုပ်တဲ့အချိန်ကလွဲရင် သားသမီးတွေနဲ့ပဲ အချိန်ကုန်လေ့ ရှိပါတယ်။ ဒါပေမယ့်လည်း ဂျနီဖာဂါနာရဲ့ သားသမီးတွေကတော့ သူတို့နောက်ကိုလိုက်နေတဲ့ ပါပါရာဇီသတင်းသမားတွေကြောင့် ထိခိုက်မှုရှိလာတယ်လို့ ဂျနီဖာဂါနာက ပြောပါတယ်။

အသက် ၁၃ နှစ်အရွယ် သမီးကြီး ဗိုင်အိုလက်ဟာ သူတို့မိသားစုနောက်ကို လိုက်နေတဲ့ ပါပါရာဇီတွေကြောင့် အများဆုံး ထိခိုက်ခံစားရသူလို့ ပြောပါတယ်။ ကလေးတွေနဲ့ အပြင်ထွက်တိုင်း ဓာတ်ပုံသမားတွေနောက်က တကောက်ကောက် လိုက်တာ ဘယ်လောက် စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းသလဲဆိုတာကို ဂျနီဖာဂါနာက ဖွင့်ဟပြောဆိုခဲ့ပါတယ်။

ဓာတ်ပုံသမားတွေ၊ သတင်းသမားတွေ တကောက်ကောက် လိုက်တာကို ကလေးတွေက လုံးဝမကြိုက်ကြပါဘူး။ အကြီးဆုံးသမီးက မကြိုက်ဆုံးပါလို့ ဂျနီဖာဂါနာက ပြောပါတယ်။ နောက်ထပ်ဟောလိဝုဒ် မင်းသမီးတစ်လက်ဖြစ်တဲ့ ဟယ်လီဘယ်ရီဟာလည်း ပါပါရာဇီတွေရဲ့ရန်က ဥပဒေအရ အကာအကွယ်ရဖို့ ကြိုးစားနေတဲ့သူပါပဲ။ ဂျနီဖာဂါနာကတော့ သူအပြင်ထွက်တိုင်း ကားခြောက်စီးကနေ အစီး ၂၀ အထိ သူ့နောက်က လိုက်ကြတယ်လို့ ပြောပါတယ်။ ဒါဟာ နာမည်ကြီးတဲ့လူတိုင်း ကြုံတွေ့ရတဲ့ ပြဿနာပါပဲ။ အဲဒီလိုမျိုး နောက်ကလိုက်လို့လည်း ယာဉ်မတော်တဆမှုဖြစ်မှာကို စိုးရိမ်နေရတယ်လို့ သူကဆက်ပြောပါတယ်။ သူ့ရဲ့ကလေးတွေဟာလည်း ဒီလိုနောက်က တကောက်ကောက်လိုက်ခံရတာကြောင့် သာမန်ကလေးတွေလို မကြီးပြင်းရဘဲ စိတ်အနှောင့်အယှက်ဖြစ်ရတယ်လို့ ဂျနီဖာဂါနာက ပြောပါတယ်။

ဟယ်လို

ဂျနီဖာဂါနာနှင့် သမီးဖြစ်သူ ဗိုင်အိုလက်တို့ကို တွေ့ရစဉ်။

ရုပ်ရှင်မင်းသမီးကြီး ဒေါရစ်ဒေး ကွယ်လွန်

ရုပ်ရှင်မင်းသမီးလည်းဖြစ်၊ အဆိုတော်လည်းဖြစ်တဲ့ မင်းသမီးကြီး ဒေါရစ်ဒေးဟာ မေ ၁၃ ရက်က ကွယ်လွန်သွားပြီလို့ သူ့ရဲ့ဖောင်ဒေးရှင်းကနေ ကြေညာခဲ့ပါတယ်။ သူ ကွယ်လွန်သွားတဲ့အချိန်မှာအနားမှာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေရှိနေခဲ့တယ်လို့ သူ့ရဲ့ဖောင်ဒေးရှင်းက ပြောပါတယ်။

ဒေါရစ်ဒေးဟာ လွန်ခဲ့တဲ့လက ၉၇ နှစ်ပြည့်မွေးနေ့ပွဲကို ကျင်းခဲ့ပြီး သူ့ရဲ့ပရိသတ်ပေါင်း ၃၀၀ ခန့် မွေးနေ့ပွဲကို တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒေါရစ်ဒေးဟာ အဆုတ်ရောင်ရောဂါကို အပြင်းအထန် ခံစားနေရပြီး အဲဒီရောဂါကြောင့်ပဲ သေဆုံးခဲ့ရပါတယ်လို့ ဖောင်ဒေးရှင်းက သတင်းထုတ်ပြန်ပါတယ်။

ဒေါရစ်ဟာ ဟောလိဝုဒ်သမိုင်းမှာ လူကြိုက်အများဆုံး မင်းသမီးအဖြစ် စာရင်းဝင်ပြီး ၁၉၆၀၊ ၁၉၆၂၊ ၁၉၆၃ နဲ့ ၁၉၆၄ ခုနှစ်တို့မှာ Box office မှာ နံပါတ်တစ် ချိတ်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ ပထမဆုံး အဆိုအဖွဲ့တည်ထောင်ခဲ့ပြီး ဆယ်စုနှစ်နှစ်ခုစာအတွင်းမှာ ဇာတ်ကားပေါင်း ၄၀ နီးပါး ရိုက်ကူးခဲ့ပါတယ်။ မာရီလင်မွန်ရိုး၊ အယ်လိဇဘက်တေလာတို့နဲ့ ခေတ်ပြိုင်ဖြစ်ပြီး အောင်မြင်မှုကို ထိန်းထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာလေးကြိမ်တိုင်တိုင် လက်ထပ်ခဲ့ပြီးအသက် ၂၀ အရွယ်မှာပဲ ပထမကလေး ရခဲ့ပါတယ်။ ပထမဆုံးခင်ပွန်းကတော့ ဒေါရစ်ကို ရိုက်နှက်နှိပ်စက်တဲ့အတွက် လမ်းခွဲခဲ့ပြီး ဒုတိယမြောက်ခင်ပွန်းကတော့ လက်ထပ်ပြီး ရှစ်လအကြာမှာ သူ့ကိုထားခဲ့ပါတယ်။ တတိယမြောက်ခင်ပွန်းကတော့ သူသေဆုံးချိန်မှာ အကြွေးတွေနဲ့အတူ ဒေါရစ်ကို ထားခဲ့ပါတယ်။

စီအင်န်အင်န်

မင်းသမီးကြီး ဒေါရစ်ဒေး။

ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၇၃)

သတိထားရသည့် စာချွန်တော်အမိန့်များ

ဦးဟန်ညွန့် (ဥပဒေ)

တစ်ခါသော်

ယနေ့ အမှုချိန်းမရှိ။ အလုပ်သင်ရှေ့နေ မောင်ပျင်းရိ တစ်ယောက် အလုပ်အားနေသည်။ မည်သည့် အမှုသည်မှလည်းမလာ။ ရုံးခန်းမှာ အားနေသည် ထင်ရသည်။ ကျွန်တော်က "အစည်းအဝေးရှိသည်။ အားလုံးနေရာယူကြ" ဟု မောင်ပျင်းရိအား နှိုးဆော်ခိုင်းလိုက်သည်။ ကျွန်တော့်ရုံးခန်း အစည်းအဝေးခန်း (သေးသေးကလေး)မှာ ကျွန်တော့်အဖွဲ့ စုံညီနေရာယူကြပါပြီ။ လုပ်နေကျ၊ ဆွေးနွေးနေကျ၊ ညှိနှိုင်းနေကျ အစည်းအဝေးပါပဲ။ သဘာပတိမရှိ။ အခမ်းအနားမှူးမရှိ။အစည်းအဝေးမှတ်တမ်းမရှိဆိုသော်လည်း ရှေ့နေဒိုင်ယာရီ (Diary) စာအုပ်တော့ ရှေ့နေတိုင်း ရှိစမြဲမို့ အစည်းအဝေးလုပ်လျှင် မှတ်စုစာအုပ် ပါလာရစမြဲပါ။ အားလုံးနေရာယူပြီးပါပြီ။

ဘာအကြောင်းဆွေးနွေးမည်လဲ

ဘာအကြောင်း ဆွေးနွေးမည်လဲဟု ကျွန်တော်က ရုံးခန်းအဖွဲ့တပည့်များအား မေးလိုက်ရာ ဘယ်သူကမှ ဘာတစ်ခွန်းမှ မဖွင့်ဟကြပါ။ အစည်းအဝေး မကြာခဏ လုပ်နေကျမို့ စိတ်ဝင်စားပုံမပေါ်။ အမှုလိုက်သွားရတာ၊ တရားရုံးသွားရတာကို သဘောကျ၊ ပျော်ကြသည်။ အစည်းအဝေးတက်ရလျှင် မတက်ချင်ပါ။ ကျွန်တော်က ဉာဏ်စမ်း ဥပဒေဗဟုသုတပုစ္ဆာတွေ မေးလွန်း၍ ရှေ့နေငယ်များ ရှောင်ကြသည်။ သို့သော် ဥပဒေပြဿနာ တကယ်ပေါ်သောအခါ "ဆရာကြီး... လုပ်ပါဦး၊ ရှင်းပြပါဦး။" ဖြစ်ကြသည်။ နောင်မှ နောင်တရကြစမြဲ။ စာထဲပေထဲ ဝင်အောင်းနေလျှင် တစ်မျိုး။ လွတ်လွတ်လပ်လပ် ကြုံရင်ကြုံသလို ဥပဒေပြဿနာ ဖြေရှင်းချင်သူတွေလည်း ရှိစမြဲ။ သဘာဝပါပဲ။

စာချွန်တော်အကြောင်း

စာချွန်တော်ဆိုတာ ဘာလဲ။ ရာဇသတ်ကြီးနှင့် အထူးနှင့် အထွေထွေအကြောင်းကိုသာ နေ့စဉ် ကြားနေရသော မောင်ပျင်းရိက " ဒီစာအုပ်တွေလို့ ဒီနေ့ အစည်းအဝေးမှာ ရှင်းပြပါ ဆရာကြီး" ဟု ထူးထူးခြားခြား ပြောနေလေသည်။ စာရွေးတော်သော အလုပ်သင် မောင်ပျင်းရိ ဖြစ်နေပြန်သည်။

စာအုပ်အမည်

ဝန်ကြီးဌာနများ၊ ခုံသမာဓိကောင်စီနှင့် ဌာနအဖွဲ့အစည်းများ၏ အမိန့်ဆုံးဖြတ်ချက်များအပေါ် ချမှတ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်များ (၂၀၁၁-၂၀၁၅) စာအုပ်ဖြစ်ပါသည်။ စာရေးဆရာ (ပြုစုသူ)ပြေလွင်မြင့် ဖြစ်ပါသည်။

ရှေ့နေမောင်ပျင်းရိက ဆရာပြေလွင်မြင့် ရေးသော ဤစာအုပ်ကို ဆွေးနွေးပေးပါဟု ရွေးချယ်တင်ပြခြင်းမှာ အကြောင်းရှိလေသည်။ **"စာချွန်တော်ဆိုတာ အထူးအခွင့်အရေးလို့ ဆိုပါတယ်။ ဟုတ်ပါသလား ဆရာကြီး"** ဟု မောင်ပျင်းရိကပင် မပျင်းမရိ ပဏာမ မေးခွန်းထုတ်နေလေသည်။

သဘာဝကျသော အဖြေ

"စာချွန်တော်ဆိုတာဘာလဲ" ဟူသော မေးခွန်းကို အဖြေပေးရလျှင် ဆရာပြေလွင်မြင့် ရေးသော စာအုပ်ပါ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ ဥယျောဇဉ်တွင် ရေးသားထားသော ဥက္ကဋ္ဌကြီး ဦးမျိုးညွန့်၏ ဖော်ပြရေးသားချက်ကို ရည်ညွှန်း ကိုးကား ဖော်ပြရပေလိမ့်မည်-

> "ဖွဲ့စည်းပုံ အခြေခံတစ်ရပ်၌ ပြည်သူများအား အခွင့်အရေးပေးထားရုံမျှဖြင့် လုံလောက်ခြင်းမရှိချေ။ ယင်းအခွင့်အရေးများ လက်လွတ်ဆုံးရှုံးပါက မည်သို့ ကုစားရမည်ဆိုသော အာမခံချက်ကိုလည်း ပေးရန်လိုအပ်သည်။ စာချွန်တော်သည် ပြည်သူတို့၏ မူလအခွင့်အရေးများကို အကာအကွယ်ပေးသည့် တရားစီရင်ရေး အသွင်သဏ္ဌာန်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှု၏ ပြယုဂ်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် စာချွန်တော်၏ တာထွက်ကောင်းပုံကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တွေ့မြင်ကြရ၏။" ဟု

စာချွန်တော်၏သဘာဝကို ဖော်ပြရေးသားခဲ့ပါသည်။

> "၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၂) ပုဒ်မ ၁၀ မှ ၂၄ အထိတွင် နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းအခွင့်အရေးတစ်ခုခုကို ရလိုသော် ပုဒ်မ ၂၅(၁)အရ တရားလွှတ်တော်ချုပ်တွင် လျှောက်ထား၍ ရယူပိုင်ခွင့်ရှိ၏။ ပုဒ်မ ၂၅(၂) တွင် စာချွန်တော် အမိန့်ငါးမျိုးကို အထင်အရှား ပိုင်းခြားပြဋ္ဌာန်းထား၏။ ယင်းတို့မှာ ရှေ့တော်သွင်း စာချွန်တော်အမိန့် (Habeas Corpus)၊ အာဏာပေးစာချွန်တော်အမိန့် (Mandamus)၊ တားမြစ်စေစာချွန်တော်အမိန့် (Prohibition)၊ အာဏာမေး စာချွန်တော်အမိန့် (Quo Warr-anto)နှင့် အမှုခေါ် စာချွန်တော်အမိန့် (certiorari) တို့ ဖြစ်ကြသည်။ ယင်းအမိန့်များ ထုတ်ဆင့်ရန် အာဏာကို တရားလွှတ်တော်ချုပ်အား အပ်နှင်းထားသည်။ "

> "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈) ပုဒ်မ ၃၄၅ မှ ၃၇၆ အထိနိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပြဋ္ဌာန်းထား၏။ ပုဒ်မ ၃၈၀ သည်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်ပင်ဖြစ်သည်။ ပုဒ်မ ၃၇၇ အရ ယင်းအခွင့်အရေး တစ်ရပ်ရပ်ကို ရရှိရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ လျှောက်ထားပိုင်ခွင့်ရှိ၏။ ပုဒ်မ ၃၇၈ ၌ စာချွန်တော်အမိန့် ထုတ်ဆင့်ပိုင်ခွင့်အာဏာကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်အား အပ်နှင်းကြောင်း ပြဋ္ဌာန်းထားသည်။ စာချွန်တော်အမိန့် ငါးမျိုးကိုလည်း အတိအလင်း ပိုင်းခြားဖော်ပြထား၏။ "

> " ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်ခရီးနှင်ခဲ့လေပြီ။ ဆယ်စုနှစ်ပေါင်းများစွာ ကင်းကွာနေရာမှ ပြန်လည်ဆုံစည်းရသည်ဖြစ်၍ စာချွန်တော်သည် ဥပဒေရပ်ဝန်းမှ မျိုးဆက်သစ် လူငယ်များအဖို့ သူစိမ်းပြင်ပြင် ဖြစ်လျက်ရှိ၏။ ထို့ကြောင့် ပညာရှင်များက စာချွန်တော်ဆိုင်ရာ ကျမ်းများဖြင့် မိတ်ဆက်ပေးနေကြရ၏။ ပြေလွင်မြင့် ပြုစုသော "ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်များ" စာအုပ်သည်လည်း ယင်းတို့၌ အကျုံးဝင်ပေလိမ့်မည် " ဟု ရေးသားထားလေသည်။

သိကောင်းစရာများ

စာချွန်တော်သမိုင်းအခြေခံကို ဆွေးနွေးပြီးနောက် ကော်လိတ္တော်အရာရှိက တရားမထောင်ချမှတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းကို အရေးယူသော အမိန့်များ၊ ပစ္စည်းနှင့်ဂုဏ်သရေကို ထိခိုက်နစ်နာစေခြင်း၊ မြေငှားဂရန်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ခြင်း၊ မြေတိုင်းခြင်း၊ မြေပုံကူးခြင်း၊ ငြင်းပယ်ခြင်း၊ မြေနှင့်အဆောက်အအုံ အကျိုးခံစားခွင့်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်၊ ဆောင်ရွက်ချက်များ၊ လယ်ယာမြေအငြင်းပွားမှု ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားမှုများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုအမိန့်၊ ဆုံးဖြတ်ချက်များအကြောင်းကို၊ ပြေလွင်မြင့်က အခန်းလိုက် ပိုင်းခြားဖော်ပြပေးထားပေသည်။

ဝန်ထမ်းဘဝအကာအကွယ်

တရားခွင်စာရေးဝန်ထမ်းဘဝမှ အလုပ်ထွက်လာပြီး လွတ်လပ်သော ရှေ့နေဖြစ်လာသော အထက်တန်းရှေ့နေမောင်လေ့လာက " ဒီစာအုပ်ထဲမှာ ကျွန်တော်အကြိုက်ဆုံးကတော့ ပါမောက္ခဒေါက်တာ ဒေါ်ကျင်ဌေးနှင့် ပြည်ထောင်စုဝန်ကြီး (ပညာရေးဝန်ကြီးဌာန) " ရဲ့အုပ်လုပ်မြင့်နှင့် ပြည်ထောင်စုဝန်ကြီး(ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒေါ်စန်းလှနှင့် ပါမောက္ခချုပ်(ဆေးတက္ကသိုလ်၊ မန္တလေး)၊ ဦးဒါရ်ရှုန်းနှင့် ဘဏ္ဍာတော်မင်းကြီး (ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)စတဲ့ စီရင်ချက်တွေပဲ ဖြစ်တယ်ဆရာကြီး။ ဝန်ထမ်းတွေရဲ့နစ်နာမှုတွေကို ဒီလိုဖြေရှင်းပေးတာနမူနာယူစရာပါပဲ " ဟု တင်ပြဆွေးနွေးနေလေသည်။ ကျေနပ်ဂုဏ်ယူဖွယ်ပါ။

မောင်ပျင်းရိ၏ ဝေဖန်ချက်

စာချွန်တော်ဆိုတာ နိုင်ငံသားအခွင့်အရေးပါပဲ။ ဒါပေမယ့် စာချွန်တော်အမှု အနိုင်ရဖို့အတော်ခက်တယ်။ ဥပမာ "တို့ဆရာကြီး ဦးဟန်ညွန့်ကိုပဲ နမူနာကြည့်။ စာချွန်တော် ငါးမှုအယူခံဝင်ရင် လေးမှုအပယ်ခံရတယ် မဟုတ်လားဗျ..."ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ထပြောနေသဖြင့် " ထိုင်ပါကွာ မောင်ပျင်းရိရယ် "ဟု ကျွန်တော်ချော့မော့၍ အစည်းအဝေး နားလိုက်ရပေသည်။ နောက်အစည်းအဝေးမှာ ထပ်ဆွေးနွေးပါမည်ဟုလည်း ချွေးသိပ်လိုက်ရလေသည်။ သူ့ဝေဖန်ချက်က အတော်ထိပေသည်။

စေတနာ

သတိထားရသည့် စာချွန်တော် အမိန့်များအကြောင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး၊ တွေးခေါ်ချင်သေးသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

"စာချွန်တော်ဆိုတာ နိုင်ငံသားအခွင့်အရေးပါပဲ။ ဒါပေမယ့် စာချွန်တော်အမှု အနိုင်ရဖို့ အတော်ခက်တယ်။ ဥပမာ "တို့ဆရာကြီး ဦးဟန်ညွန့်ကိုပဲ နမူနာကြည့်။ စာချွန်တော် ငါးမှုအယူခံဝင်ရင် လေးမှုအပယ်ခံရတယ် မဟုတ်လားဗျ..."ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ထပြောနေသဖြင့် " ထိုင်ပါကွာ မောင်ပျင်းရိရယ် "ဟု ကျွန်တော်ချော့မော့၍ အစည်းအဝေး နားလိုက်ရပေသည်"

အရည်အသွေးပြည့်ဝသည့် သီးနှံများအဖြစ် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်

နေပြည်တော် မေ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ် ကင်းစင်သည့် သီးနှံအမယ်များစိုက်ပျိုးထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မျိုးစေ့ကဏ္ဍတိုးတက်ရေးမှာ အဓိကလိုအပ်ချက်တစ်ခု ဖြစ်သည်။

မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမှ ကျင်းပသည့် ပဉ္စမအကြိမ် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် ဆွေးနွေးပွဲကို ယနေ့နံနက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ Park Royal Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အမှာစကားပြောကြားသည်။

ပဉ္စမအကြိမ် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် ဆွေးနွေးပွဲကျင်းပစဉ်။

ညွှန်ကြားရေးမှူးချုပ်က သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသည့် မျိုးစေ့ထုတ်လုပ်ငန်းများစွာ ပေါ်ထွန်းလာရေး၊ စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ရာတွင် နည်းပညာဈေးကွက်နှင့် သတင်းအချက်အလက် စသည့်လိုအပ်ချက်များ ဖြည့်ဆည်းကူညီ ပံ့ပိုးပေးရန် သက်ဆိုင်သူအားလုံးတို့က လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မျိုးစေ့ဆိုင်ရာဥပဒေနည်းဥပဒေများကို ခေတ်စနစ်နှင့်အညီ လုပ်သာကိုင်သာရှိစွာဖြင့် ထိရောက်သော ကာကွယ်ပေးနိုင်မှုရှိစေရန် ပြင်ဆင်မွမ်းမံနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မှသာ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံစေရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအတွက် နယ်သာလန်နိုင်ငံအစိုးရ၏ နည်းပညာဆိုင်ရာ ကူညီပံ့ပိုးပေးခြင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပညာရပ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် သင်တန်းများဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကမ္ဘာ့ဘဏ် (World Bank – IFC) ကလည်း ထောက်ပံ့ကူညီပေးလျက်ရှိသည်။

မျိုးစေ့သတင်းအချက်အလက်များကို မျိုးစေ့လုပ်ငန်းဆောင်ရွက်မည့်ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ အလွယ်တကူ ရယူအသုံးပြုနိုင်ရေးအတွက် Myanmar Seed Portal Website ကို ထုတ်လွှင့်ပေးပြီးဖြစ်သကဲ့သို့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အစိုးရ၊ ပုဂ္ဂလိက၊ INGOs၊ NGOs၊ မျိုးစေ့ထုတ်သူများ ပူးပေါင်း၍ လွယ်ကူရိုးရှင်းသည့် အစီအစဉ်တစ်ရပ် ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသူရစိုးက ပြောသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတိုးတက်စေရေး၊ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် အဆင့်မြင့်နည်းပညာကဏ္ဍများတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပြည်တွင်းပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ တောင်သူများအားလုံးတို့ကလည်း မိမိတို့၏ အတွေးအခေါ်ယူဆချက်များနှင့် နည်းပညာသစ်များကိုဖလှယ်နိုင်ကြစေရေးအတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ပြောသည်။

မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး Public–Private Partnership (P.P.P) ပူးပေါင်းဆောင်ရွက်ရေး၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးလာရေးအတွက် ဥပဒေစည်းမျဉ်းများအား ပိုမိုအားကောင်းလာစေရေးနှင့် ပြည်သူအားလုံး သိရှိလိုက်နာနိုင်စေရေး၊ စပါးသီးနှံအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံများ၏ မျိုးအရည်အသွေးမြှင့်တင်ခြင်းနှင့် မျိုးသန့်ပွားများ ထုတ်လုပ်ပေးခြင်း၊ စီးပွားဖြစ် မျိုးသန့်မျိုးပွားမျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာစေပြီး တောင်သူများ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို အလွယ်တကူနှင့် လုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်မိုး

မြောက်ဦးမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး

မြောက်ဦး မေ ၁၄

မြောက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယမန်နေ့က သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများထံသို့ သွားရောက်ပြီး ငှက်ဖျားသွေးဖောက်ကာ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေး ဟောပြောမှုများ ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်မသောင်းစိန်၊ ဒေါ်လှအေးနုနှင့် ဒေါ်နန်းရွှေခိုင်တို့ ဦးဆောင်ကာ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ပြုလုပ်ပေးခဲ့ပြီး ငှက်ဖျားသွေးဖောက်စစ်ဆေးပေးခြင်းနှင့် လူနာ ၁၆ ဦးအား ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့၌ မျက်စိ အခမဲ့စစ်ဆေးခွဲစိတ်ကုသပေးမည်

မော်လမြိုင်ကျွန်း မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်အတွင်း ဖွင့်လှစ်ထားရှိသော သီတဂူလှုဒါန်းယဉ် စက္ခုဒါန မျက်စိဆေးရုံ၌ အခမဲ့ မျက်စိစမ်းသပ်စစ်ဆေးခွဲစိတ်ကုသခြင်းများကို ဇွန် ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စစ်ဆေးကုသဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းမျက်စိဝေဒနာရှင်များအား ဇွန် ၁၄ ရက်တွင် မျက်စိအခမဲ့စမ်းသပ်စစ်ဆေးခြင်း၊ ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မျက်စိအခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် မျက်စိခွဲစိတ်ကုသမှုအတွက် ပါဝင်လှူဒါန်းလိုပါက မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ဖုန်း ၀၉- ၄၄၉၂၅၃၀၁၇၊ ဖုန်း ၀၉-၇၇၀၀၇၅၉၀၀ နှင့် ဖုန်း ၀၉- ၄၂၈ ၅၅၂ ၆၆၇ တို့ထံသို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ်မှ မျက်စိဝေဒနာရှင်များအား သီတဂူရွှေပြည်ဟိန်းဆရာတော်၊ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာမြအောင်နှင့် မျက်စိအထူးကုဆရာဝန်၊ ဆရာမကြီးများက အခမဲ့စမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ်ရာ ကုသလိုသူများအနေဖြင့် မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက်တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်

လယ်ယာကေ ၅၀၀၀ ကျော် အကျိုးပြုမည့် တရော်-ကိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မည်

ရေစကြို မေ ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြားရှိ တရော်-ကိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့် ဆိပ်ခံသွားလမ်းအပါအဝင် အထောက်အကူပြုလမ်းများ၊ ခေတ်မီစက်မှုလယ်ယာအတွင်းရှိလမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားများကို ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှစတင်၍ ကျေးလက်ကုန်ထုတ်လမ်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်စိုးထံမှ သိရသည်။

"တရော်- ကိုင်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဟာ ရေစကြိုမြို့နယ် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်အကြား ကျွန်းပေါ်မှာ တည်ရှိပါတယ်။ လမ်းအရှည် နှစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ မြေနီကျောက်စရစ် ကိုးလက်မထုခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၇၂ ဒသမ ၆၈ သန်းနဲ့ ဌာနက အင်ဂျင်နီယာတွေစုဖွဲ့ပြီး ဇွန်လကုန်အပြီးတွင် ကျေးရွာလမ်းကော်မတီဝင်တွေနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်တယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ကျေးရွာပေါင်း ၁၂ ရွာမှ လယ်မြေ၂၁၁၆ ဧက၊ ကိုင်းမြေ ၃၂၄၇ ဧကများမှ ထွက်ရှိသော အဓိကသီးနှံများမှာ မန္တလေး၊ ပခုက္ကူ၊ ရေစကြို၊ မုံရွာဈေးကွက်များသို့ ရာသီမရွေး လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းလွင် (မကွေး)

စစ်တွေမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

စစ်တွေ မေ ၁၄

စစ်တွေမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေမြို့နယ်ဘဏ်ခွဲ၌ ကျင်းပသည်။

ချေးငွေထုတ်ချေးခြင်းအခမ်းအနားတွင် ပြည်နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးအေးသိန်းက ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် အတွင်းရှိ တောင်သူများအား မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခဲ့မှုအခြေအနေနှင့် ကောက်ခံရရှိမှုအခြေအနေများ၊ ချေးငွေ ကောက်ခံရာတွင် အားနည်းချက်အားသာချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စစ်တွေမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဦးကျန်ကြီးက ၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရန် လျာထားချက်နှင့် ချေးငွေကောက်ခံရရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယနေ့ စစ်တွေမြို့နယ်ဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ် စတင်ထုတ်ချေးသည့်နေ့တွင် အောင်တိုင်ကျေးရွာအုပ်စုနှင့် နာရီကန်ကျေးရွာအုပ်စုတို့မှ လယ်သမား ၁၃၈ ဦးတို့အား လယ်ဧက ၇၂၂ ဧကအတွက် ကျပ်သိန်းပေါင်း ၁၀၈၃၀၀၀၀၀ ကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

မြတ်မော်တင်စွန်းတောင်ခြေရှိ ရေကန်မှာ ရွှံ့နှစ်များအနည်ထိုင်မှု များလာ၍ ပြန်လည်တူးဖော်ရန်ဆောင်ရွက်နေ

ဟိုင်းကြီးကျွန်း မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာ အုပ်စုအတွင်း တည်ထားကိုးကွယ်သော ဆံတော်ရှင်မြတ် မော်တင်စွန်းစေတီတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ မဟာသရနတောင်တော်၏ တောင်တက်လမ်း (ပုသိမ်-မော်တင်ကားလမ်း) အနီးတွင်ရှိသောရေကန်မှာ ရွှံ့နှစ်များ အနည်ထိုင်မှုများလာသည့်အတွက် ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့တို့ တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့ကြပြီး မေ ၁၃ ရက်က ပြန်လည်တူးဖော်ရန် စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

၁၉၉၂ ခုနှစ်က အသစ်တူးဖော်ခဲ့သည့် ရေကန်ဖြစ်ပြီး ရေကန်၏အကျယ်မှာ ငါးကေခန့်ကျယ်ဝန်းကာ တစ်ဖက်ဆည်ကန်အမျိုးအစားဖြစ်ပြီး ရေကန်၏ ပျမ်းမျှအနက်မှာ စတင်တူးဖော်စဉ်က ၁၀ ပေခန့်ရှိသည်။ ယခုအခါ ရွှံ့နှစ်များ အနည်ထိုင်မှုများလာခြင်းကြောင့် လေးပေကျော်ခန့် ရွှံ့နှစ်များ ဖုံးအုပ်လာနေပြီဖြစ်သည်။

သောက်ရေကန် ပြန်လည်တူးဖော်မည့်ကိစ္စသည် စက်ယန္တရားများသုံးစွဲ၍ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ကုန်ကျစရိတ်များမည် ဖြစ်သည်။ ထို့ကြောင့် ရေကန်ပြန်လည်တူးဖော်ခွင့်နှင့်ကုန်ကျစရိတ်များ ခွင့်ပြုရရှိနိုင်ရန်အတွက် မော်တင်စွန်းစေတီတော် ဂေါပကအဖွဲ့က ဟိုင်းကြီးကျွန်းမြို့အုပ်ချုပ်ရေးမှူးထံသို့ ခွင့်ပြုမိန့်ရရှိရေး တင်ပြဆောင်ရွက်ထားပြီး ဟိုင်းကြီးကျွန်းမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက လုပ်ငန်းများအချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် အထက်ဌာနအဆင့်ဆင့်သို့ ဆက်လက်တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် ရေကန်ပြန်လည်တူးဖော်မည့်ကိစ္စနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာနှင့် တွက်ချက်မှုများရရှိ နိုင်ရန်အတွက်လည်း ဆည်မြောင်းဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မော်တင်စွန်းတောင်တက်လမ်း(ပုသိမ်-မော်တင်ကားလမ်း)အနီးရှိ တစ်ဖက်ဆည်ကန် ပြန်လည်တူးဖော်ရန်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးနေစဉ်။

ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)

ပိုးမွေးမြူရေးအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

ပြင်ဦးလွင် မေ ၁၄

စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ပိုးမွေးမြူရေးအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ သင်တန်းခန်းမ၌ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော် မျှင်ထွက်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်မော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး သင်တန်းကြီးကြပ်ဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၂၀ ဦးတို့အား မေ ၁၃ ရက်မှ ၁၇ ရက်အထိ အစားအစာများတွင် ကျရောက်တတ်သော ဘေးအန္တရာယ်များ၊ ပိုးဆပ်ပြာပြုလုပ်ခြင်း၊ ပိုးစာသီး စားသောက်ကုန်များပြုလုပ်ခြင်း ဘာသာရပ်တို့ကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီး ပိုးချည်စက်ရုံရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ဇော်မျိုးထိုက် (ပြင်ဦးလွင်)

ထူးထူးခြားခြားပူဇော်ကျင်းပမည့် ပရိယတ္တိပညာရည်ချွန်ဆုနှင်းသဘင်

အရှင်ဓမ္မဒဿီ

ဗုဒ္ဓမြတ်စွာသာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာဟု သုံးမျိုးရှိသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် လေ့လာသင်ယူအပ်သော စာပေများဖြစ်၍ ပရိယတ္တိသာသနာဟုခေါ်သည်။

ဘုရားရှင်ဟောကြားအပ်သော ရဟန်းသာမဏေ ဒါယကာ ဒါယိကာမတို့ လိုက်နာကျင့်သုံးအပ်သည့် ဒါန၊ သီလ၊ သမာဓိ၊ ပညာစသော ကျင့်စဉ်တရားများကို ပဋိပတ္တိသာသနာဟု ခေါ်သည်။

ထိုသီလ၊ သမာဓိ၊ ပညာတရားတို့ကို ကြိုးစားကျင့်ကြံအားထုတ်သဖြင့် သိမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို ပဋိဝေဒ သာသနာဟု ခေါ်သည်။

ပရိယတ္တိသည် အရေးကြီး

စာပေပျောက်လျှင် လူမျိုးပျောက်မည်ဟူသကဲ့သို့ ဗုဒ္ဓဟောတော်မူသော တရားတော်များကွယ်ပျောက်လျှင် ဗုဒ္ဓသာသနာ ကွယ်ပျောက်မည်ဖြစ်၏။ စာပေသည် လူမျိုး၏ အသက်ဖြစ်သကဲ့သို့ ပရိယတ္တိသာသနာဟု ဆိုအပ်သော ဗုဒ္ဓစာပေသည်လည်း ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၏။ ပရိယတ္တိသာသနာဟူသော ဗုဒ္ဓစာပေတို့ကို သင်ယူမှုနှင့် ထိုပရိယတ္တိစာပေတို့ကို ထူးထူးချွန်ချွန် တတ်မြောက်မှုတို့သည် ဗုဒ္ဓသာသနာတော်အတွက် အရေးကြီးလှပေသည်။

ပရိယတ္တိသာသနာသည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟု သုံးမျိုးရှိပြန်သည်။ ဝိနည်းသည် ရဟန်းသာမဏေတို့ လိုက်နာစောင့်ထိန်းရသည့် စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ သုတ္တန်သည် ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်းနှင့် လောက၊ ဓမ္မသဘာဝတို့ကို ယထာဘူတကျကျ ကျင့်သုံးတတ်ဖို့ ညွှန်ပြသည့် နည်းလမ်းများဖြစ်သည်။ အဘိဓမ္မာသည် လောကဟု ဆိုအပ်သည့် ခန္ဓာ၏ သဘောကို အသေးစိတ်ဖော်ပြသည့် ဟောကြားချက်များဖြစ်သည်။ အကြောင်းတရားတို့ကြောင့် အကျိုးတရားတို့ဖြစ်ကြရပုံ၊ ဖြစ်ပေါ်နေသော လောကရေးရာ မှန်သမျှ အကြောင်းတရားတို့ကြောင့် ဖြစ်ပုံ၊ ရုပ်+နာမ်တရားတို့သည် ဖန်ဆင်းသူမရှိဘဲ အကြောင်းတရားများ တိုက်ဆိုင်ညီညွတ်ပါက ဖြစ်ပေါ်လာပြီး အချိန်တန်က ချုပ်ပျောက်ကြပုံ၊ အကြောင်းနှင့် အကျိုးဆက်သွယ်ပြီး ဖြစ်နေပုံတို့ကို ညွှန်ပြထားသည့် ဒေသနာများဖြစ်သည်။

ထိုသို့ စည်းကမ်း၊ နည်းလမ်း၊ အခြေခံသဘောတရားတို့ကို ဖော်ပြထားသောကြောင့် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိ သာသနာသည် အရေးကြီးဆုံးဖြစ်သည်။

ဗုဒ္ဓစာပေတို့၌ ပရိယတ္တိသာသနာ အရေးကြီးပုံကို ဥပမာများစွာဖြင့် ပြထားလေသည်။ နေရောင်ကွယ်ပျောက်က လောကသားတို့ အမှောင်ရောက်ကြရသကဲ့သို့ သုတ္တန်၊ အဘိဓမ္မာ၊ ဝိနည်းတရားတို့ ကွယ်ပျောက်လျှင် လောကကြီးသည်လည်း (စစ်မှန်သော ဓမ္မအလင်းရောင်မရှိသဖြင့်) အကြောင်းမှန် အကျိုးမှန်တို့ကို မသိကြရတော့ဘဲ အမိုက်အမှောင်ကြီး သဖွယ် ဖြစ်ရတော့သည်ဟု လည်းကောင်း၊ ပဋိပတ္တိ (အကျင့်) တရားတို့ကို အားထုတ်သူ မည်မျှများပြားသော်လည်း ပရိယတ္တိ (စာပေ)မရှိခဲ့သော် ဗုဒ္ဓသာသနာ မျိုးဆက်သည် ကြာရှည်လေးမြင့်စွာ မတည်နိုင်ဟု လည်းကောင်း။

ရေရှိမှ ကြာပွင့်နိုင်သည်။ ရေမရှိလျှင် ကြာမရှိနိုင်။ ရေတည်တံ့အောင် ကန်ပေါင်ခိုင်ခံ့ဖို့ လိုအပ်သည်။ ကန်ပေါင်ခိုင်ခံ့မှ ရေတည်နိုင်ပြီး ကြာပွင့်နိုင်သည်။ ထို့အတူ ပရိယတ္တိစာပေဝိုင်းသည် ရေကန်နှင့်တူသည်။ ပဋိပတ္တိအကျင့်သည် ရေနှင့်တူသည်။ ပဋိဝေဒ(မဂ်ဖိုလ်နိဗ္ဗာန်)သည် ကြာနှင့်တူသည်။ ရေကန်ပေါင်ခိုင်ခံ့မှ ရေတည်နိုင်သကဲ့သို့ ပရိယတ္တိသာသနာ အားကောင်းမှ ပဋိပတ္တိ သာသနာရှိနိုင်သည်။ ကျင့်ကြံအားထုတ်မှု (ပဋိပတ္တိ)ရှိမှ ထိုးထွင်းသိမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်သည်ဟု လည်းကောင်း။

ပရိယတ္တိ(စာပေ)သည် သာသနာတော်၏ ရေသောက်မြစ် ဖြစ်သောကြောင့် ပရိယတ္တိ(စာပေ)ကို အားပေးခြင်းသည် သာသနာတော်သုံးရပ်လုံးကို အားပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းမည်၏ဟုလည်းကောင်း ပြဆိုထားပေသည်။

မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲများ

ထိုသို့ ပရိယတ္တိသာသနာတော်အရေးကြီးကြောင်း ပြဆိုချက်အရ မြန်မာနိုင်ငံတော်အတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာ ခေါင်းဆောင် ဆရာတော်များနှင့် ဒါယကာ ဒါယိကာမတို့သည် သာသနာထွန်းကားရန် အားပေးစောင့်ရှောက် ချီးမြှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ပရိယတ္တိစာမေးပွဲတို့တွင် ပထမပြန်စာမေးပွဲသည် သက်တမ်းအရှည်ဆုံးဖြစ်သည်။ ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သော သာလွန်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၀၀၀ ပြည့်နှစ်(ခရစ်နှစ် ၁၆၃၈ ခန့်)တွင် ပထမပြန်စာမေးပွဲကို စတင်ကျင်းပခဲ့သည်။ ရဟန်းသာမဏေများသာမက မင်းညီမင်းသားများပါ ပါဝင်ဖြေဆိုခဲ့ကြသည်။

သာလွန်မင်းတရားကြီးလက်ထက်မှစ၍ ကျင်းပခဲ့သော ပထမပြန်စာမေးပွဲသည် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်သည့် ၁၂၄၇ ခုနှစ်(ခရစ်နှစ် ၁၈၈၅)မှစ၍ ရပ်ဆိုင်းသွားခဲ့သည်။

ဗုဒ္ဓသာသနာကို အားမပေးသော နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် ဗုဒ္ဓသာသနာတော် မမှေးမှိန်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုပေါင်းဆောင်ရွက်ကြသည့်အပြင် အင်္ဂလိပ်အစိုးရကိုလည်း ပထမပြန်စာမေးပွဲ ကျင်းပရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ခေတ်အခြေအနေကို နားလည်သော အင်္ဂလိပ်အစိုးရသည် ပထမပြန်ကော်မတီကို ဖွဲ့စည်းပြီး စာမေးပွဲကျင်းပရေးအတွက် နည်းလမ်းများရှာဖွေတင်ပြစေသည်။ ပါဠိစာပေကို တစ်မျိုးတစ်မည်ပြုပြင်ပြောင်းလဲပြီး သင်ကြားရန်ဟူသော ပညာမင်းကြီး ဂျွန်ဗင်ဆန်မရမ်ပုတ်၏ အကြံပြုချက်ကို လက်မခံဘဲ ရှေးမြန်မာမင်းများလက်ထက်က သင်ရိုးအတိုင်းပြဋ္ဌာန်းရန် သတ်မှတ်ပြီး ၁၂၅၇ ခုနှစ်(ခရစ်နှစ် ၁၈၉၅) တွင် ပထမပြန်စာမေးပွဲကို အင်္ဂလိပ်အစိုးရက ပြန်လည်ကျင်းပခဲ့သည်။ စတင်ကျင်းပသည့်နှစ်က ပထမငယ်တန်း၊ ပထမလတ်တန်း နှစ်တန်းသာ ကျင်းပပြီး နောက်နှစ်တွင်မှ ပထမကြီးတန်းကို ကျင်းပခဲ့သည်။

မန္တလေး ပရိယတ္တိသာသနာဟိတအသင်း

အင်္ဂလိပ်အစိုးရက ဝတ်ကျေတမ်းကျေမျှလောက်သာ ပရိယတ္တိသာသနာကို အားပေးနေသည်ကို အားရကျေနပ်ခြင်း မရှိကြသော ပွဲစားကြီး ဦးထွန်း စသော ဒါယကာကြီးများသည် ပရိယတ္တိသာသနာတော်ကို အားပေးစောင့်ရှောက်ရန်အတွက် ပရိယတ္တိသာသနာဟိတ (သကျသီဟ)အသင်းကြီးကို ၁၂၆၀ ပြည့်နှစ်(ခရစ်နှစ် ၁၈၉၈) တွင် တည်ထောင်ပြီး မြန်မာနိုင်ငံ ပရိယတ္တိစာပေလောကတွင် နာမည်အကြီးဆုံးဖြစ်သော သကျသီဟစာမေးပွဲကြီးကို ၁၂၆၅ ခုနှစ်(ခရစ်နှစ် ၁၉၀၃)တွင် စတင်ကျင်းပခဲ့သည်။ ထိုစာမေးပွဲ စာချတန်းအောင်သော ပုဂ္ဂိုလ်များကို အဘိဝံသဘွဲ့ ကပ်လှူသည်။

ရန်ကုန် ဝေတိယင်္ဂဏစာမေးပွဲ

မြန်မာနိုင်ငံတွင် နာမည်အကြီးဆုံး စာမေးပွဲတစ်ခုဖြစ်သော ဝေတိယင်္ဂဏစာမေးပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကုန်းတော်၌ တည်ရှိသော ဝေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးက ကျင်းပပြီး စာချတန်းအောင်မြင်ကြသော ပုဂ္ဂိုလ်များအား အဘိဝံသ ဓမ္မာစရိယဘွဲ့ ကပ်လှူသည်။

ယင်းဝေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကို ၁၂၆၅ ခုနှစ်(ခရစ်နှစ် ၁၉၀၃)တွင် တည်ထောင်၍ ဝေတိယင်္ဂဏ စာမေးပွဲကို ၁၂၈၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၁၈) တွင်မှ ကျင်းပနိုင်ခဲ့သည်။

တိပိဋကရေစာမေးပွဲ

နိုင်ငံတော်အစိုးရက လွတ်လပ်ရေးရပြီး တစ်နှစ်အကြာ ၁၃၁၀ ခုနှစ်(ခရစ်နှစ် ၁၉၄၈)တွင် တိပိဋကရေးချယ်စာမေးပွဲကြီးကို စတင်ကျင်းပခဲ့သည်။ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်များ ပေါ်ထွက်ရေးနှင့် ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပနိုင်ရေးအတွက် ပိဋကတ်သုံးပုံအနက် ဝိနည်းပါဠိကအကုန်၊ အဘိဓမ္မာပိဋကအကုန်နှင့် သုတ္တန်ပိဋကထဲမှ ဒီဃာနိကာယ်သုံးကျမ်းတို့ကို ပြဋ္ဌာန်းပြီး အာဂုံနှင့် သဘောရေးဖြေ နှစ်ဌာနခွဲ၍ ကျင်းပသည်။ အာဂုံအောင်ပြီးသော ကျမ်းကိုသာ သဘောရေးဖြေ ဖြေဆိုခွင့်ပြုသည်။

ပြဋ္ဌာန်းကျမ်းစာ အုပ်ရေ ၂၀၊ စာမျက်နှာပေါင်း ဆိုက်ကြီးဖြင့် ၇၉၈၀ မျက်နှာကို အာဂုံပြန်ဆိုနိုင်သော ပုဂ္ဂိုလ်များကို တိပိဋကရေဘွဲ့ ကပ်လှူသည်။ သဘောရေးဖြေပါ အောင်မှသာ တိပိဋကကောဝိဒ(တိပိဋကရေ တိပိဋကကောဝိဒ) ဘွဲ့ကပ်လှူသည်။

အခြား အခြားသော စာမေးပွဲများ

သာသနာတော်သုံးရပ်တွင် အခြေခံအကျဆုံးဖြစ်၍ အလွန့်အလွန်အရေးပါသော ပရိယတ္တိသာသနာတော်ကို အားပေးစောင့်ရှောက်သောအားဖြင့် ဖော်ပြပြီး စာမေးပွဲများအပြင် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးအချို့တို့တွင်လည်း ပရိယတ္တိစာမေးပွဲများ ကျင်းပ၍ အားပေးပူဇော်ခဲ့ကြသည်။

သက်တမ်းရှည် စာမေးပွဲများမှာ ၁၂၈၂ ခုနှစ် (ခရစ်နှစ် ၁၉၂၀)မှ စတင်၍ ကျင်းပခဲ့သော ညောင်ကုန်းမြို့ သုဓမ္မာ ပရိယတ္တိစာမေးပွဲ၊ ၁၂၈၄ ခုနှစ် (ခရစ်နှစ် ၁၉၂၂) မှစ၍ ကျင်းပခဲ့သော သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတ အသင်းစာမေးပွဲ၊ ၁၂၉၂ ခုနှစ် (ခရစ်နှစ် ၁၉၃၀)မှစ၍ ကျင်းပခဲ့သော မော်လမြိုင်မြို့ပရိယတ္တိ သဒ္ဓမ္မပါလအသင်း စာမေးပွဲတို့ ဖြစ်သည်။

ပရိယတ္တိ ပညာရည်ချွန်ဆုနှင်းပူဇော်ရေးအဖွဲ့

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ၌ ရှေ့ဆောင်နိုင်ငံဖြစ်၏။ မြန်မာရဟန်းသံဃာတော်များ၏ ပရိယတ္တိအရည်အသွေးကို အခြားနိုင်ငံများက ပုဂ္ဂိုလ်များ လိုက်မမီပေ။ ပရိယတ္တိနှင့် စပ်လျဉ်းလာလျှင် မြန်မာရဟန်းတော်များ ထဲထဲဝင်ဝင် ကျကျနန တတ်မြောက်ကျွမ်းကျင်သည်ကို အခြားနိုင်ငံများရှိ ရဟန်းသံဃာတော်များနှင့် လူပုဂ္ဂိုလ်ပညာရှင်များက အသိအမှတ်ပြုကြသည်။

ပဋိပတ္တိ(ဗုဒ္ဓကမ္မဋ္ဌာန်း) အရာတွင်လည်း မြန်မာနိုင်ငံသည် ရှေ့ဆောင်နိုင်ငံဖြစ်သည်။ ပဋိပတ္တိသာသနာနယ်ပယ်တွင် လယ်တီ ဆရာတော်၊ မင်းကွန်းဇေတဝန်ဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်၊ ရွှေဉမင်ဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ ဖားအောက်ဆရာတော် စသော ပဋိပတ္တိသာသနာပြုဆရာတော်ကြီးများနှင့် အနာဂါမ်ဆရာသက်ကြီး၊ ငွေစာရင်းမင်းကြီး ဦးဘခင်၊ ဆရာကြီးဂိုအင်ကာတို့သည် ကမ္ဘာကသိသော ကမ္မဋ္ဌာန်းပြဆရာကြီးများ ဖြစ်ကြသည်။

ပဋိပတ္တိသာသနာအရာတွင် မြန်မာနိုင်ငံက ရှေ့ဆောင်ရှေ့ရွက်ဖြစ်ရခြင်းမှာလည်း ပရိယတ္တိသာသနာ ခိုင်မာအားကောင်းသောကြောင့် ဖြစ်သည်။ မှန်ပေသည်။

ပရိယတ္တိ(ပိဋကတ်သုံးပုံ)ထဲ၌ ပဋိပတ္တိ(ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်း)တို့သည် ခိုင်ခိုင်မာမာ ပြည့်ပြည့်စုံစုံရှိကြသည်။ ပရိယတ္တိကျွမ်းကျင်သော ဆရာတော်ကြီးများသာ ကျင့်ကြံ အားထုတ်နည်းအမှန်(ပဋိပတ္တိ)ကို သိနိုင်ကြသည်။ ပရိယတ္တိမကျွမ်းကျင်သော ပုဂ္ဂိုလ်များသည် ထိုကျင့်ကြံအားထုတ်နည်းအမှန်ကို သိမြင်နိုင်မည်မဟုတ်ပေ။ ကျင့်ကြံအားထုတ်နည်း (ပဋိပတ္တိ)မမှန်ကန်လျှင် (သို့မဟုတ်)မပြည့်စုံလျှင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမည် မဟုတ်ပေ။

ထို့ကြောင့် ပရိယတ္တိစာပေကျမ်းဂန်တို့ကို ထဲထဲဝင်ဝင် မှန်မှန်ကန်ကန် သိဖို့အရေးကြီးပေသည်။

ပရိယတ္တိသာသနာတော်သည် သာသနာတော်၏ ပင်မရေသောက်မြစ်ဖြစ်သောကြောင့် ပရိယတ္တိသာသနာထွန်းကားရေးကို အားပေးခြင်းသည် သာသနာနှင့် ပညာနှစ်မျိုးလုံးကို အားပေးခြင်းဖြစ်သောကြောင့် သာသနာနှင့် ပညာကို ထာဝရ အားပေးပူဇော်လိုကြသော ဒါယကာအချို့က မန္တလေးမြို့ အဝေရာ ရာမရန်ကင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဒါက သီရိဘိဝံသထံ သြဝါဒခံယူကြရာ ဆရာတော်က မြန်မာနိုင်ငံတော်တွင် ကျင်းပနေသော ထိပ်တန်းစာမေးပွဲများကို ထူးထူးကဲကဲအောင်မြင်ကြသော သံဃာတော်များအား ထူးထူးခြားခြား ပူဇော်သင့်ကြောင်း သင်ကြားတော်မူပါသည်။

ထိုလမ်းညွှန်မိန့်ကြားချက်အရ ၁၃၇၉-၁၃၈၀ ပညာသင်နှစ် (၂၀၁၈ ခုနှစ်)စ၍ တိပိဋကရေစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ ပထမပြန်စာမေးပွဲ၊ မန္တလေးပရိယတ္တိသာသနဟိတ (သကျသီဟ)စာမေးပွဲ၊ ရန်ကုန် ဝေတိယင်္ဂဏစာမေးပွဲတို့တွင် တစ်ပြည်လုံးအမှတ် အများဆုံးဖြင့် ပထမရ၍ အောင်မြင်ကြသော အရှင်မြတ်တို့ကို ပရိယတ္တိပညာရည်ချွန်ဆုနှင်းပူဇော်ပွဲ ကျင်းပ၍ ထူးထူးခြားခြား ပူဇော်သွားမည်ဖြစ်ကြောင်း သိရရာ လွန်စွာဝမ်းမြောက်ရပါသည်။

"ပထမအကြိမ်ကျင်းပသော ပရိယတ္တိပညာရည်ချွန် ဆုနှင်းသဘင်၌ မန္တလေးသကျသီဟစာမေးပွဲ စာချတန်းနှင့် စာသင်တန်း၊ ရန်ကုန် စေတိယင်္ဂဏစာမေးပွဲ စာချတန်းနှင့် စာသင်တန်းတို့၌ ပထမရ အောင်မြင်သော အရှင်မြတ်လေးပါးနှင့် ဓမ္မာစရိယစာမေးပွဲ တစ်ပြည်လုံး ပထမ "အဂ္ဂမဟာအကျော်" ဘွဲ့ရတစ်ပါး၊ ပထမကြီးတန်း တစ်ပြည်လုံးပထမ "ပထမကျော်" ဘွဲ့ရတစ်ပါး ပေါင်း ခြောက်ပါးတို့ကို ၁၃၈၁ ခုနှစ် ကဆုန်လပြည့် ကျော် ၁ ရက် (၁၉-၅-၂၀၁၉) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်၌ ပညာရည်ချွန်ဆုများ အပ်နှင်းမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်"

ပထမအကြိမ်ကျင်းပသော ပရိယတ္တိပညာရည်ချွန် ဆုနှင်းသဘင်၌ မန္တလေးသကျသီဟစာမေးပွဲ စာချတန်းနှင့် စာသင်တန်း၊ ရန်ကုန် စေတိယင်္ဂဏစာမေးပွဲ စာချတန်းနှင့် စာသင်တန်းတို့၌ ပထမရ အောင်မြင်သော အရှင်မြတ်လေးပါးနှင့် ဓမ္မာစရိယစာမေးပွဲ တစ်ပြည်လုံး ပထမ **"အဂ္ဂမဟာအကျော်"** ဘွဲ့ရတစ်ပါး၊ ပထမကြီးတန်း တစ်ပြည်လုံးပထမ **"ပထမကျော်"** ဘွဲ့ရတစ်ပါး ပေါင်း ခြောက်ပါးတို့ကို ၁၃၈၁ ခုနှစ် ကဆုန်လပြည့် ကျော် ၁ ရက် (၁၉-၅-၂၀၁၉) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ်ရွှေကျောင်းတိုက်၌ ပညာရည်ချွန်ဆုများ အပ်နှင်းမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

ရေနံအကြောင်း သိကောင်းစရာ

ရေနံအငြိမ်းစားပညာရှင်တစ်ဦး

ရေနံနှင့်ပတ်သက်သော သတင်းအချက်အလက်များအား နေ့စဉ်ထုတ်သတင်းစာများ၌ရေးသားဖော်ပြကြသည်ကို မကြာခဏ ဖတ်ရှုရပါသည်။ ဤဆောင်းပါးသည် " ရေနံအကြောင်း သိကောင်းစရာ " တစ်ခုအဖြစ် စိတ်ဝင်စားသူများအတွက် ဗဟုသုတ မှတ်တမ်းအဖြစ်ရရှိစေရန်တင်ပြခြင်းဖြစ်ပါသည်။

ရေနံဆိုသည်မှာ မြေအောက်ခိုအောင်းနေသော ရတနာ

ရေနံနှင့်သဘာဝဓာတ်ငွေ့သည် မြေပြင်၏ အောက်အနက်ပေများစွာတွင် ခိုအောင်းနေသောသယံဇာတဖြစ်ပါသည်။ ရေနံသိုက် သို့မဟုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနေသောမြေအောက်သဲကြော (Reservoir) များကိုလေ့လာရာတွင် မြေအောက်တွန်းကန်အား (Reservoir Pressure) နှင့်မြေအောက်အပူချိန် (Reservoir Temperature) တို့သည်လည်းအဓိကပါဝင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြေအောက်သဲကြောတွင် ခိုအောင်းနေသောရေနံသည် မူလ (Reservoir Condition)၌ Under High Pressure နှင့် High Temperature တို့ဖြင့် တည်ရှိနေပါသည်။ အဆိုပါ မြေအောက်တွန်းကန်အားသည် မြေအောက်သဲကြောအတွင်းခိုအောင်းနေသော ရေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တို့ကို ရွေ့လျားစေပြီး သဲကြောမှ တွင်းထဲသို့ စီးဝင်စေသည့် အင်အားကိုဖြစ်စေပါသည်။ တစ်နည်းအားဖြင့် ရေနံထုတ်ယူရရှိခြင်းဆိုသည်မှာ မြေအောက်သဲကြောတွင် ခိုအောင်းနေသော ရေနံကို သဲကြောမှတစ်ဆင့် ရေနံတွင်းထဲသို့လည်းကောင်း၊ ရေနံသံကန်ထဲသို့လည်းကောင်း စီးဝင်လက်ခံထုတ်လုပ်ရရှိခြင်းသည် အဓိကမြေအောက်တွန်းကန်အားကြောင့် ဖြစ်ပါသည်။

မြေအောက်တွန်းကန်အားပေါ် မူတည်

မြေအောက်တွန်းကန်အားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သည်နှင့်အမျှ တစ်နည်းအားဖြင့် ရေနံထုတ်လုပ်သည့်အချိန် ကာလကြာသည်နှင့်အမျှ ကျဆင်းလေ့ရှိပါသည်။ ယင်းသည်သဘာဝတရားအရ ဖြစ်ရိုးဖြစ်စဉ်နိယာမဖြစ်ပါသည်။ ထို့ကြောင့် ရေနံတွင်းအလိုက် လည်းကောင်း၊ ရေနံသဲကြောအလိုက် လည်းကောင်း၊ ရေနံမြေအလိုက် လည်းကောင်း၊ ရေနံများများ ထုတ်လေလေ၊ မြေအောက်တွန်းကန်အားကျဆင်းသည်နှင့်အမျှ ရေနံအထွက်နှုန်းကျဆင်းလေ့ရှိပါသည်။ ယင်းကျဆင်းမှုကို သဘာဝကျဆင်းမှု (Natural Decline)ဟု ခေါ်ပါသည်။ ကမ္ဘာပေါ်တွင်ရှိသော မည်သည့်ရေနံမြေမဆို ရေနံထုတ်ယူသည်နှင့် အမျှ ထွက်နှုန်းကျဆင်းမှုသည် ဖြစ်မြဲဓမ္မတာပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်ရှိ ရေနံချောင်း၊ ချောက်၊ မန်းနှင့်ထောက်ရှာပင်စသည့် ရေနံမြေဟောင်းများ၏ နေ့စဉ်ရေနံထွက်နှုန်း ကျဆင်းနေမှုသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာဖြစ်ပါသည်။

မြန်မာပြည်၏ရေနံမြေဟောင်းများတွင် ထူးခြားမှုကိုယ်စီရှိကြပါသည်။ ရေနံချောင်းရေနံမြေသည် ကမ္ဘာတွင် ရှေးအကျဆုံး ရေနံမြေတစ်ခုအဖြစ်ထင်ရှားသည့် အပြင် ရေနံချောင်းနှင့် ချောက်ရေနံမြေများသည် ကမ္ဘာပေါ်တွင်စစ်ကြိုခေတ်၏ ရေနံထုတ်လုပ်သောနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကိုပါဝင်စေသည့် နိုင်ငံ့ဂုဏ်ဆောင်ရေနံမြေများ ဖြစ်ပါသည်။ မန်းနှင့် ထောက်ရှာပင်ရေနံမြေတို့သည်လည်း နိုင်ငံတော်၏ နေ့စဉ်ရေနံထုတ်လုပ်မှု စည်ပေါင်းသုံးသောင်းကျော်အထိ စံချိန်တင်ထုတ်လုပ်ရာတွင် အဓိကပါဝင်ခဲ့ကြပါသည်။ အဆိုပါ ရေနံမြေဟောင်းများအနက် မန်းရေနံမြေသည် နိုင်ငံတော်၏ လောင်စာဆီလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းပေးခဲ့ပါသည်။

နှစ် ၅၀ ကြာ အလုပ်အကျွေးပြုနေသော မန်းရေနံမြေ

မန်းရေနံမြေသည် ၁၉၇၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်အတွက် ရေနံထုတ်လုပ်ပေးခဲ့ရာ ယခုဆိုလျှင် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၅၀ ရှိပါတော့မည်။ နှစ်ပေါင်းများစွာ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုခဲ့သော အဓိကရေနံမြေကြီးတစ်ခုဖြစ်ခဲ့သည့် အလျောက် ယခုအချိန်တွင် နေ့စဉ်ရေနံထွက်နှုန်း စည်ပေါင်း ၁၁၀၀ ကျော်သာလျှင် ထွက်နေခြင်းသည် Natural Field Decline အရ ဓမ္မတာပင် ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်ကို အထွက်နှုန်းကျဆင်းနေကြောင်း၊ တွင်းသစ်တူးစရာမရှိကြောင်း၊ ရေနံအထွက်တိုးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲကြောင်း စသည်ဖြင့် ပြောဆိုဝေဖန်နေလျှင်တော့ မန်းရေနံမြေသာ အသက်ရှိပြီး စကားပြောတတ်မည်ဆိုလျှင် ချုံးပွဲချထိုင်ငိုနေမှာသေချာပြီး "ငါ့ကိုတော့ မညှာမတာ၊ မတန်တဆ ရေနံထုတ်ခိုင်းတုန်းက ခိုင်းခဲ့ပြီး ငါသည်အိုမင်းမစွမ်းမှ အသက်ကြီး၍ အားအင်ကုန်ခန်းပြီး ဘာမှ မတတ်နိုင်တော့မှ အပြစ်ပြောခဲ့ရသလား" ဆိုပြီးတော့ မည်တွန်တောက်တီး လိမ့်မည်ဟု ထင်ပါသည်။

အဘယ်အတွက်ကြောင့်ဆိုပါလျှင် တစ်ချိန်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းဝင်ဘဝသို့ ရွေ့လျားသက်ဆင်းနေစဉ်ကာလက မိမိနိုင်ငံ၏ စက်သုံးဆီ လိုအပ်ချက်ကိုပင် နိုင်ငံခြားငွေဖြင့် ဝယ်ယူတင်သွင်းဖြည့်စွက်နိုင် ခြင်းမရှိခဲ့သော ဘဝတွင် ပြည်တွင်းရေနံစိမ်းထုတ်လုပ်မှုနှင့် (နိုင်ငံခြားမှ ဝယ်ယူတင်သွင်းခြင်းမရှိဘဲ) နှစ်ပေါင်း ၁၀ နှစ်ကျော် ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဝေသုံးစွဲနိုင်ခဲ့မှုနှင့် ပတ်သက်၍ မန်းရေနံမြေသည် နိုင်ငံတော်အတွက် အဓိကအမာခံပံ့ပိုးခဲ့ရသော ကျေးဇူးရှင်ရေနံမြေကြီးဖြစ်ခဲ့လို့ပင်။ မှန်ပါသည်။ တစ်ချိန်က နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို ပြည့်မီအောင် ရေနံထုတ်လုပ်ပေးခဲ့သော အဓိကရေနံမြေဖြစ်ပါသည်။ နိုင်ငံတော်အတွက် စက်သုံးဆီလက်ကျန်နည်းပါးသည့်အခါတိုင်း အထက်မှညွှန်ကြားချက်အရ ရေနံအထွက်တိုးရေးလုပ်ငန်းများ (Production Boost-up Operations) ဆောင်ရွက်ရန် မန်းရေနံမြေသို့ အကြိမ်ပေါင်းများစွာ သွားရောက်ဆောင်ရွက်ခဲ့ရပါသည်။ ထို့ကြောင့် မန်းရေနံမြေသည် အကျယ်အဝန်း၊ အရွယ်အစားနှင့်မမျှ၊ ရေနံမြေသက်တမ်းနှင့်မမျှ၊ ရေနံထုတ်လုပ်မှုဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရရှာသော ရေနံမြေတစ်ခုလည်း ဖြစ်ပါကြောင်း လက်ရှိရေနံမြေ၏ အနေအထားများက သက်သေပြနေပါသည်။

နိုင်ငံတော်အတွက် လိုအပ်ချက်အရ မန်းရေနံမြေတွင် လိုအပ်သည်ထက်ပိုမိုဖိအားပေးဆောင်ရွက်ခဲ့ရသော ရေနံမြေဖွံ့ဖြိုးရေးလုပ်ငန်း (Oil Field Development Operations) နှင့် ပတ်သက်၍ သိပ္ပံနည်းစနစ်မကျကြောင်း၊ နိုင်ငံခြားသားပညာရှင်တစ်ဦး၏ ပြောဆိုဝေဖန်မှုကို ခံခဲ့ရဖူးပါသည်။ သို့ရာတွင် မြန်မာကျွမ်းကျင်ပညာရှင်များအနေဖြင့် ကြည့်လျှင် မိမိတို့သည် နိုင်ငံတော်၏ လိုအပ်ချက်အရ လုံလောက်သော ရေနံထုတ်လုပ်မှု ကိန်းဂဏန်းရရှိအောင် မဖြစ်မနေ စီမံဆောင်ရွက်ပေးခဲ့ရခြင်းဖြစ်သောကြောင့် မိမိတို့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့ ကျေနပ်မိပါကြောင်း မှန်တမ်းတင်ဖော်ပြအပ်ပါသည်။

ပထမဆုံး စံပြရေနံမြေတစ်ခု

ယခုတော့ ရေနံထုတ်လုပ်မှုဒဏ်ကို အလူးအလဲခံခဲ့ရရှာသော မန်းရေနံမြေသည် ပင်ပန်းရကျိုးနပ်ခဲ့ပါပြီ။ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ မန်းရေနံမြေစီမံကိန်း ရေနံပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Redevelopment and Enhanced Oil Recovery -EOR Programme)အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ကို ၂၀၁၉ ခုနှစ် မတ်လအတွင်း ထုတ်ပေးခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး လက်ခံရရှိသည့် စံပြရေနံမြေတစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့ပါပြီ။ အလားတူ သက်သေခံလက်မှတ်ပါ အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် သွားရတော့မည်လည်း ဖြစ်ပါသည်။ ထို့ကြောင့် မန်းရေနံမြေကို ယခုလို ဂုဏ်ယူဝံ့ကြွားစွာ နှုတ်ဆက်လိုက်ပါသည်။

"အိုအသင်မန်းရေနံမြေ၊ အသင်သည် အိုပင်အိုငြားသော်လည်း ရေနံထုတ်လုပ်မှုတွေ ဘယ်လိုပင် ကျဆင်းသွားသွား ယခုအချိန်တွင် နိုင်ငံတကာအဆင့်မီ ECC လက်မှတ်ရ ထိပ်တန်း စံပြရေနံမြေအဖြစ် ရပ်တည်လျက်ရှိသော သင့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း"။ ။

"မြေအောက်တွန်းကန်အားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သည်နှင့်အမျှ တစ်နည်းအားဖြင့် ရေနံထုတ်လုပ်သည့်အချိန် ကာလကြာသည်နှင့်အမျှ ကျဆင်းလေ့ရှိပါသည်။ ယင်းသည်သဘာဝတရားအရ ဖြစ်ရိုးဖြစ်စဉ်နိယာမဖြစ်ပါသည်။ ထို့ကြောင့် ရေနံတွင်းအလိုက် လည်းကောင်း၊ ရေနံသဲကြောအလိုက် လည်းကောင်း၊ ရေနံမြေအလိုက် လည်းကောင်း၊ ရေနံများများ ထုတ်လေလေ၊ မြေအောက်တွန်းကန်အားကျဆင်းသည်နှင့်အမျှ ရေနံအထွက်နှုန်းကျဆင်းလေ့ရှိပါသည်။ ယင်းကျဆင်းမှုကို သဘာဝကျဆင်းမှု (Natural Decline) ဟု ခေါ်ပါသည်"

တောင်ပေါ်မြို့ဖြစ်သော ပန်လုံမြို့၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်

ပန်လုံ မေ ၁၄

ဟိုပန် ခရိုင် ပန်လုံမြို့သည် ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေ ၄၉၀၀ ကျော်၌ တည်ရှိသည့် တောင်ပေါ်မြို့ တစ်မြို့ဖြစ်သည်နှင့်အညီ နှစ်စဉ် နွေရာသီ၌ သန့်ရှင်းသော သောက်သုံးရေ ရှားပါးသည့် အခက်အခဲအား နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည်။

ပန်လုံမြို့တွင် ရေလှောင်ကန်သုံးခု တည်ဆောက်ထားပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများမှ နွေရာသီတွင် သောက်သုံးရေရှားပါးမှုကို ဖြေရှင်းနိုင်ရန် အတွက် ပြီးခဲ့သည့် ဇန်နဝါရီ ၂၄ ရက်က ရေလှောင်ကန်များ၌ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတု ပူပြင်းမှုကြောင့် ဧပြီလကုန်ပိုင်းမှစ၍ ရေထွက်နေရာတွင် ရေများ ခန်းခြောက်လာကာ ယခုအခါ သန့်ရှင်းသော သောက်သုံးရေ လျော့နည်းလာမှုကြောင့် ဒေသခံ ပြည်သူများမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် ရေများကို သောက်သုံးနေကြရသည်။

ယခုနှစ်ရေရှားပါးမှုသည် ယခင်နှစ်များထက် ပိုမိုဆိုးရွားလာကာ ရေထွက်နေရာများတွင် သစ်ပင်ခုတ်ခြင်းကို ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်း၍ ပြင်းထန်စွာ အရေးယူသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

မြို့နယ် (ပြန်/ဆက်)

ပန်လုံမြို့သို့ သောက်သုံးရေ လာရောက်လှူဒါန်းမှုကို တွေ့ရစဉ်။

အောင်လံမြို့နယ် မိုးတွင်းစမ်းကျေးရွာ၌ နွေကာလသောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး အဝီစိစက်ရေတွင်းတူးဖော်ပေး

အောင်လံ မေ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မိုးတွင်းစမ်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၂ သန်းဖြင့် နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေး အတွက် အဝီစိစက်ရေတွင်း တူးဖော်ပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကြီးက ပြောသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လေးလက်မ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ× အနံ ၈ ပေ× အမြင့် ၈ ပေရှိသော ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ခွင့်ပြု ရန်ပုံငွေကျပ် ၁၂ သန်းဖြင့် ယခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၎င်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ စစ်ဆေးချိန်တွင် စက်ရေတွင်းအောင်မြင်စွာ တူးဖော်ခြင်း တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထိထွက်ရှိပြီး ရေစက်ရုံနှင့် အုတ်ရေကန် တည်ဆောက်မှုမှာလည်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိုးတွင်းစမ်းကျေးရွာအတွင်း၌ စက်ရေတွင်းကို နေရာ ၃ နေရာပြောင်း၍ တူးဖော် ခဲ့ရသော်လည်း မြေအောက်ရေအောင်းလွှာမရှိသဖြင့် တူးဖော်မှုမအောင်မြင်ခဲ့ပေ။ သို့ဖြစ်၍ GP Survey တိုင်းတာမှုများပြုလုပ်ပြီး ကျေးရွာနှင့် ပေ ၃၀၀၀ အကွာ ကျေးရွာ အပြင်ဘက်တွင် တူးဖော်ခဲ့ရာစက်ရေတွင်းအား အောင်မြင်စွာတူးဖော်ဆောင် ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူးကပြောကြားသည်။

ဆက်လက်၍ အဆိုပါစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ မိုးတွင်းစမ်းကျေးရွာရှိ ကျွဲနွား တိရစ္ဆာန်များ အပါအဝင် အိမ်ခြေ ၅၁ အိမ်မှ လူဦးရေ ၁၄၆ ဦးတို့၏ သောက်သုံးရေ ဖူလုံရေးတို့အတွက် အကျိုးပြုမည် ဖြစ်ကြောင်း မြို့နယ် ကျေးဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြီးက ပြောသည်။

ငြိမ်းသူ (စလင်း)

အမှိုက်ကင်းစင်သန့်ရှင်းရေး လှုပ်ရှားမှု ညောင်လေးပင်မြို့၌စုပေါင်းဆောင်ရွက်

ညောင်လေးပင် မေ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် မေ ၁၀ ရက် နံနက်ပိုင်းက အမှိုက် ကင်းစင်သန့်ရှင်းရေး လှုပ်ရှားမှု စုပေါင်းဆောင်ရွက်ကြသည်။ အမှိုက်ကင်းစင်သန့်ရှင်း ရေးဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနိုင်အောင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးထင် အောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ စုပေါင်းဆောင်ရွက်ခြင်းကို ညောင်လေးပင်မြို့ မြို့မှ ၃ ရပ်ကွက် ဗိုလ်ချုပ်လမ်း ဆေးရုံရှေ့မျက်နှာစာနှင့် ဆေးရုံတောင်ဘက် (စုပေါင်း ရုံးလမ်း) ကိုးနဝင်းစေတီရှေ့ (ရွာသစ်ရပ်)နှင့် ရန်ကုန်-မန္တလေးကားလမ်းမကြီးတို့၌ အမှိုက်များကောက်၍ စနစ်တကျ စွန့်ပစ်ခြင်း၊ ချုံနွယ်မျက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

ကန်ကြီးထောင့်မြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်းခင်း

ပုသိမ် မေ ၁၄

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော မြင်းကဆိပ်ကျေးရွာအုပ်စု စာဖြူစုကျေးရွာ ကုန်ထုတ်လမ်းအမှတ် (၁) နှင့်အမှတ် (၂) ဂဝံခင်းခြင်းလုပ်ငန်းတို့ကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစတင့်ဝေနှင့် ကန်ကြီးထောင့်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်တို့က မေလဒုတိယ ပတ်က ကြည့်ရှုစစ်ဆေး သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာသူ/ ကျေးရွာသားများ လယ်ယာထွက်ကုန်ပစ္စည်းများ လွယ်လင့်တကူ သယ်ယူနိုင်ခြင်း၊ သွားလာရေး ပိုမို လွယ်ကူလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်သည်။

၀၀၇

အဆင့်မြင့်တည်ဆောက်ထားသော ရွှေပိတောက်ငါးဈေးကြီးတွင် ဆိုင်ခန်း ၁၅ ခန်းသာ ဖွင့်လှစ်ရောင်းချ

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးနှင့် ကပ်လျက်ရှိသော အဆင့်မြင့်တည်ဆောက်ထားသည့် ရွှေပိတောက်ငါးဈေးကြီးကို ဖွင့်လှစ်ခဲ့သည်မှာ လေးနှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် ဈေးသည် ၁၅ ဦးသာ ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆင့်မြင့် တည်ဆောက်ထားသော ရွှေပိတောက်ငါးဈေးကြီးကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး မှဝင်ရောက်သောရေချိုငါး၊ ပုစွန်များနှင့် ပင်လယ်မှ ဝင်ရောက်သောရေငန်ရေထွက်ပစ္စည်းများကို သန့်ရှင်း ကျယ်ဝန်းစွာရောင်းချနိုင်ရန် သီရိမင်္ဂလာဈေးနှင့် ကပ် လျက်ရှိမြေ ရှစ်ဧကကျော်ပေါ်တွင် ရွှေပိတောက်ငါး ဈေးကြီးကိုတည်ဆောက်ခဲ့ပြီး ယာဉ်ရပ်နားရာနေရာ နှင့် ဆိုင်ခန်းပေါင်း ၄၂၀၊ ရှော့ဟောက် ၁၀ ခန်း ကျော် ဖွင့်လှစ်ခဲ့သော်လည်း ယနေ့တိုင် ဆိုင်ခန်း ၁၅ ခန်းသာ ရောင်းချလျက်ရှိရာ ဈေးအင်္ဂါနှင့်အညီ လှိုင်မြစ်ဘေး တွင်တည်ဆောက်ထားသောငါးဈေးကြီးမှာ ကားလမ်း ပေါ်တွင် ပြည့်လျှံစွာ ရောင်းချလျက်ရှိသည့် စံပြ ငါး ဈေးထက်များစွာ ခြောက်ကပ်လျက်ရှိသောကြောင့် လေးနှစ်ကျော်ကြာ အခက်အခဲမျိုးစုံကြားမှ နေရ သည့်ငါးဒိုင်များအနေဖြင့် ငါးဈေးကြီး စည်ကားလာရန် အထူးလိုလား မျှော်လင့်လျက်ရှိကြောင်း သိရ သည်။

"ဒီဈေးမှာအခြေအနေဆိုးနေပြီ။ ငါးဈေးကြီး ဖွင့် ချိန်ကစပြီး ဒီနေ့ထိ ကျွန်တော်တို့ရောင်းလာကြတာ။ စံပြ ငါးဈေးကဒီမှာ လာပေါင်းမယ်ဆိုတော့ အဆင့် မြင့် ဆောက်ထားတဲ့ ဈေးဖြစ်တဲ့အတွက် အများကြီး မျှော်လင့်ထားခဲ့တယ်။ စံပြဈေးကကားလမ်းပေါ်နဲ့ ရပ်ကွက်လမ်းတွေပေါ်မှာငါးဒိုင်တွေဖွင့်ပြီး စည်စည် ကားကားနဲ့အရောင်းအဝယ်ဖြစ်နေကြတယ်။ ဒီဈေးက တော့ ခြောက်ကပ်လာပြီ။ တစ်နေ့စည်ကားနိုးနဲ့ မျှော်နေရတာကြာပြီ။ ဈေးသည်လည်းနစ်နာသလို အခွန်ငွေရမယ့်နိုင်ငံတော်လည်း နစ်နာပါတယ်။ ကုန်ပစ္စည်းချပေးတဲ့ ငါးကန်ပိုင်ရှင်နဲ့နယ်က ကုန်သည် တွေကို မျက်နှာမပျက်အောင်၊ ဝမ်းရေးအတွက် လုပ်ငန်းလေးရပ်မသွားအောင် မနည်းကျားကန်နေ ရတယ်"ဟု ရွှေပိတောက်ငါးဈေးမှ ငါးဒိုင်ပိုင်ရှင် ဖြစ်သူ ဦးမျိုးအောင်က ပြောသည်။

ရွှေပိတောက်ငါးဈေးတွင် ဆိုင်ခန်းပေါင်း ၄၂၀ နှင့် ရှော့ဟောက်တန်း ၁၀ ခန်းကျော်၊ ဈေးရုံပေါင်း ရှစ်ရုံ တည်ဆောက်၍ (၁၁×၁၈)ပေ ကျယ်ဝန်းသော ဆိုင်း ခန်း တစ်ခန်းလျှင် ကျပ်သိန်း ၃၃၀ အတွက် ဦးစွာ ကျပ် သိန်း ၆၀ သွင်းရပြီး မရောင်းရသေးသောဆိုင်ခန်း ၄၀ ကျော်သာကျန်ရှိကြောင်း၊ ရွှေပိတောက်ငါးဈေး မစည် ကားသောကြောင့် ကြည့်မြင်တိုင် စံပြငါးဈေးတွင် သွားရောက်ရောင်းချသည့်အတွက် ရွှေပိတောက်ငါး ဈေးတွင်ဈေးသည် ၁၅ ဦးသာ ကျန်ရှိနေခြင်း ဖြစ် သည်။ ညနေ ၅ နာရီမှ နံနက် ၁ နာရီ ရွှေပိတောက် ငါး ဈေးတွင် ရေထွက်ပစ္စည်းများရောင်းချပြီး စံပြငါးဈေး တွင် ညနေ ၅ နာရီမှ နံနက် ၅ နာရီထိ ကားလမ်းပေါ် တွင်အထူးစည်ကားစွာရောင်းချသည့်အပြင် ဈေးရုံ အတွင်း ၂၄ နာရီဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ရွှေပိတောက်ငါးဈေးကို ၂၀၁၄ ခုနှစ်၊ ဧပြီ ၂၄ ရက် တွင် ဖွင့်လှစ်ခဲ့ပြီး ယာဉ်ရပ်နားရာနေရာ၊ စက်လှေ ဆိုက်ကပ်ရာဇာတံတား၊ ရေ၊ လျှပ်စစ်မီးနှင့် လေဝင် လေထွက်ကောင်းသော ဈေးရုံကြီးများ ရှိသော်လည်း ဈေးသည်အနည်းငယ်သာရှိသောကြောင့် အဆင့်မြင့် ငါးဈေးကြီးစည်ကားပါက သတ်မှတ်ဈေးအတွင်း အရောင်းအဝယ်လုပ်ဆောင်ခြင်းဖြင့် ကားလမ်းပေါ် တွင် ရေထွက်ပစ္စည်းများ ရောင်းချမှုကင်းဝေးစေမည့် အပြင် နေ့စဉ်နံနက်ပိုင်းကြည့်မြင်တိုင် ကားလမ်းပေါ် ၌ လွင့်ပျံ့နေသော ငါးညှီနံ့များရှူရှိုက်ရခြင်းမှ ကင်း ဝေးစေရန် ရပ်ကွက်ပြည်သူများ နေ့စဉ်ခံစားနေရသော စိတ်အနှောင့်အယှက် ကင်းဝေးစေမည်ဖြစ်သည်။

"ကျွန်တော်တို့ စပြီးဆိုင်ခန်းခသွင်းတော့ ပထမ အရစ်အနေနဲ့သိန်း ၅၀ သွင်းရတယ်။ ဈေးဝယ်မယ့် သူနည်းတော့ ၆၅ သိန်းပဲသွင်းနိုင်တယ်။ ဈေးရောင်း ရရင်ငွေသွင်းဖို့က အဆင်ပြေသွားပါပြီ။ ဟိုဘက် ဈေးမှာလည်း သွားမရောင်းဘူး။ ဒီမှာပဲအခုထိ ရောင်း တယ်။ အဆင်မပြေပေမယ့် ဘာလို့ရောင်းနေလဲ ဆိုရင်ဈေးသည်တစ်ဦးအနေနဲ့ လိုက်နာရမယ့်စည်း ကမ်းအတိုင်းလိုက်နာတာပါ။ ပြီးတော့ဗဟိုစံပြငါးဈေး နဲ့ပေါင်းဖို့တည်ဆောက်တာဖြစ်တဲ့အတွက်တစ်ချိန်မှာ ဒီဈေးကြီး စည်ကားလာမယ်လို့ယုံကြည်လို့ပါ"ဟု ရွှေပိတောက်ငါးဈေးမှ ဦးမောင်မောင်သန်းက ပြောသည်။

ရွှေပိတောက်ငါးဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၄၂၀ တွင် ဘေးခန်းဖြစ်ပါကသိန်း ၃၃၀၊ အတွင်းခန်း ဖြစ်ပါ ကသိန်း ၂၈၀ ဖြင့် လက်ငင်းငွေချေပါကသိန်း ၃၃၀ အတွက်သိန်း ၃၀၀၊ သိန်း ၂၈၀ အတွက်သိန်း ၂၅၀ သွင်းရပြီး ဈေးရုံပေါင်းရှစ်ရုံတွင် ဆိုင်ခန်း ၁၅ ခန်းသာ ဖွင့်လှစ်ရောင်းချလျက်ကျယ်ဝန်းသော ရွှေပိတောက် ငါးဈေးကြီးအား အဆင့်မြင့်စွာ တည်ဆောက်ထား သော်လည်း ဈေးသည် ၁၅ ဦးသာ ကြံ့ကြံ့ခံ၍ ဆက် လက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ -သန်းစိုး၊ သန်းထိုက်

လက်ရှိဘဏ္ဍာနှစ် ခုနစ်လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားပြီးယခင်နှစ်ကာလတူထက် တန်ချိန် ရှစ်သိန်းကျော် လျော့ကျ

ရန်ကုန် မေ ၁၄

လက်ရှိဘဏ္ဍာနှစ် ခုနစ်လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ရှစ်သိန်းကျော် လျော့ကျခဲ့ကြောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရ သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၂၆ ရက်အထိ ခုနစ်လအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၃ သန်းကျော် တင်ပို့ထားပြီး တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁၂ ဒသမ ၃၇၇ သန်းရရှိထားကြောင်း သိရ သည်။

ပြီးခဲ့သည့်နှစ် ကာလတူတွင်မူ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၁ သန်းကျော် တင်ပို့ထားသဖြင့် တန်ချိန် ရှစ်သိန်းကျော် လျော့ကျခဲ့ကာ ပို့ကုန်ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် လျော့ကျခဲ့ကြောင်းသိရသည်။

ကုန်သွယ်မှုလမ်းကြောင်းအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင်လည်း နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှ တန်ချိန်ပေါင်း ၅၀၅၇၇၁ ဒသမ ၅၆၀ တန် တင်ပို့ နိုင်ခဲ့ပြီးတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆၄၇ သန်းရရှိထား ကြောင်း၊ ပင်လယ်ရေကြောင်းမှ တန်ချိန်ပေါင်း ၈၃၁၀၀၂ ဒသမ ၅၃၂ တန် တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၇၂၈ သန်းရရှိ ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများ အရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဆန်အများဆုံးတင်ပို့သည့် နိုင်ငံများတွင် တရုတ် နိုင်ငံမှ အများဆုံးဖြစ်ပြီး ဖိလစ်ပိုင်မှာ ဒုတိယ အများဆုံးဖြစ်ကာ အိုင်ဗရီကို့စ်မှာ တတိယ အများဆုံး ဖြစ်သည်။ ထို့ပြင် ကမ်မရွန်းမှာ စတုတ္ထနေရာတွင်ရှိပြီး ဂီနီမှာ ပဉ္စမမြောက်နိုင်ငံဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဆန်ကွဲအများဆုံးတင်ပို့သည့် နိုင်ငံများတွင်လည်း ဘယ်လ်ဂျီယံနိုင်ငံမှ အများဆုံးဖြစ်ပြီး အင်ဒိုနီးရှားမှာ ဒုတိယအများဆုံးဖြစ်ကာ တရုတ်မှာတတိယ အများဆုံး ဖြစ်သည်။ ထို့ပြင် ယူကေမှာ စတုတ္ထနေရာ တွင်ရှိပြီး ပိုလန်မှာပဉ္စမမြောက် နိုင်ငံဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် ဆန် အများဆုံးတင်ပို့သည့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်၌ တရားမဝင် ကုန်စည်ဖမ်းဆီးရေးစီမံချက်များလုပ်ဆောင်ခဲ့သောကြောင့် တရုတ်ကုန် သည်များ ဆန်အဝယ်ရပ်တန့်ခဲ့ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ကုန်သွယ်ရေးလမ်း ကြောင်းတစ်ခုဖြစ်သော အဓိကဆန်တင်ပို့နေသည့် မူဆယ်နယ်စပ်တွင် ဆန်တန်ချိန် ငါးသောင်းခန့် ပိတ်မိနေသည့်အတွက် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေမှာ လျော့ကျလျက်ရှိသည်။

"တရုတ်ဈေးကွက်က ၄၆ ရာခိုင်နှုန်းလောက် ဖြစ်တဲ့အတွက် သူ့ဈေးကွက်က မြန်မာပြည်ရဲ့တင်ပို့မှုထဲမှာ တရုတ်ဈေးကွက်ကအကြီးဆုံး၊ သူကဝယ်လိုအားကျ သွားရင် ဈေးကွက်ကိုရိုက်ခတ်မှုကတော့များပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

ပြီးခဲ့သည့်နှစ် ၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ်မတ်လအထိ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု စာရင်းများကို ကြည့်ပါကဆန်တန်ချိန် ၃ ဒသမ ၆ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် စံချိန်တင် ပြည်ပတင်ပို့နိုင်ခဲ့ခြင်း ဖြစ် သည်။

ငြိမ်းငြိမ်း

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏနေ
ပါမောက္ခဗိုလ်မှူးကြီးဒေါက်တာအောင်ကျော်ဇော (နှလုံးအထူးကုပါရဂူ၊ ပန်းလှိုင်စီလုံဆေးရုံ)နှင့်
ဒေါ်သူဇာမြင့်(အထက်တန်းပြ-ငြိမ်း)တို့၏သားငယ်

မောင်ပြည့်ဖြိုးအောင်

B.A(English)Y.U.F.L
B.A(Business) University of Newcastle, Australia
Managing Director, AKZ Co,Ltd

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ
ဗိုလ်မှူးချုပ် ဝင်းကိုကို(ငြိမ်း) မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့်
ဒေါ်အေးအေးယု(အလယ်တန်းပြ-ငြိမ်း)တို့၏သမီးကြီး

မမေသွေးကို

B.A(History), B.A(Economics), M.A(Human Rights), M.A(Political Studies)
University of Malmo, Sweden
Grant Management Analyst, UNOPS (Myanmar)

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ် (၁၆)၊ ဦးပိုင် (၁၂၃)၊ ၀ဒသမ၁၇၃ဧကနှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့အား အမည်ပေါက်ဂရန်လိုင်စင်ရရှိထားသူ ဒေါ်ကြည်ကြည်သက်ထံမှ ဒေါ်ခင်အေးလှ ၁/ဗမန(နိုင်)၀၄၁၂၀၂ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် စာချုပ်စာတမ်း မှတ်ပုံတင်စာချုပ်ပြုလုပ်မည်ဖြစ်ပါ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ခင်အေးလှ

ပက-၂၉၊ ဗန်းမော်မြို့

မွေးသက္ကရာဇ်အမှန်နှင့်တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ သစ္စာလမ်းနေ ဦးအောင်ကျော်မြင့်-မစိန်ကြည်တို့၏သမီး မိဟံသာမွန်(ခ)မိဟံသာထွန်း၏ မွေးသက္ကရာဇ် ဆုတ် ၁၄-၆-၁၃၄၁ အမှန်မှာ ၃၀-၆-၇၉ ဖြစ်ပြီး မိဟံသာမွန်နှင့်မိဟံသာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မိဟံသာမွန်(ခ)မိဟံသာထွန်း

၁၀/ပမန(နိုင်)၀၉၈၇၃၇

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာယာမြိုင်ကျေးရွာ၊ မကေသီဦး(ဒုမီးသတ်ဦးစီးမှူး)၊ မကေခိုင်ဦး(မီးသတ်ဒုတပ်ကြပ်)၊ မမှုံနံ့သာဦး (သူနာပြုမန္တလေးကလေးဆေးရုံ)၊ မောင်ဇင်ဝိုင်းဦး (တတိယနှစ်ရေးဟောင်းသုတေသန) တို့၏ဖခင် ဦးအောင်နေဦး(ခ)ဦးနေဦး ၉/တသန(နိုင်)၁၁၃၇၉၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်နေဦး(ခ)ဦးနေဦး

ဦးဝဏ္ဏဖြိုး ၁၂/မဂတ(နိုင်)၀၉၅၈၅၈ နှင့် အထက်တန်းရှေ့နေ ဦးနေစည်သူဇော်တို့၏ ၁၁-၅-၂၀၁၉ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြေညာအပေါ် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်-၂၃၀/A ဖွင့်လှစ်ထားသော ချယ်ရီရိုးမကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးကြည်ရှိန် ၁၃/တကန(နိုင်)၀၁၃၂၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အတွက် ရှင်းလင်းကြေညာအပ်ပါသည်။

ချယ်ရီရိုးမကုမ္ပဏီနှင့် ဦးဝဏ္ဏဖြိုးတို့အကြားတွင် Toyota Yairs (စက်အမှတ်-MR 2kW 9F 34F 1065961) အမျိုးအစား မော်တော်ယာဉ်အား အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းလုံးဝမရှိပါ။ ဦးဝဏ္ဏဖြိုးအနေဖြင့် ချယ်ရီရိုးမကုမ္ပဏီလီမိတက်၏ ဖြောင့်မတ်မှန်ကန်တည်ကြည်စွာ ရပ်တည်နေသော ကောင်းမွန်သည့်ဂုဏ်သတင်းအား ထိခိုက်ညှိုးနွမ်းနစ်နာစေရန်အတွက် ချယ်ရီရိုးမကုမ္ပဏီအပေါ် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာချက်နှင့်ပတ်သက်၍ နစ်နာမှုအရပ်ရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသူရနိုင်(စဉ်-၉၆၁၀)	**ဦးအောင်ဟိန်း(စဉ်-၁၂၆၈၇)**
LL.B (ဥပဒေဘွဲ့)	**LL.B (ဥပဒေဘွဲ့)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၃၇၁၊ ပထမထပ်၊ ရန်ကင်းလမ်းသွယ်၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၀၇၀၆၄

ဦးဝဏ္ဏဖြိုး ၁၂/မဂတ(နိုင်)၀၉၅၈၅၈ နှင့် အထက်တန်းရှေ့နေ ဦးနေစည်သူဇော်တို့၏ ၁၁-၅-၂၀၁၉ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြေညာအပေါ် အများသိစေရန်အတွက် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ်-၂၃၀/A တွင်နေထိုင်သော ဒေါ်ဖြူဇင်ခိုင် ၁၃/တကန(နိုင်)၁၃၄၄၇၇ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ဖြူဇင်ခိုင်နှင့် ဦးဝဏ္ဏဖြိုးတို့အကြားတွင် Toyota Yairs (စက်အမှတ်-MR2kW 9F 34F 1065961) မော်တော်ယာဉ်အား အရောင်းအဝယ်ပြုလုပ်ကြပါသော်လည်း အဆိုပါ မော်တော်ယာဉ်၏ပိုင်ဆိုင်မှု စာရွက်စာတမ်းများဖြစ်သော ကားပရီမီယံစာအုပ်၊ ကား Owner Book၊ ကားဗီးတက်၊ ယာဉ်ရပ်နားခွန် အစရှိသော စာရွက်စာတမ်းများအား ဦးဝဏ္ဏဖြိုးအနေဖြင့် ယနေ့ထိတိုင် ဒေါ်ဖြူဇင်ခိုင်ကို ပေးအပ်ရခြင်းလုံးဝမရှိသေးပါ။ ထို့ပြင် ဦးဝဏ္ဏဖြိုး၏ တောင်းဆိုချက်အရ အဆိုပါ မော်တော်ယာဉ်အတွက် ဝင်ငွေခွန်-၁၂၃၄၇၄၇/-ကျပ်အား ဒေါ်ဖြူဇင်ခိုင်မှ မိမိစရိတ်ဖြင့်စိုက်ထုတ်ကာ ပေးသွင်းထားရသည်ကိုလည်း ဦးဝဏ္ဏဖြိုးနှင့်စာရင်းမရှင်းရသေးသလို၊ ဦးဝဏ္ဏဖြိုးမှ အဆိုပါမော်တော်ယာဉ်အား ပြုပြင်ပေးရမည့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးခြင်းလုံးဝမရှိသေးပါ။ ၂၃-၄-၂၀၁၉ရက်တွင် ဦးဝဏ္ဏဖြိုး၏ တောင်းဆိုချက်အရ ငွေကျပ်သိန်းငါးဆယ်အား ထပ်မံလွှဲအပ်ပေးခဲ့ပြီးဖြစ်သည်ကို လက်ခံထားပြီးလည်း ဖြစ်ပါသည်။

၁၁-၅-၂၀၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြကြေညာထားမှုမှာ ဒေါ်ဖြူဇင်ခိုင်နှင့် ဦးဝဏ္ဏဖြိုးတို့အကြား စာရင်းရှင်းလင်း ဆောင်ရွက်ရခြင်း မရှိသေးသလို အဆိုပါ ကားနှင့်ပတ်သက်၍ ပြုပြင်ပေးရမည့်ကိစ္စရပ်များ၊ ထပ်မံပေးချေထားသော ငွေကျပ်များနှင့်ဒေါ်ဖြူဇင်ခိုင်မှ စိုက်ထုတ်ကာပေးဆောင်ထားသော အခွန်အခငွေကျပ်များကို ဖုံးကွယ်လျက် မမှန်မကန် ဖော်ပြကြေညာထားခြင်းသာ ဖြစ်ပါသည်။ ဦးဝဏ္ဏဖြိုးအနေဖြင့် ၄င်းပေးဆောင်ရမည့် အခွန်အခများနှင့် မော်တော်ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား လက်ရောက်ပေးအပ်ပါက ကျန်ရှိသော ရောင်းဖိုးငွေများကို ဒေါ်ဖြူဇင်ခိုင်မှပေးချေရန် အသင့်ရှိနေသောကြောင့် ဦးဝဏ္ဏဖြိုး၏ ပျက်ကွက်နေမှုသာဖြစ်ကြောင်းရှင်းလင်းကြော်ငြာအပ်ပါသည်။ ထို့ကြောင့် ၁၁-၅-၂၀၁၉ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် မမှန်မကန်ဖော်ပြထားမှုမှာ ဒေါ်ဖြူဇင်ခိုင်၏ ဂုဏ်သိက္ခာကျဆင်းစေသည့်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသူရနိုင် (စဉ်-၉၆၁၀)	**ဦးအောင်ဟိန်း (စဉ်-၁၂၆၈၇)**
LL.B (ဥပဒေဘွဲ့)	**LL.B (ဥပဒေဘွဲ့)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်-၃၇၁၊ ပထမထပ်၊ ရန်ကင်းလမ်းသွယ်၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၀၇၀၆၄

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၆၁နှင့်ဆက်နွယ်သည့်

၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈၀

ဒေါ်နုနုအေး **နှင့်** ဒေါ်လှလှအေး

တရားနိုင် **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၆၁/၂၀၁၇ အမှု၏ ၃၀-၇-၂၀၁၈ရက်စွဲပါ အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ ခုနှစ် ဇွန် ၂၄ ရက် နံနက် ၁၀း၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူသူများသည် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ချ)၊ မြေကွက်အမှတ်-၈၇၇ ၁/၂၊ မြေကွက်လိပ်စာ-၈၇၇၁/၂၊ ဧရာ(၅)လမ်း၊ (ချ) ရပ်ကွက်၊ ဒေါ်သောင်းကြည်အမည်ပေါက် နှစ်(၆၀)အငှားဂရန် စာချုပ်အမှတ် (မဥ/ချ-၆၇၉/၉၃)၊ မြေကွက်အကျယ်အဝန်း (အလျား ၂၀ပေ×အနံ ၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေမြေအနက်မှ ခေါင်းရင်းခြမ်းဖြစ်သော (အလျား ၁၀ပေ×အနံ ၆၀)ပေ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း(လျှပ်စစ်မီတာ+ရေပိုက်လိုင်း) အပါအဝင် (၁)ထပ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး	-	သိန်း(၂၄၀)
ရောင်းချမည့်နေ့	-	၂၄-၆-၂၀၁၉ရက်
အတည်ပြုပြန်သွင်းရန်နေ့	-	၂၅-၆-၂၀၁၉ရက် ၁၀း၀၀နာရီ

လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် တန်ဖိုး၏ ၂၅ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို ထပ်မံလေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ခုနှစ် မေ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(မြမြဦး)

ဒုတိယခရိုင်တရားသူကြီး(၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၅၊ မြေကွက်အမှတ်-၁၇၆၁၊ မြေကွက်တည်နေရာအမှတ် (၁၇၆၁)၊ (၈၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဦးထွန်းငြိမ်း(AC-၀၁၆၁၅၆)အမည်ပေါက် ပါမစ်မြေအားပါမစ်မြေအမည်ပါ ဦးထွန်းငြိမ်းထံမှ အရပ်ကတိစာချုပ်ဖြင့် ၂၉-၉-၉၇ ရက်တွင် ဦးအောင်ဆန်းဝင်း ၁၂/သကတ(နိုင်)၀၅၂၆၀၄ မှ ဝယ်ယူ၍လည်းကောင်း၊ ဦးအောင်ဆန်းဝင်းထံမှ အရပ်ကတိစာချုပ်ဖြင့် ၁၀-၃-၂၀၁၅ရက်တွင် ဒေါ်သန်းသန်းဌေး ၁၂/လမတ(နိုင်)၀၁၆၆၇၈ မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်သန်းသန်းဌေးထံမှ အရပ်ကတိစာချုပ်ဖြင့် ၁၅-၁၀-၂၀၁၅ ရက်တွင် ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇ မှ ဝယ်ယူ၍လည်းကောင်း၊ ဒေါ်ခင်ထွေးထံမှအရပ်ကတိစာချုပ်ဖြင့် ၂၂-၈-၂၀၁၈ရက်တွင် ဦးရဲထက်နိုင် ၁/ဟပန(နိုင်)၀၀၅၅၂၁ မှဝယ်ယူ၍ ပါမစ်မူရင်း(မူရင်းတံဆိပ်မပါပါ၊ ပါမစ်တွင်လက်ရေးထပ်ရာများဖြစ်နေပါသည်)၊ စာချုပ်အဆက်အစပ်တို့တင်ပြ၍ နှစ် (၆၀) ဂရန်လျှောက်ထားလာခြင်းဖြစ်ပါသည်။ ပါမစ်မူရင်းတွင် လက်ရေးထပ်ရာများဖြစ်နေခြင်းအတွက် ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ အမည်ပေါက်ဦးထွန်းငြိမ်းထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူခဲ့ကြောင်း ဒေါ်ခင်ထွေးထံမှ ၄င်းမှစရန်ပေးချေပြီး ၁၁-၈-၂၀၁၈ရက် ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်းထည့်သွင်းကြော်ငြာပြီးကန့်ကွက်သူမရှိ၍ ဝယ်ယူခဲ့ကြောင်း ပါမစ်မူရင်းတွင် ရေးသားထားသည့်ကိစ္စနှင့်ပတ်သက်၍ မသိရှိသည်မှာမှန်ကန်ကြောင်း၊ တာဝန်ယူကြောင်း မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်-၁၀/၂၆၈/၁၈(၅-၁၀-၂၀၁၈)ပူးတွဲ၍ ဝင်စာဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၄၀'×၆၀') ရှိပြီး ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ သို့ဖြစ်ပါ၍ ပါမစ်မြေအမည်ပါ ဦးထွန်းငြိမ်းထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူဦးရဲထက်နိုင်မှ ပါမစ်မူရင်း(မူရင်းတံဆိပ်မပါပါ၊ ပါမစ်တွင်လက်ရေးထပ်ရာများဖြစ်နေပါသည်) တင်ပြ၍ နှစ်(၆၀)မြေငှားဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/4996 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8958 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၂၇၃၂၂ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးမြောက်ပိုင်း)

မန္တလေးမြို့

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1627 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ်(၈၈၃)၊ မြေကွက်တည်နေရာအမှတ်(၈၈၃)၊ ဗြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးသိန်း ၁၂/ဥကတ(နိုင်)၀၅၀၂၄၄၊ ဒေါ်တင်မြင့် ၁၂/ဥကတ(နိုင်)၀၅၆၁၃၉ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်း(ဖခင်)၊ ဒေါ်တင်မြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးအောင်မြင့်ဦး ၁၂/ဥကတ(နိုင်)၁၃၃၉၇၄ မှ တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၉/၁၅၉၈/၂၁-၉-၂၀၁၈)၊ သေစာရင်းနှင့် ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်နံကပ်အိမ်တွင် ဦးအောင်မြင့်ဦး ကိုယ်တိုင်နေထိုင်ပြီး ကျန်(၂)ထပ်နံကပ်အိမ်တွင် ဦးသိန်းထံမှ ဝယ်ယူထားသူ ဒေါ်မြင့်မြင့်မော်နေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ခေါင်းရင်းဘက်အခြမ်းပေ (၂၀×၆၀) ဝယ်ယူထားသူ ဒေါ်မြင့်မြင့်မော်နေထိုင်ခြင်းနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဦးအောင်မြင့်ဦးမှ ဝန်ခံကတိတင်ပြ၍ ဒေါ်မြင့်မြင့်မော်မှလည်း ဦးအောင်မြင့်ဦးမှ ပိုင်ဆိုင်နှင့်အရောင်းမြေပုံထုတ်ယူခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ဝန်ခံကတိတင်ပြလာသဖြင့် အဆိုပါ ပိုင်ဆိုင်နှင့် အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာလမ်း၊ အမှတ်-၂၃၅(B) တွင် ဖွင့်လှစ်တည်ထောင်ထားသော PADAUK SHWE WAR PORT AND PETROLEUM COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၁၈၅၈၉/၂၀၁၉) ဖြင့် (၅-၄-၂၀၁၉) ရက်နေ့တွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

(၄/၁၈၅၈၉/၂၀၁၉)

အထက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ PADAUK SHWE WAR PORT AND PETROLEUM COMPANY LIMITED မှ လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများအားလုံးနှင့်တကွ နိုင်ငံတကာကုန်စည် အုပ်စု (၄) နှင့် အုပ်စု (၃၉) စသည်တို့နှင့် သက်ဆိုင်သောကုန်ပစ္စည်းအမျိုးမျိုး၊ ကုမ္ပဏီနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ လက်ကမ်းကြော်ငြာများ၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ ငွေရပြေစာဖြတ်ပိုင်း၊ ဘလောက်၊ ဗီနိုင်း၊ ကြော်ငြာတံဆိပ်တုံး၊ လျှပ်စစ်နီယွန်မီးရောင်စုံ၊ LED ရောင်စုံအမျိုးမျိုး၊ Letter Head, Internet Email & Website တံဆိပ်တုံးအစရှိသည့် စီးပွားရေးလုပ်ငန်းများအားလုံး၊ ရေနံနှင့်စက်သုံးဆီအမျိုးမျိုးရောင်းဝယ်ရေး၊ သိုလှောင်ဖြန့်ဖြူးရေးနှင့်သက်ဆိုင်သော လုပ်ငန်းများအားလုံးတို့တွင် အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးဖြင့် ကပ်နိုပ်၍၊ ရိုက်နှိပ်၍၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆင်တူယိုးမှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမင်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၀၃)
အမှတ်(၂၈၇)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉၄၂၁၀၂၅၃၈၄

အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝါဝါထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ်(၈၃)၊ မြေတိုင်းအကွက်အမှတ် (၈၁)နှင့် မြေကွက်အမှတ် (၂၂)ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံ(၃)ထပ်၊ (၃)လွှာ(မြောက်)၊ ခြေရင်းခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေ၊ လျှပ်စစ်မီးနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် တို့အားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝါဝါထွန်း၏ခင်ပွန်းဖြစ်သူ (ဦးကျော်မင်း) ၁၂/ကမန(နိုင်)၀၀၈၅၀၄ အမည်ဖြင့် တရားဝင်ဝယ်ယူခဲ့ပြီး ယခုအခါ(ဦးကျော်မင်း)သည် ၁၇-၁-၂၀၁၅ရက်၌ ကွယ်လွန်ခဲ့ပြီဖြစ်၍ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ၎င်း၏ဇနီး ဒေါ်ဝင်းဝါဝါထွန်း ၁၀/သဖရ(နိုင်)၀၇၃၃၅၆ တစ်ဦးတည်းသာလျှင် တရားဝင်ဆက်ခံ ပိုင်ဆိုင်ခွင့်ရှိပြီး အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝါဝါထွန်းသာ စီမံခန့်ခွဲ ပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝါဝါထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသဥ္ဇာသိန်း (LL.B)	ဦးနေလင်း (LL.B)	ဒေါ်ဟန်နီအောင်မျိုး (LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
စဉ်-၁၄၅၉၈	စဉ်-၅၀၄၃၀	စဉ်-၄၂၄၉၃

အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄

စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းကြောင်း ဒေါက်တာအောင်မျိုးမြင့် (ဘ)ဦးခင်မောင်မြင့်နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ မဂျူးဂျူးစံဝင်း ၁၂/ဥကမ(နိုင်)၂၀၉၀၈၁ နှင့် ဒေါက်တာအောင်မျိုးမြင့်တို့သည် ၁၂-၃-၂၀၁၇ရက်က စေ့စပ်ကြောင်းလမ်းထားခြင်းအား မဂျူးဂျူးစံဝင်းနှင့် မိဘများဖြစ်သော ဦးဝင်းမြင့်၊ ဒေါ်ချိုလွင်လွင်အောင်တို့က ဖျက်သိမ်းကြောင်း အများသိစေအပ်ပါသည်။

မဂျူးဂျူးစံဝင်းနှင့် ဒေါက်တာအောင်မျိုးမြင့်တို့သည် ၁၅-၁၀-၂၀၁၈ရက်မှစ၍ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းထားပြီးဖြစ်ကြောင်း ပတ်သက်မှုမရှိတော့ပါသဖြင့် လူကိုယ်တိုင်သော်လည်းကောင်း၊ စာ၊ တယ်လီဖုန်း၊ Facebook, Messenger, Messages စသည်တို့ဖြင့်လည်းကောင်း ဆက်သွယ်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ တစ်စုံတစ်ရာမျှ မပြုလုပ်ပါရန်နှင့်ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မဂျူးဂျူးစံဝင်းနှင့် မိဘများ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသောင်းဝင်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၁၆၆၉၃)
တိုက်-၄၁၊ အခန်း-၀၀၂၊ မဟာဗန္ဓုလအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၂၅၄၃၁၀၆၀၈

အမည်မှန်

ကန်ကြီးထောင့်မြို့နယ်၊ အလက (ခွဲ) လဟာကလူ ပထမတန်းမှ ဦးရဲမျိုးထွေး၏သမီး မမေသက်ထားအား မမြမှူးသက်ဟု ပြောင်းလဲခေါ်ပါရန်။ မမြမှူးသက်

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ထန်းကုန်းလမ်းနေ ဦးမြသန်း ၇/ဖမန(နိုင်)၀၆၃၈၅၃-(ဒေါ်ရီရီဝင်း)တို့၏သမီး မသီရိဖြိုးဝေ ၇/ဖပန(နိုင်)၁၃၄၄၅၀သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုမူခဲ့သဖြင့် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မသီရိဖြိုးဝေနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘများမှ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း။
ဦးမြသန်း-(ဒေါ်ရီရီဝင်း)

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပဒေသာဈေးရုံအမှတ် (က)၊ ဆိုင်အမှတ် (၈၂) ဆိုင်စာအုပ်အမှတ် E-၃၀၂၂၆ ဆိုင်ပိုင်ရှင်ဒေါ်ဖွားမေနှင့်ဆိုင်အမှတ် (၈၃)ဆိုင်စာအုပ်အမှတ် E-၃၀၂၂၇ ဆိုင်ပိုင်ရှင် ဒေါ်ညိုခင်တို့၏ ဆိုင်ခန်းစာအုပ်မှာ မီးလောင်ဆုံးရှုံးခဲ့၍ ပြန်လည်လျှောက်ထားရာ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
အမည်-ဒေါ်ကြည်ကြည်ဝင်း
ဖုန်း-၀၉-၄၂၀၀၆၈၃၈၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မာလာလမ်းသွယ်(၂)၊ အမှတ်(၅၂)တွင် နေထိုင်သော မကေခိုင်လွင် ၁၀/မလမ(နိုင်)၂၂၆၈၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၇)လမ်း၊ အမှတ်(၈၅၅)၊ ဒါပါခြေရင်း၊ (၁၂½×၅၁)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့၏ပိုင်ရှင်မှာ ဒေါ်လွင်လွင်ဦး ၁၂/မရက(နိုင်)၀၆၇၃၅၀ ဖြစ်ပြီး ၎င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူခဲ့ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း တိုက်ခန်းနှင့်သက်ဆိုင်သည့် စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာလွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇) (၂၈-၁၀-၂၀၁၀)
အမှတ် (၁၇၆/က)၊ ဗဟိုလမ်း၊ ၁/က ရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ သဇင်(၅)လမ်း၊ အမှတ်-၅၆၆(က)၊ (အလျား×အနံ)(၂၀×၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်စွာဝင်း ၁၄/မအပ(နိုင်)၁၇၉၄၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှစိုး ၁၂/သဃက(နိုင်)၁၉၃၉၆၃က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးလှစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မင်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၀)
အမှတ်-၆၀၆၊ သီတာရေစင်လမ်း၊ ၁၆/၄ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၈၀၃၀၂

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ်(၃၁/ကချင်စု)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အား ဒေါ်လုလု ၁/မကန(နိုင်)၀၈၉၉၂၆ ပါ(၃)ဦးအမည်ဖြင့် အမှုတွဲအမှတ်-၁၄၂/V(၁၉၉၂-၁၉၉၃)အရ ၁၄-၇-၂၀၁၀ရက်ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါ မြေငှားဂရန်အမည်ပေါက်သူ(၃)ဦးမှ ဒေါ်ရွယ်တောင်သည် ၁-၉-၂၀၀၅ရက်တွင် ကွယ်လွန်သွားခဲ့ပြီး အဆိုပါမြေဧရိယာ ၀ဒသမ၁၁၀ဧကအနက် မြေဧရိယာ၀ဒသမ၀၄၉ဧကအား ဒေါ်ဒွဲနန် ၁/မကန(နိုင်)၁၅၉၇၁၅မှ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ ၂၁-၉-၂၀၁၇ရက်စွဲပါ မှတ်ပုံတင်အမှတ်(၁၈၀/၂၀၁၇)ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ကျန်ဧရိယာ ၀ဒသမ၀၅၁ဧကအား ဒေါ်လုလု ၁/မကန(နိုင်)၀၈၉၉၂၆ ပါ(၂)ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(ဦးပိုင်ခွဲ/အသစ်) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(ဦးပိုင်ခွဲ/အသစ်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇အီး၊ မြေကွက်အမှတ် V Class ၁၆၉၊ မြေကွက်တည်နေရာအမှတ် ၁၉၊ အိမ်ကြီးလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်နှင်းရင် အမည်ပေါက် စက္ကာတာမြေအား အမည်ပေါက်သူ ဒေါ်နှင်းရင် (မိခင်)နှင့် ဦးဘသက်(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားတစ်ဦးဖြစ်သူ ဦးသန်းငွေနှင့် ၎င်း၏ဇနီး ဒေါ်အေးတင်တို့မှာလည်း အသီးသီးကွယ်လွန်ကြသဖြင့် ၎င်းတို့၏အစုနှင့် ကျန်သားတစ်ဦးဖြစ်သူ ဦးစောပိုက်(ဖခင်)နှင့် ၎င်း၏ဇနီး ဒေါ်ချစ်ရင်(မိခင်)တို့မှာလည်း အသီးသီးကွယ်လွန်ကြသဖြင့် သမီးဖြစ်သူ ဒေါ်ခင်ခင်ညွန့်သည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားသဖြင့် ၎င်း၏အစုအား သား၊သမီး၊ ချွေးမများဖြစ်ကြသော ဦးစန်းမောင် ၁၂/ဥကတ(နိုင်)၀၅၀၃၇၃၊ ဒေါ်လှလှဝင်း ၁၂/မဂတ(နိုင်)၀၁၅၃၅၆၊ (သားဖြစ်သူ ဦးသန်းအောင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး) ဒေါ်မြင့်မြင့်စီ ၁၂/တမန(နိုင်)၀၅၁၂၇၂ တို့ (ကိုယ်စား GP ရသူ) ဒေါ်အေးအေးမာ ၁၂/ပဇတ(နိုင်)၀၀၉၈၂၂မှ ပိုင်ဆိုင်ခွင့်ရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်စဉ် ၁၂/၁၁၅၀ (၁၄-၁၂-၂၀၁၈)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် မရပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၆၅/၂၀၁၅ ဖြင့် စွဲဆိုထားသော အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု အနိုင်ဒီကရီတို့တင်ပြ၍ ဦးစန်းမောင်၊ ဒေါ်လှလှဝင်း၊ ဒေါ်မြင့်မြင့်စီတို့ (ကိုယ်စားGP ရသူ)ဒေါ်အေးအေးမာတို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ဟောင်ကောင်(၂)ခန်းတွဲ (၃)ထပ်တိုက် (၁)လုံးရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်ခြင်းမရှိပါ။ မြေစာရင်းမှတ်ချက်ရှိ ၁၉၇၈ ခုနှစ်က ဒေါ်နှင်းရင်မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ အဆောက်အအုံဆောက်လုပ်ရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း ၂၀၀၅ ခုနှစ်က ဒေါ်လှလှဝင်း+၂ တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့သော်လည်း ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်း၊ မြေပုံ မြေရာဇဝင်ထုတ်ယူခဲ့ခြင်းလည်းမရှိပါကြောင်းနှင့် မြေပေါ်တွင် အိမ်ငှား(၆)ဦးရှိပြီး ၎င်းတို့နှင့် မြေပိုင်ဆိုင်မှု ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း၊ မြေကွက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း လုံးဝမရှိပါကြောင်း ၃၀-၁-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာနှင့် ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇အီး၊ မြေကွက်အမှတ်-၁၆၉ရှိ မြေစာရင်းမှတ်ချက်နှင့်ပတ်သက်၍ အစစအရာရာ တာဝန်ယူဖြေရှင်းပေးမည်ဟု ၃၀-၁-၂၀၁၉ရက်စွဲပါ ဝန်ခံကတိစာနှင့် (၂)ခန်းတွဲ (၃)ထပ် ဟောင်ကောင်ရှိ အိမ်ငှား အပျောက်ခန်း(၆)ဦးနှင့်ပတ်သက်၍ မိမိမှတာဝန်ယူဖြေရှင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ၃၀-၁-၂၀၁၉ ရက်စွဲပါ ဝန်ခံကတိစာတို့ တင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7462 DAIHATSU P/U(ကမ-၃)အမည်ပေါက်သူ ဒေါ်လှလှစန်း ၉/မနမ(နိုင်)၀၉၆၉၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကုန်အမှတ်ဆိပ်အမည်အမှတ်အသားကို အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်-၄၈ နေ ဦးစွန်းစံလှသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မိမိတစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ်သုံးစွဲရန်အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

Lucky Smile

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြု၍ ရေသန့် (ဘူးဆိုဒ်အမျိုးမျိုး) နှင့် အငေး (အချိုရည်) တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဆိုင်ခွဲများ၊ ရုံးခန်းများ ဖွင့်လှစ်၍ ရောင်းချလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမည်အမှတ်အသားကို မူရင်းအတိုင်းသော်၎င်း၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးသော်၎င်း ပြောင်းလဲ၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet,Website, Facebook လူမှုကွန်ယက်အစရှိသည်တို့တွင်လည်း ကြော်ငြာအသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ မမှန်မကန်တုပပြုလုပ်သုံးစွဲခြင်းတို့ကို တွေ့မြင်ကြားသိရပါက လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအားလုံးအတွက် ထည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နှင်းနွယ်နီ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၉၉)
အမှတ် (၈)၊ ကျိုက္ကဆံလမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၅၆၆၀၈၇၈

မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ်-၃၂အရ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် (ဗစ်တိုးရီးယားအင်တာတိန်းမဲင့်(တ်) ရီဆို့(တ်)ကလပ်(ဘ်)လီမိတက် Victoria Entertainment Resort Club Limited အရေး၌)

၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၃

Mr.Dato Poh Po Lian (လျှောက်ထားသူအတွက်အခွင့်ရကိုယ်စားလှယ် Mr.Dato Jerald Gomez) Lorong 4/49 C, 46050 Petaling Jaya, 46050 Selangor, Malaysia	နှင့်	(၁) Victoria Entertainment Resort Club Limited အမှတ်-၃၆၊ (၅-လွှာ/ဘီ)၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်။ (၂) Mr.Suchart Arnupavatham (ဒါရိုက်တာ Victoria Entertainment Resort Club Limited) အမှတ်-၃၆၊ (၅-လွှာ/ဘီ)၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
လျှောက်ထားသူ		လျှောက်ထားခံရသူများ

အမှတ်-၁၅၊ White House Park, Singapore 257632 တွင်နေထိုင်သူ၊ စင်ကာပူနိုင်ငံသား Mr.Dato Poh Po Lian က အခန်းအမှတ်-၃၆၊ (၅-လွှာ/ဘီ)၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးခန်းဖွင့်လှစ်ပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ၁၉၉၈ ခုနှစ်မှစတင်၍ တရားဝင်မှတ်ပုံတင်တည်ထောင်ကာ နိုင်ငံတကာအဆင့်မီအပန်းဖြေဟိုတယ် တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Victoria Entertainment Resort Club Limited အား တရားရုံး၏ကြီးကြပ်ကွပ်ကဲမှုဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၉၈(င)အရ လျှောက်ထားသောအမှုတွင် အထက်အမည်ပါကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၁၉ ခုနှစ် မတ် ၂၆ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို ၂၀၁၉ ခုနှစ် မေ ၃၀ရက် (၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌ စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါ ဥပဒေအရ အဆိုပါကုမ္ပဏီကို တရားရုံးတော်မှဖျက်သိမ်းရန် အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်လိုသော ၎င်းကုမ္ပဏီ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ (သို့မဟုတ်) အစုပါဝင်သူတစ်ဦးတစ်ယောက်တို့သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အမိန့်ရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ ကြားနာစစ်ဆေးမည့်အဆိုပါချိန်းဆိုထားသည့်ရက်တွင် ထိုကိစ္စအတွက် လာရောက်ရန် ကြော်ငြာလိုက်သည်။

အောက်တွင်လက်မှတ်ရေးထိုးထားသူထံ အဆိုပါကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ(သို့မဟုတ်)အစုပါဝင်သူ မည်သူမဆို ၎င်းလျှောက်ထားသည့် လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသောနှုန်းပေးသွင်း၍ ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာပါသည်။

လျှောက်ထားသူ၏အထက်တန်းရှေ့နေများ-
ဦးအောင်မျိုးကျော်၊ ဦးမျိုးဝင်း
(စဉ်-၂၇၄၄၇)၊ (စဉ်-၃၆၁၈၃)
C/O VDB Loi၊ (၁၀-လွှာ)၊ (၀၁-၀၅)
Juction City Office Tower၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ကဆုန်လပြည့်နေ့ စတုဒိသာအလှူတော်

၁၈.၅.၂၀၁၉ ရက် ကဆုန်လပြည့်၊ စနေနေ့ နံနက် (၁၀ း ၀၀) မှစ၍ တော်ဝင်စင်တာ တွင်ကြာဖံချက် နှင့် အအေးစတုဒိသာအလှူကို မည်သူမဆို ကြွရောက်သုံးဆောင်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တော်ဝင်စင်တာမိသားစု၊ တော်ဝင်ဂါးဒင်းဟိုတယ်မိသားစု၊ တော်ဝင်မိသားစုကုမ္ပဏီ

မိတ္ထီလာအသင်း(ရန်ကုန်) မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

မိတ္ထီလာအသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပသော မိတ္ထီလာမြို့နယ်သူ/သားများ မိတ်ဆုံညစာစားပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိတ္ထီလာမြို့နယ်သူ/သားများ ဖိတ်စာရရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၉-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၅း၀၀ နာရီ
ကျင်းပမည့်နေရာ - မြန်မာနိုင်ငံလေ့လျှော်အဖွဲ့ချုပ်ဝင်း အင်းလျားလမ်း၊ ရန်ကုန်မြို့

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိဘနှစ်ပါးဖြစ်သော ဖေဖေ ဦးမြင့်ဆွေ ဒုညွှန်မှူး(ငြိမ်း)နှင့် မေမေ ဒေါ်ခင်လှမြင့် ဒု-လ/ထညွှန်မှူး(ငြိမ်း) [စက်မှုထွေ/ထိန်း] တို့၏ ၁၅-၅-၂၀၁၉ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် စိန်ရတုတိုင် ချစ်သား ချစ်သမီး ချစ်မြေးများ နှင့်အတူ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။

သား - ဦးလကျ်ာဦး-ဒေါ်ကေသီသန်း
သား - ဦးဇာနည်-ဒေါ်ခိုင်ခိုင်မော်နှင့် မြေးမြစ်များ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ်-၉၇၇၊ မြေဧရိယာ ၁၂၀၀ စတုရန်းပေ=(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်-၉၇၇၊ ရန်ပြေ(၄)လမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်မြ ၁၂/သကတ(နိုင်)၀၀၄၅၄၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား တရားလိုဒေါ်သန်းချိုမှ သာကေတမြို့နယ်တရားရုံး၌ ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် ၃၀ ဖြင့် တရားပြိုင်ဦးကျော်မြအပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၂၉-၁၁-၂၀၁၈ ရက်စွဲပါ အနိုင်ဒီကရီနှင့် သာကေတမြို့နယ်တရားရုံး၏ ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ် ၂၉၏ ၈-၃-၂၀၁၉ ရက်စွဲပါ ဘီလစ်ခန့်အပ်ကြောင်း ချမှတ်သည့် တရားရုံးနေ့စဉ်မှတ်တမ်း၊ သာကေတမြို့နယ်တရားရုံး၏ ၈-၃-၂၀၁၉ ရက်စွဲပါ စာအမှတ်/၂၄၆ /ဇာရီ-၂၉/၂၀၁၈ ၏ တရားရုံးကိုယ်စား ဒေါ်မိုးပပမျိုးအား ဘီလစ်ခန့်အပ်ကြောင်းစာတို့အရ ဘီလစ်ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ တရားရုံးအမိန့်များ၊ သာကေတမြို့နယ်တရားရုံး၏ ၈-၃-၂၀၁၉ ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဦးကျော်မြအမည်ပေါက်နှစ်၆၀ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် နှစ်ထပ်အုတ်ညှပ်အဆောက်အအုံတစ်လုံးရှိပြီး တရားနိုင် ဒေါ်သန်းချိုကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငွေချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘားအံခရိုင်တရားသူကြီးရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဦးသန်းနိုင် နှင့် (၁) ဦးဇော်မင်းဦး(ခ)ဦးအယ်လ်ဖရက်ရှိန်
(ခ)ဦးမောင်မောင်
(၂) ဒေါ်မေမေလှ (ကွယ်လွန်သူ ဒေါ်ရီရီရှိန်၏ တရားဝင်ကိုယ်စားလှယ်)
(၃) ဒေါ်ကေသီလှ
(၄) ဒေါ်မာလာလှ
(၅) ဒေါ်ရွှေယင်းမာ(ခ)ဒေါ်ဒေဇီ
(ကွယ်လွန်သူဒေါ်ရီရီရှိန်၏ တရားဝင်ကိုယ်စားလှယ်များ)
(၃၊ ၄၊ ၅ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ် ဦးစန်းတင့်)
(၆) ဒေါ်ကေသီဦး(ခ)ဒေါ်ဂျိုးဇက်မိန်းရှိန်

တရားလို တရားပြိုင်များ

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အရှေ့တပ်မြေလမ်း၊ အမှတ်(၁၂/က)နေ ဒေါ်မေမေလှ (ကွယ်လွန်သူ ဒေါ်ရီရီရှိန်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉/၂၀၀၀ အမှုတွင် ၁၁-၁၂-၂၀၀၃ ရက်က ချမှတ်ခဲ့သည့် ပဏာမဒီကရီ၊ ၂၇-၁၀-၂၀၀၅ ရက်က ချမှတ်ခဲ့သည့် အပြီးသတ်စီရင်ချက်ဒီကရီနှင့် တရားရုံးအဆင့်ဆင့်က အတည်ပြုချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၇ရက်(၁၃၈၁ ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိအောင်)
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

ငွေချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဘားအံခရိုင်တရားသူကြီးရုံးတော်၌
၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ဦးငွေစိုး နှင့် (၁) ဦးဇော်မင်းဦး(ခ)ဦးအယ်လ်ဖရက်ရှိန်
(ခ) ဦးမောင်မောင်
(၂) ဒေါ်မေမေလှ (ကွယ်လွန်သူ ဒေါ်ရီရီရှိန်၏ တရားဝင်ကိုယ်စားလှယ်)
(၃) ဒေါ်ကေသီလှ
(၄) ဒေါ်မာလာလှ
(၅) ဒေါ်ရွှေယင်းမာ(ခ)ဒေါ်ဒေဇီ
(ကွယ်လွန်သူ ဒေါ်ရီရီရှိန်၏တရားဝင်ကိုယ်စားလှယ်များ)
(၃၊ ၄၊ ၅ တရားပြိုင်များ၏အခွင့်ရကိုယ်စားလှယ် ဦးစန်းတင့်)
(၆) ဒေါ်ကေသီဦး (ခ)ဒေါ်ဂျိုးဇက်မိန်းရှိန်

တရားလို တရားပြိုင်များ

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အရှေ့တပ်မြေလမ်း၊ အမှတ်(၁၂/က)နေ ဒေါ်မေမေလှ (ကွယ်လွန်သူဒေါ်ရီရီရှိန်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မွန်ပြည်နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉/၂၀၀၀ အမှုတွင် ၁၁-၁၂-၂၀၀၃ ရက်က ချမှတ်ခဲ့သည့် ပဏာမဒီကရီ၊ ၂၇-၁၀-၂၀၀၅ ရက်က ချမှတ်ခဲ့သည့် အပြီးသတ်စီရင်ချက်ဒီကရီနှင့် တရားရုံးအဆင့်ဆင့်က အတည်ပြုချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီတို့သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇွန် ၇ ရက် (၁၃၈၁ ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိအောင်)
ခရိုင်တရားသူကြီး
ဘားအံခရိုင်တရားရုံး

(၈-၅-၂၀၁၉)ရက်စွဲပါ ဦးမန်ခိုဟော ၅/လရန(နိုင်)၀၀၅၄၉၂၏ အများသိစေရန်ကြော်ငြာစာအပေါ်ပြန်လည်ရှင်းလင်းခြင်း

ဦးမန်ခိုဟော၏ ၂-၅-၂၀၁၉ရက်စွဲပါ နို့တစ်စာအရ ကျွန်မဘက်မှ ၉-၅-၂၀၁၉ ရက်တွင် နို့တစ်စာပြန်ကြားပြီးဖြစ်ပါသည်။ သို့ရာတွင် ၈-၅-၂၀၁၉ရက်တွင် သတင်းစာဖြင့် ကျွန်မနှင့် မိသားစုဝင်များကို ဂုဏ်သိက္ခာကျဆင်းအောင်၊ ကြောက်လန့်အောင် ကြော်ငြာထည့်သွင်းခြင်းတို့ကို လုံးဝ လိုက်နာနိုင်မည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်း ကြော်ငြာအပ်ပါသည်။ **ဒေါ်ဆေးကျင်ဟွိုင် ၅/တမန(နိုင်)၀၅၃၁၅၁**

သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက္ကာ(တ)ရွာနေ ဦးဘရောင်၊ ဒေါ်သောင်းရီတို့၏ သားသမီးများဖြစ်ကြသည့် ဦးလှဆန်း၊ ဦးလှသန်း၊ ဒေါ်မြအိနှင့် ဒေါ်ကြည်နုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ မုံရွာမြို့နယ်၊ ကျောက္ကာ(တ)ရွာနေ (ဘ)ဦးကြီးဆောင်၏သမီး မအေးအေးနွဲ့၊ မခင်စန်းထွေးနှင့် (ဘ)ဦးငွေးစံ၏သား ကိုကျော်သိန်းဦးတို့ သိရှိလိုက်နာစေရန် ကြေညာအပ်ပါသည်။

မအေးအေးနွဲ့ နေထိုင်လျက်ရှိသော အရှေ့လားသော် ဦးအောင်ကျော်ငွေး၊ အနောက်လားသော် ဒေါ်မြင့်ရီ သနပ်ခါးခြံ၊ တောင်လားသော်လမ်း၊ မြောက်လားသော် ဦးအောင်ကိုလတ်၏နေအိမ်ဝင်းမြေ၊ အလားလေးရပ်အတွင်းရှိ ဝင်းမြေသည် ကျွန်ုပ်တို့အမှုသည်များ၏ မိဘများစီမံခန့်ခွဲပိုင်ဆိုင်ခဲ့သည့် ဝင်းမြေဖြစ်၍ မအေးအေးနွဲ့၏ယောက္ခမ ဦးပြည့်၊ ဒေါ်အိုတို့မိသားစုအား အဆိုပါဝင်းမြေ၌ နေအိမ်ဆောက်လုပ်နေထိုင်ခွင့်ပြုခဲ့ရာမှ မအေးအေးနွဲ့သည် ၄င်းတို့အားအကြောင်းပြု၍ အချင်းဖြစ်ဝင်းမြေသို့ ရောက်ရှိနေထိုင်သည်ဟု သိရပါသည်။

မအေးအေးနွဲ့သည် ကျွန်ုပ်တို့၏အမှုသည်များ ခွင့်ပြုချက်မရဘဲ အချင်းဖြစ်ဝင်းမြေကို သင်၏ညီမ မခင်စန်းထွေးနှင့် ၄င်း၏ခင်ပွန်း ကိုကျော်သိန်းဦးတို့အား လွှဲပြောင်းပေးအပ်သည်ဟုဆိုကာ ဝင်းထရံအသစ်ကာရံ၍ အခြားအရပ်ဒေသသို့ မအေးအေးနွဲ့၊ မခင်စန်းထွေးနှင့် ကိုကျော်သိန်းဦးတို့နှင့်အတူ ထွက်ခွာတိမ်းရှောင်သွားကြကြောင်း သိရှိရပါသည်။ သို့အတွက် အသင်တို့အား ကျွန်ုပ်တို့၏အမှုသည်များက အချင်းဖြစ်ဝင်းမြေတွင် နေထိုင်ခွင့်မပြုတော့သောကြောင့် အသင်တို့သည် ၃၁-၅-၂၀၁၉ ရက်နောက်ဆုံးထားကာ အချင်းဖြစ်ဝင်းမြေတွင် ဆောက်လုပ်ကာရံထားသည့် နေအိမ်နှင့်ဝင်းထရံအား ဖယ်ရှားထွက်ခွာသွားစေရန် သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့်	**ဦးခင်မောင်စန်း**
H.G.P, LL.B (Advocate)	**LL.B (Advocate)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စံပယ်ဖြူလမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့	**ဗိုလ်ချုပ်လမ်း၊ ကွေ့ကြီးရပ်၊ မုံရွာမြို့**
ဖုန်း-၀၇၁-၂၃၈၅၈၊ ၀၉-၄၄၂၀၇၉၈၀၂	**ဖုန်း-၀၉-၄၃၀၄၁၁၂၃**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8060၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/7534၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-VI)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (စဃ-၁၀၄)၊ မြေယာအမှတ်(57/380)၊ မြေဧရိယာ ဝဒသမာစဒဇကရီ မြေနှင့်အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်သူ ဒေါ်ခင်သန်းနွဲ့ထံမှ ဦးအောင်ချိုမင်းနှင့် ဒေါ်ခင်ပြုံးတို့က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ပါသည်။ ဦးအောင်ချိုမင်းနှင့်ဒေါ်ခင်ပြုံးတို့မှ သက်တမ်းတိုး/အမည်ပြောင်းမြေငှားဂရန်သစ်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးအောင်ချိုမင်းနှင့် ဒေါ်ခင်ပြုံးတို့မှ ဂရန်သစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောစာရွက် စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးအောင်ချိုမင်းနှင့် ဒေါ်ခင်ပြုံးတို့မှ ဂရန်သစ်လျှောက်ထားသည့်ကိစ္စအားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၄၀/က၊ မြေဧရိယာ ၁၂၀၀ စတုရန်းပေ=(၂၀'×၆၀')မြေကွက်တည်နေရာအမှတ်-၄၀/က၊ အနော်မာ(၃)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အမာ (CM-၀၁၁၀၀၀)အမည်ပေါက် နှစ်၆၀ဂရန်မြေအား တရားလိုဒေါ်စန်းမြင့်မှ သာကေတမြို့နယ်တရားရုံး၌ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၃၆ဖြင့် တရားပြိုင်ဒေါ်အမာအပေါ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ ၇-၁၂-၂၀၁၈ရက်စွဲပါ အနိုင်ဒီကရီနှင့် သာကေတမြို့နယ်တရားရုံး၏ ၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ် ၂၈၏ ၂၇-၁၂-၂၀၁၈ရက်စွဲပါ ဘီလစ်ခန့်အပ်ကြောင်းချမှတ်သည့် တရားရုံးနေ့စဉ်မှတ်တမ်း၊ သာကေတမြို့နယ်တရားရုံး၏ ၈-၁-၂၀၁၉ရက်စွဲပါစာအမှတ်/၂၇/ဇာရီ-၂၈/၂၀၁၈၏ တရားရုံးကိုယ်စား ဒေါ်မိုးပပမျိုးအား ဘီလစ်ခန့်အပ်ကြောင်းစာတို့အရ ဘီလစ် ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ တရားရုံးအမိန့်များ၊ သာကေတမြို့နယ်တရားရုံး၏ ၈-၁-၂၀၁၉ ရက်စွဲပါ ဘီလစ်ခန့်စာ ဒေါ်အမာအမည်ပေါက် နှစ်၆၀ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ကျောက်ပြားကာအဆောက်အအုံတစ်လုံးရှိပြီး တရားနိုင်မနေ၊ အိမ်ငှားဒေါ်ဖြူဖြူဝင်းနေထိုင်ခြင်းအတွက် တရားနိုင်မှ ဝန်ခံကတိတင်ပြပြီးဖြစ်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီး သတိပြု

ကျေးဇူးအထူးတင်ရှိခြင်း

၇-၅-၂၀၁၉ ရက်တွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ခင်တင့် အသက်(၈၅)နှစ် မကျန်းမာစဉ် အထူးဂရုစိုက်ကုသပေးခဲ့ပါသော အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဦးဇော်သန်းထွန်း၊ အဆုတ်နှင့်ရင်ခေါင်းရောဂါအထူးကုသမားတော်ကြီး ဒေါက်တာဦးဝင်းနိုင်၊ ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီး ဒေါက်တာဦးလှအောင်၊ အထွေထွေခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဟန်ဝင်း၊ ပြုစုကုသပေးကြပါသော ဆရာဝန်၊ ဆရာမများ၊ သူနာပြုများ၊ အိမ်တိုင်ရာရောက်လာရောက်သတင်းမေးမြန်းခဲ့ပါသော ကစထ(၅) မှူး၏ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းကောင်း၊ လွမ်းသူ့ပန်းခွေနှင့်ပန်းခြင်းများပေးပို့သော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဖုန်းဖြင့်သတင်းမေးမြန်းသည့် မိတ်ဆွေများနှင့် လိုက်ပါပို့ဆောင်ပေးခဲ့သော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရက်လည်ဆွမ်းကျွေးပွဲအတွက် လှူဖွယ်ပစ္စည်း၊ဝတ္ထုများ၊ အစားအသောက်များပေးပို့လှူဒါန်းသူများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်အားပေး သတင်းမေးမြန်းသူများအားလည်းကောင်း အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ မောလယ်ရွာအလက သတ္တမတန်းမှ မသန်းသန်းငွေး ၏ဖခင် အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၂၆၆၅၂အရဦးစံငွေး ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5028 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/5659 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5716 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/7437 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဝယ/၆၅၈၃၇ Klonjan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၉/ပသက(နိုင်)၁၆၇၆၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/7854၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းအောင်
အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အသက်(၇၂)နှစ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာချုပ်(ငြိမ်း) ဦးထွန်းအောင်သည် ၁၃-၅-၂၀၁၉ရက်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဇော်(ဝန်ကြီး-ငြိမ်း)-ဒေါ်မူမူဝင်း
ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6468 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/3192 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမည်မှန်

ဦးမောင်စိုး ၁၃/ရစန(နိုင်)၀၆၀၃၃၂ ၏သမီး ရပ်စောက်မြို့၊ အလက (အလည်ချောင်)၊ သတ္တမတန်းမှ မညိုမီမီဇင်အား မဇင်မီမီဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်မီမီဇော်**

ဖခင်အမည်မှန်

ပင်းတယမြို့၊ တောင်ပေါ်ကြီး (အထက)၊ တက္ကသိုလ်ဝင်တန်းမှ မထွေးထွေးခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းတင့် ၉/မထလ(နိုင်)၁၄၀၄၂၁ ဖြစ်ပါကြောင်း။ **ဦးဝင်းတင့်**

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်ဝင်း ၁၃/ညရန(နိုင်)၁၀၉၁၆၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၈၉၉၂၈၅၅**

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ဝဘာကျေးရွာနေ မောင်မျိုးမြတ်သူ ၅/ဒပယ(နိုင်)၁၁၅၂၆၄ ၏ဖခင် ဦးကျော်ထွေး (ခ) ဦးမြင့်ထွေး ၅/ဒပယ(နိုင်)၀၀၈၅၂၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ နန်းချို ၁၃/ဟပန(နိုင်)၀၇၃၁၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၂၂၁၀၇၀**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု (၄) လမ်း၊ အမှတ် ၂၃၈ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်၊ တိုက်ရှေ့မျက်နှာမူလျှင်(ညာဘက်)၊ အကျယ်အဝန်း (၁၁ပေခွဲ×၇၀ပေ) ရှိ တိုက်ခန်းတစ်ခန်း၊ ကိုယ်ပိုင်မော်တာ၊ ကိုယ်ပိုင်မီတာနှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့်တိုက်ခန်းကို ကန်ထရိုက်တာဘက်မှ အကျိုးခံစားခွင့်ရရှိပိုင်ဆိုင်သူ ဦးအောင်ကျော်ထွန်း (AKT Construction) ၁၂/အစန(နိုင်)၀၅၀၅၂၃ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ကြိုတင်ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) **ဒေါ်ဖြိုးဖြိုးအောင် LL.B (စဉ်-၄၈၄၃၁)**
အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁)၊ ဘီ/မြေညီ၊ ဗိုလ်မျိုးရှောင်ပွင့်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးစိန်ထွန်းအောင်[၁၂/ကတန(နိုင်)၁၂၁၂၀၀]၏ သမီး မအိမြတ်ကေခိုင်[၁၂/ကတန(နိုင်)၀၀၆၆၅၇] သည် မိဘစကားနားမထောင်ဘဲ မိမိဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မအိမြတ်ကေခိုင်နှင့် ပတ်သတ်သော ကိစ္စအဝဝအားလုံးတာဝန်မယူပါ။ နောက်နောင်လည်း ဘယ်သောအခါမှ ပတ်သက်ခြင်းမရှိတော့ပါ။

ဦးစိန်ထွန်းအောင်
[၁၂/ကတန(နိုင်)၁၂၁၂၀၀]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြူကြူ
အသက်(၉၀)

ဒေါက်တာ ခင်မောင်မြင့်(ပါမောက္ခ၊ ဌာနမှူး၊ငြိမ်း)၊ ဘူမိဗေဒဌာန (မန္တလေးတက္ကသိုလ်)-ဒေါ်သန်းသန်းနုတို့၏မိခင် ဒေါ်ကြူကြူသည် ၁၂-၅-၂၀၁၉ ရက်(တနင်္ဂနွေနေ့) ည ၉း၄၀ နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဘူမိဗေဒဌာနမိသားစု
မန္တလေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးကြည်ဝင်း (ပခုက္ကူ)
ဆေးရုံအုပ်ကြီး(ငြိမ်း)၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး(မန္တလေး)
အသက်(၆၉)နှစ်

သူငယ်ချင်း ဒေါက်တာကြည်ဝင်းသည် ၁၁-၅-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ
(1968-Intake၊ ဆေးတက္ကသိုလ်-၂)

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးသန်းဒါး(သုဝဏ္ဏ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊(၂၉)ရပ်ကွက်၊ တိုက် ၁၅၊ အခန်း ၃ နေ (ဦးသန်းထွန်း-ဒေါ်တင်ပု)တို့၏သားကြီး၊ ဦးနေမျိုးသန်း-ဒေါ်တင်တင်အေး၊ ဒေါ်တင်မာသန်း၊ ဒေါ်ဝေမာသန်း၊ ဦးဖုန်းနိုင်သန်း - ဒေါ်မျိုးမျိုးလှိုင်တို့၏အစ်ကိုကြီး၊ မောင်ရန်နိုင်၊ မောင်ခွဲဖုန်းပြည့်တို့၏ဘကြီးသည် ၁၄-၅-၂၀၁၉ရက် ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9852 Toyota Vitz NSP 100 Hatch Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းနုအေး ၉/မရမ(နိုင်)၀၁၃၆၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

မဆုဇာလွင် ၁၂/တမန(နိုင်)၁၀၀၅၈၁ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ သာယာရွှေပြည်လမ်း၊ အမှတ်(၁၅/အေ)နေ ဒေါ်ခင်မျိုးမြင့်ထွေး ၁၂/မဂတ(နိုင်)၀၃၄၃၃၄ က ကြေညာအပ်ပါသည်။

ဒေါ်ခင်မျိုးမြင့်ထွေးသည် မြေးအရင်းဖြစ်သူ မဆုဇာလွင်နှင့်၄င်း၏သမီးဖြစ်သူ မရတီမြင့်လွင် (၁၁)နှစ်၊ သား မောင်သူရိန်မြင့်လွင် (၇)နှစ်တို့မှာ နေရေးထိုင်ရေး အခက်အခဲရှိနေသဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့မှစ၍ အဘွားဖြစ်သူ ဒေါ်ခင်မျိုးမြင့်ထွေးက ခေါ်ယူ၍ အတူနေထိုင်ခွင့်ပြုခဲ့ပါသည်။ ထို့အပြင် အဘွားဖြစ်သူက စိန်နားကပ်တစ်ရံ၊ စိန်လက်စွပ်နှစ်ကွင်းကိုလည်း ခေတ္တဆင်မြန်းပေးထားပြီး လုပ်ငန်းတွင်ရင်းနှီးရန် ငွေကျပ်သိန်း ၁၀၀ ကိုလည်း အကူအညီပေးထုတ်ပေးခဲ့ရာ မဆုဇာလွင်သည် ၂-၄-၂၀၁၉ ရက် နံနက် ၅ နာရီခန့်အချိန် အဘွားဖြစ်သူ အိပ်ပျော်နေစဉ် မိမိ၏အဝတ်အစား အသုံးအဆောင်ပစ္စည်းများအားလုံးနှင့်တကွ ကလေးနှစ်ဦးကိုပါခေါ်ယူ၍ နေအိမ်မှတိတ်တဆိတ်ထွက်ခွာသွားခဲ့ရာ ယနေ့အချိန်အထိ စုံစမ်းမရ၊ အဆက်အသွယ်မရတော့ပါ။ ထို့ကြောင့် မဆုဇာလွင်သည် ယခုကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အဘွားဖြစ်သူ ဒေါ်ခင်မျိုးမြင့်ထွေး၏ စိန်ထည်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၁၀၀ တိတိကို လာရောက်ပေးအပ်ရန် တောင်းဆိုလိုက်သည်။ မဆုဇာလွင်သည် နောက်နောင် အဘွားဖြစ်သူ ဒေါ်ခင်မျိုးမြင့်ထွေးထံ မည်သည့်နည်းနှင့်မျှ လာရောက်နေထိုင်ခွင့်ရမည်မဟုတ်သည့်အပြင် မဆုဇာလွင်သည် ဒေါ်ခင်မျိုးမြင့်ထွေးနှင့် လုံးဝမသက်ဆိုင်တော့ကြောင်းနှင့် အလွဲသုံးစားပြုထားသော စိန်ထည်နှင့်ငွေများ မရှင်းလင်းပါက ဥပဒေအရ အရေးယူရတော့မည်ဖြစ်ကြောင်း မဆုဇာလွင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ခင်မျိုးမြင့်ထွေး
၁၂/မဂတ(နိုင်)၀၃၄၃၃၄

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင်
B.Com (A.A), D.E.P; R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၅၉)
အမှတ်-၁၉၊ ၁၂၇ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄

အများသိစေရန်ကြေညာခြင်း

ဘန်းယဉ်ဈေးပိုင်းရပ်၊ ဆီဆိုင်မြို့နယ်နေ ဦးစိုးမောင် ၁၃/ဆဆန(နိုင်)၀၅၃၅၁၈ (၁)ဦးဘသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၂)၊ ဘုန်းကြီးလမ်း၊ အိမ်အမှတ်(၇၉)တွင်နေထိုင်သော ဒေါ်သန်းရွှေ NYHE-၀၁၅၉၆၅ ၁၃/တကန(နိုင်)၀၉၉၂၈၉ ပိုင်ဆိုင်သော လက်ရှိနေထိုင်သည့် ဂရန်အမှတ်(၁၃၉)၊ ဦးပိုင်အမှတ်-၃၈၊ မြေကွက်အမှတ် (L-၃၆)၊ အရှေ့အနောက် ပေအရှည်(၄၀)၊ တောင်နှင့်မြောက် ပေအရှည်(၅၀)ရှိ အိမ်မှာ သားသမီးအရင်းများဖြစ်ကြသော (၁) ဒေါ်သန်းရီ (NYHE-၀၁၅၉၇၃)၊ (၂) ဦးစိုးကြည် (NYHE-၀၁၅၉၆၆)၊ (၃) ဦးစိုးမြင့်သိန်း ၇/ဖခန(နိုင်)၁၁၈၅၄၅၊ (၄) ဦးစိုးတင့် (NYHE-၀၁၅၉၆၇)၊ (၅) ဒေါ်ခင်မြင့် (NYHE-၀၁၅၉၆၉)၊ (၆) ဦးစိုးမောင် ၁၃/ဆဆန(နိုင်)၀၅၃၅၁၈၊ (၇) ဒေါ်ခင်ခင်ချစ် (NYHE-၀၁၅၉၇၁)

ဖော်ပြပါ(၇)ဦးတို့ အမွေဆိုင်ဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ် ၁၆ ရက်တွင် ဒေါ်သန်းရီအား အမွေဆိုင်(၇)ဦး၏ အမွေထိန်းအဖြစ်လည်းကောင်း၊ ဒေါ်သန်းရီမှ ကွယ်လွန်ပြီး ညီမဒေါ်ခင်မြင့်ထံသို့ အမွေထိန်းတာဝန်အား ထပ်မံထပ်ဆင့်လွှဲအပ်ပေးခဲ့ပါသည်။ အထက်ပါအိမ်ခြံ/မြေပိုင်းမှာ ကျွန်တော်အပါအဝင် အမွေခွဲဝေထားခြင်းမရှိသေးသည့် အမွေဆိုင်ပိုင်းဖြစ်သည့်အတွက် အဆိုပါအိမ်ခြံမြေကွက်ဂရန်အား အခြားသူတစ်ဦးဦးသို့ အမည်လွှဲပြောင်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ ဘဏ်အပေါင်တင်သွင်းခြင်း၊ ရောင်းချခြင်းများအား သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးစိုးမောင်
၁၃/ဆဆန(နိုင်)၀၅၃၅၁၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နန်းအေးမြင့်အောင် **ဒေါ်မိုးဝါ**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
စဉ်-၄၅၅၀၄ **စဉ်-၈၇၂၄**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇနိယ
နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ
ထားဝယ်ကျောင်းတိုက်၊ ဟင်္သာတမြို့
သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၅၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ ထားဝယ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ကြီး နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်သည်(၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်) ၁၀-၅-၂၀၁၉ရက်(သောကြာနေ့) ည ၉း၄၃ နာရီတွင် ဘဝနတ်နန်းစံမြန်းခဲ့ပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (ကဆုန်လဆန်း ၇ရက်) ၁၀-၅-၂၀၁၉ရက်မှ (ကဆုန်လပြည့်ကျော် ၁ရက်) ၁၉-၅-၂၀၁၉ရက်အထိ ကျောင်းကြီးပေါ်တွင် အပူဇော်ခံထားရှိပြီး (ကဆုန်လပြည့်ကျော် ၁ရက်)၁၉-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျောင်းဝင်းအတွင်းရှိ ယာယီစံကျောင်းတော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ပူဇော်သွားပါမည်။ (ကဆုန်လပြည့်ကျော် ၂ ရက်) ၂၀-၅-၂၀၁၉ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီမှစ၍ သင်္ချိုင်းတော်ပင့် အခမ်းအနားဖြင့် လောင်တိုက်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိရှာပနဖြင့် ပူဇော်သွားမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်း အသိပေး အကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိရှာပနဖြစ်မြောက်ရေးကော်မတီ
ထားဝယ်ကျောင်းတိုက်၊ ဟင်္သာတမြို့

ဒေါ်ရီရီ
အသက် (၁၀၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ မဋ္ဌူလမ်း၊ အမှတ် ၂၁ နေ (ဗိုလ်မှူးတင်သိန်း)၏ဇနီး၊ ဒေါ်စန်းစန်းသိန်း၊ ဒေါ်နီနီသိန်း၊ ဦးအောင်သိန်း-ဒေါ်ခင်မေမြင့်၊ ဒေါက်တာဒေါ်အေးအေးသိန်း(ကလေးအထူးကုဆရာဝန်ကြီး)၊ ဦးဘိုဘိုသိန်း (MSPCAT)-ဒေါ်အေးမြထွန်းတို့၏မိခင်၊ ကောင်းထွဋ်ဇော်၊ (ဗိုလ်ကြီးရဲရင့်အောင်)၊ နေရဲအောင်၊ ကျော်သက်အောင်၊ မိုးကျော်သူတို့၏ အဘွားသည် ၁၂-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၈-၅-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်း၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်ပဏ္ဍိစ္စ၏မယ်တော်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ (အကြံပေး) ဦးလှမောင်သာ၏ မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်နှင်းစံ အသက်(၇၅) နှစ်၊ သား/သမီး(၁၀)ယောက်တို့၏မိခင်ကြီး၊ မြေး ၂၃ ယောက်တို့၏အဘောင်ရှင်၊ မြစ်လေးယောက်တို့၏ အဖီးရှင်သည် ၂-၅-၂၀၁၉ ရက် ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးစိုးမြင့် (ငြိမ်း)
ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ဝင်ဟောင်း
အသက်(၈၅)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစိုးမြင့်သည် ၁၃-၅-၂၀၁၉ရက်တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ **ပဏ္ဍိစ္စာရာမ ပရိယတ္တိစာသင်တိုက်နှင့် ကံ့ကော်တစ်ထောင်ရိပ်သာ**
ပဓာန နာယကဆရာတော် ဦးပဏ္ဍိစ္စနှင့်
ရဟန်း သံဃာဝေယျာဝစ္စအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးညွန့်ဖေ
အသက်(၈၀)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်-ဒေါ်နီလာဦးတို့၏ ချစ်လှစွာသောဖခင် ဦးညွန့်ဖေသည် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ရင်ရင်နု(ခ)မနု B.Sc(Math)
(ကျောက်တန်းမြို့နယ်အသင်းဝင်)
အသက်(၇၁)နှစ်

ကျောက်တန်းမြို့နယ်အသင်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးစိုးမြင့်၏ဇနီး ဒေါ်ရင်ရင်နု (ခ) မနုသည် ၁၂-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျောက်တန်းမြို့နယ်အသင်း

ဦးကျော်မြင့်
လက်ထောက်မန်နေဂျာ(စက်ရုံမှူး)(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း
အသက်(၇၃)နှစ်

ပြည်မြို့၊ အောင်ဆန်းပြည်သာယာရပ်ကွက်၊(B)လမ်း၊ ခြံအမှတ်(၁၅၁/၁၅၂)နေ ဒေါ်ခင်လှဝင်းကျော်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးကျော်သူ-ဒေါ်သီသီမောင်၊ ဒေါက်တာထွန်းနေအောင်-ဒေါ်ခင်ဝါဝါကျော်၊ (ဦးစိုးကျော်သူ)-ဒေါ်နန်းငွေစိုး၊ ဦးကျော်ဇေယျ-ဒေါ်ကလျာဉာဏ်ဝင်း၊ ဒေါက်တာရဲသီဟကျော်-ဒေါက်တာယုဝါတင်တို့၏ဖခင်၊ ဒေါက်တာထွန်းထွန်းနိုင်-မမိုးမြင့်စန္ဒီ၊ မယမင်းစန္ဒီ၊ မောင်ရဲစည်သူကျော်၊ မောင်ပြည့်မှူးအောင်၊ မဟေမာန်ဇေယျ၊ မမှူးသဥ္ဇာအောင်၊ စိုင်းဟိန်းစည်သူ၊ မိုးမာန်ဇေယျ၊ ဖြိုးသုခကျော်တို့၏အဘိုး၊ သုရှန်းဟေသီထွန်း၊ သုရှန်းဝတီထွန်း၊ သုရှန်းပုဏ္ဏမီထွန်းတို့၏ဘိုးဘိုးကြီးသည် ၁၄-၅-၂၀၁၉ရက် နံနက် ၈:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် နံနက် ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၀၃၊ လေးလွှာ-B)နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်
လက်ထောက်မန်နေဂျာ(စက်ရုံမှူး)(ငြိမ်း)
မြန်မာ့သစ်လုပ်ငန်း
အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးလှထူး-ဒေါ်တင်အေး)တို့၏သား၊ (ဦးဘဝင်း-ဒေါ်လှည္ဒန့်)တို့၏သားသမက်၊ ဦးထွန်းမြင့်(လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-(ဒေါ်ခင်စန်းမြင့်)တို့၏တူ၊ ဦးဟန်တင့်-ဒေါ်မလေး၊ ဦးတင့်လွင်(ပါမောက္ခ၊ ရူပဗေဒဌာန)-ဒေါ်နီလာသိန်း၊ (ဦးဇော်မင်း)-ဒေါ်သင်းသင်းနွဲ့၊ ဦးကျော်ဒင်-ဒေါ်စန်းစန်းနွဲ့၊ ဦးဖုန်းနိုင်-ဒေါ်ခင်သန်းနု၊ ဦးရဲမြင့်-ဒေါ်သန်းသန်းဝင်း(ခ)နော်မူတို့၏ချစ်လှစွာသောအစ်ကို၊ တူ၊ တူမ ၁၈ယောက်တို့၏ဘကြီး၊ ပြည်မြို့၊ အောင်ဆန်း ပြည်သာယာရပ်ကွက်၊ (B)လမ်း၊ ခြံအမှတ်(၁၅၁/၁၅၂)နေ ဒေါ်ခင်လှဝင်းကျော်၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၈:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန် သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၀၃၊ လေးလွှာ-B)နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၉ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးလှမောင် (ငြိမ်း)
အသက်(၇၉)နှစ်

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦး၏ဖခင် ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း)သည် ၁၂-၅-၂၀၁၉ရက် နံနက် ၂:၁၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့်ဇနီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးကျော်လှိုင်
(ယွန်းထည်ကုန်သည်)
အသက်(၈၀)

မိတ္ထီလာမြို့နေ (ဦးရေချမ်း-ဒေါ်စောမြ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်း၊ မြင့်မိုရ်လမ်း၊ အမှတ်၂၃နေ(ဦးအောင်မင်း-ဒေါ်အေးသင်)တို့၏သားသမက်၊ (ဒေါ်ရွှေပု)၊ (ဦးဘိုးဝ)-ဒေါ်ငွေရင်၊ (ဦးသာလှ-ဒေါ်မြသန်းကြည်)၊ဦးတင်မောင်-ဒေါ်ဖြူဥတို့၏ညီမောင်၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ (မောင်မြင့်လှိုင်)၊ ကိုရဲထွဋ်လှိုင်-မနွယ်နွယ်ဝင်း၊ ကိုသန်းထွဋ်လှိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၆ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၁၆-၅-၂၀၁၉ ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၅-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
မန်းကြည်သန်းတင် အသက်(၆၇)နှစ်
(Chief Officer)ပြည်သူ့ပုလဲနှင့်ငါး(ငြိမ်း)

မန်းအောင်တင်-ဂျဲမေရီတင်တို့၏သား၊ ဦးညိုသာ-ဒေါ်ကြိုင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ်(၁၂၉/ဘီ)နေ ဒေါ်သန်းသန်းတင်(မချို)၊ဦးခင်မောင်လင်း၊ ဒေါ်တိုးနန္ဒာတင်(မချစ်)၊ (ဦးထိပ်တင်လွင်)တို့၏မောင်၊ (ဦးကြည်သိန်းတင်)၏ညီ၊ (ဦးသောင်းဝေတင်)၊ဦးမျိုးသန့်တင်တို့၏အစ်ကို၊ ဦးဇေယျာအောင်-နော်အက်ဖ်တာနာဖော၊ဦးဝင်းထွဋ်အောင်-ဒေါ်ပိုးထက်မွန်ချစ်တို့၏ချစ် လှစွာသောဖခင်၊ ဆရာမဒေါ်အေးမေ(အထက-၂၊ ကမာရွတ်)အထပြ(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခေမာခိုင်၊ ဦးနေမျိုးခိုင်၊ ဒေါ်လှသူဇာ၊ ဒေါ်သဲအုတို့၏ဦးလေး၊ နော်ရေချယ်မာဘလူဖော၊ မောင်ကောင်းမြတ်သာထွဋ်(SIMON)၊ နော်ဘရစ်ဂျစ်မာနယ်ဖော၊ မခွန်းချိုသံသာ(Sarah)တို့၏အဘိုးသည် ၁၄-၅-၂၀၁၉ရက်(အင်္ဂါနေ့)မွန်းလွဲ ၁:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ ကမာရွတ်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ဗိမ္မာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်အောင်
Ex Chief Engineer (FG)
အသက်(၆၈)နှစ်

(ဦးကိုကိုကြီး-ဒေါ်အေးကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မလိခဥယျာဉ်အိမ်ရာ၊ ၄ဝါလမ်း၊ အမှတ် ၄+၅နေ ဒေါ်ကြည်ကြည်နွယ်၏ခင်ပွန်း၊ ရှိုင်းဇော်အောင်၏ဖခင်၊ ဒေါက်တာဥမ္မာကိုကိုကြီး-ဒေါက်တာကျော်ကျော်ထွဋ်တို့၏မောင်သည် ၁၂-၅-၂၀၁၉ရက် နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၉ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းသွပ်ပြီးနောက် ၁၉-၅-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီ အထိ ရွှေဟင်္သာ ပရိယတ္တိ ဝါယာလက် စာသင်တိုက် ၆½ မိုင်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ခင်သိန်း အသက်(၅၄)နှစ်

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်နေ ဦးသောင်း-ဒေါ်မြလွင်တို့၏သမီး၊ (ဦးအောင်သိန်း)-ဒေါ်တုတ်တုတ် တို့၏သမီးချွေးမ၊ ဦးမင်းသူ(အင်ဂျင်နီယာမှူး၊ မြို့ပြမြန်မာ့မီးရထား-ငြိမ်း)၏ဇနီး၊ ဒေါက်တာအောင်စိုးသူ၊ မောင်စွမ်းထက်သူတို့၏မိခင်သည် ၁၁-၅-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် တံခါးကြီးကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ရက်(သောကြာနေ့) နံနက် ၆နာရီမှ နံနက် ၉နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နော်မူလာ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၁၅)နေ (ဦးစောဘစိန်-နော်ဩဂတ်စတာ)တို့၏သမီး၊ (စောဘလူး)၊ (သီအိုးနို)-မအေးမြင့်တို့၏ညီမ၊ နော်ဆဲနေ-ဦးဆွေဝင်း၊ (စောတဲစတား)-ဒေါ်စောစောစိန်၊ နော်ချားရတီ-စောတာဖ၊ စောသာဝါးတို့၏အစ်မ၊ စောရှိမင်းဝင်း-ဒေါ်ဝင်းသန္တာအောင်၊ ဦးစည်သူ-နော်ဟယ်နီဝင်း တို့၏မိခင်၊ စောပရေ့ဝင်း၏အဘွား၊ (ဦးသန်းတင်ဝင်း)၏ဇနီးသည် ၁၃-၅-၂၀၁၉ရက် (တနင်္လာနေ့) ည ၈:၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် နေအိမ်မှတစ်ဆင့် ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းပြီး ၁၉-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၅)လမ်း၊ အမှတ်(၁၅) နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမျိုးဝင်း
ဒုတိယအင်ဂျင်နီယာချုပ်(တံတား-ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန
Road Sector Management Specialist
Oriental Consultants Global Co.,Ltd
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို(၁)လမ်း၊ အမှတ်(၁၇)နေ (ဦးကျော်ငြိမ်း-ဒေါ်သန်းရွှေ)တို့၏သား၊ (ဦးစိုးသိမ်း-ဒေါ်အေးကြိုင်)တို့၏သားသမက်၊ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ခင်ပွန်း၊ ကိုဇေယျာမျိုး(ခ)သျှိုင်းသင်ကာ (War Shwe Sin Construction Co.,Ltd)-ဒေါ်ကြည်ကြည်ဆွေ(ခ)ချောစု၊ ကိုဇာနည်မျိုး-မမေသန္တာထွန်း(ခ)လုံးလုံး၊ ကိုနေမျိုးထွေး-မလွင်လွင်မျိုး၊ ကိုဖြိုးမြတ်သူ-မမေဇွန်ရတနာမျိုးတို့၏ဖခင်၊ မောင်အံ့ထူးဇေယျာ၊ မအိမ့်ခြူးဇေယျာတို့၏အဘိုးသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် နံနက် ၁၀နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီးမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးဝင်း
ဒုတိယ-အင်ဂျင်နီယာချုပ်(တံတား)ငြိမ်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
Road Sector Management Specialist
Oriental Consultants Global Co.,Ltd
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊မြခွာညို ၁လမ်းနေဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ခင်ပွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားခြင်း အတွက် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး
ဒုတိယဝန်ကြီးနှင့်ဇနီး
အမြဲတမ်းအတွင်းဝန်နှင့်ဇနီး
ဝန်ကြီးရုံးမိသားစု
ဆောက်လုပ်ရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးဝင်း
ဒုတိယ-အင်ဂျင်နီယာချုပ်(တံတား)ငြိမ်း
ဆောက်လုပ်ရေးဝန်ကြီးဌာန
Road Sector Management Specialist
Oriental Consultants Global Co.,Ltd
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြခွာညို ၁လမ်းနေ ဒေါ်ဝါဝါသိမ်း(ဝါရွှေစင်ပိုးထည်)၏ခင်ပွန်းသည် ၁၄-၅-၂၀၁၉ရက် နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး
ဝန်ထမ်းများ
တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးသိန်း [ပုလောမြို့နယ်အသင်း(ကန်တော့ခံနာယက)]
ရှင်ရှင်ဇီးတော်ဖီလုပ်ငန်း
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊အင်ကြင်းလမ်း၊ အမှတ် ၂ နေ (ဦးစစ်လှိုင်-ဒေါ်ကြည်)တို့၏သမီး၊ (ဦးဖေဟုတ်)၏ဇနီး၊ ဦးတိုးလွင်-ဒေါ်ဟွန်တီ၊ (ဦးမျိုးနိုင်)-ဒေါ်ခင်စန်းရီ၊ ဦးမျိုးတင့်-ဒေါ်သီသီခိုင်၊ ဒေါ်အိမ်စန်းခင်-ဒေါက်တာ ဦးသန်းဆွေ၊ ဦးတိုးဝင်း-ဒေါ်မာမာချို၊ ဦးမောင်မောင်ကင်း-(ဒေါ်မေလှဲ့)၊ ဒေါ်အေးအေးဝင်း-ဒေါက်တာဇော်ဝင်းတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘွားသည် ၁၄-၅-၂၀၁၉ရက်(အင်္ဂါနေ့)ညနေ ၃:၃၀ နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြင့်(ခ)လျှောင်ရှုလျန် အသက်(၈၀)

သုံးခွမြို့၊ (ဦးဟိုက်ရာ-ဒေါ်လေမိ)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၃၆နေ ဒေါ်ကျင်ကျင်၏ညီမ၊ ဦးရန်စိန်-ဒေါ်ဘီအင်း၊ ဦးကျော်ထွန်း-(ဒေါ်တင်နု)၊ ဦးပိန်-ဒေါ်လေငေါ်တို့၏အဒေါ်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏ဘွားလေးသည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့) ည ၇:၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၁၂လမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U PAU KHAN KHUP @ KHUPSAN
Naulak beh,Gawngmual khua
အသက်(၆၅)နှစ်

တီးတိန်မြို့၊ မြို့မရပ်ကွက်နေ (Pu Kham Tuan - Pi Vung Za Cing)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်ဘူတာရုံလမ်းနေ (Pu Cin Khan Zam)၊Pi Cing Ngaih Lian တို့၏သားသမက်၊ (Daw Ngem Za Man)၊(U En Lam Cin)၊(U Lang Do Khup)တို့၏ညီ/မောင်၊ (Daw Hau Khaw Niang)၊Daw Ciang Lian Cing, ၊(U Thang Suan Lian)၊Daw Niiang Lam Vung, U Gin Khan Suan,U Khup Sian Tuang,Sayama Niang Khan Ciin တို့၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ အလယ်ဗဟိုလမ်းမ၊ရွှေတဆုပ်လမ်း၊ အမှတ်၁၈၆/၅၉ (လေးလွှာ)နေ Ko Tuan Lian Kim,Ko Zam Kip Mung @ Mu Mung တို့၏ ဖခင်၊Daw Nuam Lam Cing ၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၅-၂၀၁၉ ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး (ခုတင်-၅၀၀)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၉ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများ အထက်ပါနေအိမ်၊ ဆူးလေဇေမာန္ဒေလ ဘုရားကျောင်းရှေ့နှင့် ယုဇနပိတောက်ကွေ့တို့မှ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးကောဝိဒ(ခ)ဦးကံဦး
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၁၁)ဝါ

ရတနာမြိုင်ကျောင်းတိုက်၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ပဓာနနာယက ဒေါက်တာဘဒ္ဒန္တဝိသိဋ္ဌ၏ ခမည်းတော် ဦးမြကြိုင်၊ ဒေါ်တင်ငွေး၊ ဦးအောင်မြင့်၊ မကြည်ငွေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘိုး၊ (ဒေါ်ရွှေတင်)၏ခင်ပွန်း၊ ဦးကောဝိဒ(ခ)ဦးကံဦးသည် ၁၃၈၁ခုနှစ် ကဆုန်လဆန်း ၁၀ ရက်(တနင်္လာနေ့) ညနေ ၆:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် ၁၉-၅-၂၀၁၉ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ရတနာမြိုင်ဆရာတော်နှင့်ဆွေမျိုးများ

ဒေါ်ခင်သန်းဒိုင်(Diana)
ပညာရေးတက္ကသိုလ်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ပြည်လမ်း၊ ၆မိုင်၊ အမှတ် ၅(စီ)နေ (ဦးစိန်ဒိုင်-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးကျော်ဒိုင်)(ခ)(George)(ရေ-ငြိမ်း)၏ညီမ၊ (ဦးအောင်မြတ်ကျော်-ဒေါ်ခင်သိန်းဒိုင်)(ခ) (Cynthia)တို့၏အမ၊ ဒေါက်တာဝင်းမော်ထွန်း-ဒေါက်တာလှိုင်မြတ်သူ (ဆေးသုတေသနဦးစီးဌာန)တို့၏ကြီးဒေါ်၊ မောင်ရဲဝံ့ထွန်း-မလှိုင်ဝင်းသော်တာတို့၏ အဖွားသည် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၃:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးစိုးမြင့် (ငြိမ်း)
ကြည်း-၈၅၇၀၊ ဗိုလ်သင်တန်းအပတ်စဉ်-၂၆
ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ဝင်ဟောင်း
အသက်(၈၅)နှစ်

(ဦးချန်ထွန်း-ဒေါ်ငွေတင်)တို့၏သား၊ (ဦးအေးမောင်-ဒေါ်ငွေရင်)တို့၏သားသမက်၊ (ဒေါ်လှငွေ)၏ခင်ပွန်း၊ (ဦးမင်းမော်စိုး)-ဒေါ်သူဇာဝင်း၊ ဦးဝင်းမော်စိုး-ဒေါ်ဝင်းမင်းသူ၊ ဦးအာကာအောင်-ဒေါ်မြတ်မော်စိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၁၉ရက် ညနေ ၅:၃၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ သရဖီလမ်း၊ မလိခကွန်ဒို၊ အမှတ် ဒီ-၆၀၅နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၉ရက် ညနေ ၄နာရီတွင် ရေဝေးသု သာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၉ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ မွှာရုံဒါယကာကြီး
ဦးခင်မောင်ညွန့်
အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဆကာကြီးကျေးရွာနေ (ဦးဖိုးရင်-ဒေါ်အေးတင်) တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်နီ-ဒေါ်ဥမ္မာတိုး၊ ဦးခင်မောင်ဖြူ-ဒေါ်ခင်ခင်မိုး၊ (ဦးခင်မောင်ဝါ)၊ ဦးမောင်စိမ်း-ဒေါ်သန္တာကို၊ ဦးခင်မောင်ကျော်-ဒေါ်မြသီတာ၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးကြီးလင်းမောင်-ဒေါ်အိအိခိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊(ဒေါ်ကျင်သိန်း)၏ခင်ပွန်းသည် ၁၃-၅-၂၀၁၉ရက်(တနင်္လာနေ့) ၂၂:၃၅ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ(၁/၇၀၀)တွင် ကွယ်လွန် သွားပါသဖြင့် ၁၅-၅-၂၀၁၉ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ပြင်ဦးလွင်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဂျိမ်း
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်းနေ (ဦးသာရီးဆူ-ဒေါ်ဖောကစက်)တို့၏သား၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ တာတံဇင်ကျေးရွာနေ (ဦးထွန်းကြိုင်)-ဒေါ်ခင်လှတို့၏သားသမက်၊ နော်အဲလ်စီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ စောဟင်နရီဂျိမ်း-နော်အဲလစ်ဇဘက်ဂျိမ်းတို့၏ဖခင်သည် ၁၄-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၂:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဘိုကနောင်လမ်း၊ အမှတ် ၄၇၀နေအိမ်တွင် ၁၆-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ဝတ်ပြုဆုတောင်းပြီး ဘိုကနောင် ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးမင်းထွန်းရှိန် (ဦးစီးအရာရှိ၊ စက်မှု-ငြိမ်း)
အသင်းဝင်အမှတ်-၃၃၇၉
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ အောင်သပြေလမ်း၊ အမှတ် ၄၆/က နေဒေါ်ခင်မာငွေး၏ခင်ပွန်းသည် ၁၃-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကုန်သွယ်မှုပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၄

ဆဋ္ဌမအကြိမ်မြောက် နိုင်ငံတကာအစားအသောက်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာကုန်သွယ်မှုပြပွဲ(၂၀၁၉) ကို ရန်ကုန်မြို့ သာကေတမြို့နယ် ဖော်ကျူးပလာဇာရှိ မြန်မာအိတ်စပိုတွင် ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးလာနေသော ခရီးသွားလုပ်ငန်းအပေါ် အခြေခံ၍ အစားအစာနှင့် အဖျော်ယမကာ၊ ဟိုတယ်၊ မုန့်ဖုတ်လုပ်ငန်း၊ စားသောက်ဆိုင်နှင့် အစားအစာဝန်ဆောင်မှုဆိုင်ရာ ကိရိယာများ၊ ထောက်ကူပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် နိုင်ငံတကာအဆင့်မီစေရန် နောက်ဆုံးပေါ်နည်းလမ်းများ၊ အကြံဉာဏ်များ၊ နည်းပညာများကို ပြသမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မတို့က Exhibition Platform တစ်ခုကို တည်ဆောက်တာပါ။ ရောင်းမယ့်သူတွေလာမယ်၊ ဝယ်မယ့်သူတွေလာမယ်၊ ရောင်းမယ့်သူ ဝယ်မယ့်သူ တွေ့ဆုံကြဖို့အတွက် ရည်ရွယ်ပြီး အခုလိုပြပွဲကို ပြုလုပ်တာဖြစ်ပါတယ်"ဟု ပြပွဲကျင်းပရေး တာဝန်ရှိသူ တစ်ဦးဖြစ်သည့် ဒေါ်ငြိမ်းငြိမ်းအေးက ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

အက်စ် ၄၀၀ ဒုံးကျည် ကာကွယ်ရေးစနစ် ဝယ်မလား အက်ဖ် ၃၅ ဂျက်လေယာဉ်တွေကို စွန့်လွှတ်မလား

စာမျက်နှာ ➤ ၁၅

အိန္ဒြာကျော်ဇင် ကို ပြောင်းလဲမှုဖြစ်သွားစေသည့် "ဒေါင်းနီ" ကာရိုက်တာ

စာမျက်နှာ ➤ ၁၈

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပွဲကစားမည့် စစ်ကိုင်းအသင်း။ ဓာတ်ပုံ-စိုးညွန့်

ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲများ ယနေ့ ကျင်းပမည်

ရန်ကုန် မေ ၁၄

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဒုတိယအဆင့် (နောက်ဆုံးနေ့) ကို မေ ၁၅ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးနေ့တွင် ပွဲစဉ်နှစ်ပွဲသာ ပါဝင်မည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဒဂုံအသင်းနှင့် စစ်ကိုင်းအသင်း၊ ပဒုမ္မာကွင်း၌ Southern အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းအသင်းများအနက် စစ်ကိုင်းနှင့် Southern အသင်းသည် ဒုတိယအဆင့်မှ စတင်ကစားရခြင်းဖြစ်ပြီး ကျန်နှစ်သင်းမှာ ပထမအဆင့်မှ တက်ရောက်လာခြင်းဖြစ်သည်။ ငွေကြယ်ပွင့်အသင်းသည် ပထမအဆင့်တွင် MNL ကလပ် Chinland အသင်းကို ကျော်ဖြတ်လာသည့်အသင်းဖြစ်ပြီး ဒဂုံအသင်းမှာမူ မောရဝတီကို လေးဂိုးပြတ် အနိုင်ရလာခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင် ပွဲစဉ်ပေါင်း ခုနစ်ပွဲပါဝင်ပြီး မေ ၁ ရက်နှင့် ၈ ရက်တို့တွင် ငါးပွဲကျင်းပထားသောကြောင့် လက်ကျန်နှစ်ပွဲကို ယနေ့ ကစားခြင်းဖြစ်သည်။ စစ်ကိုင်းနှင့် ဒဂုံပွဲမှ အနိုင်ရသည့်အသင်းမှာ ရတနာပုံအသင်း၊ Southern နှင့် ငွေကြယ်ပွင့်အသင်းမှ အနိုင်ရသည့်အသင်းမှာ ရန်ကုန်အသင်းနှင့် ကွာတားဖိုင်နယ်တွင် တွေ့ဆုံမည်ဖြစ်သည်။ စစ်ကိုင်းအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းများရနေသော်လည်း ရှုံးထွက်ပွဲဖြစ်သောကြောင့် ဒဂုံအသင်း၏ ရုန်းကန်မှုကို ထည့်တွက်ရမည်ဖြစ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ۞

အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း အုပ်စုမှ ထွက်ခဲ့ရ

ရန်ကုန် မေ ၁၄

၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး အုပ်စုမှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် မိနစ် ၅၀ ကျော်အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း အနိုင်ကို မထိန်းနိုင်၍ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလျှင် ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့ပြီး ၁၈ မိနစ်တွင် ဇင်မိုးပြည့် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်အသင်းက ဂိုးပြန်ရရန် အားထည့်ကစားလာပြီး ၅၃ မိနစ်နှင့် ၇၀ မိနစ်တို့တွင် ထရန်နက်သန်က နှစ်ဂိုးပြန်သွင်းခဲ့၍ ဗီယက်နမ်အသင်း အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဗီယက်နမ်အသင်း ရရှိသည့် ဒုတိယဂိုးမှာ ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (က) အခြားပွဲတွင် ဖိလစ်ပိုင်အသင်းက တီမောအသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(က) ပွဲစဉ်များအပြီးတွင် ကိုးမှတ်ရသည့် ဗီယက်နမ်အသင်းနှင့် ခြောက်မှတ်ရသည့် ဖိလစ်ပိုင်အသင်းက ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး သုံးမှတ်ရသည့် မြန်မာနှင့် အမှတ်မရသည့် တီမောအသင်းက အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ **ရဲရင့်ရှိုင်း**

AFC Cup အုပ်စုနောက်ဆုံးပွဲများ ယနေ့ ကျင်းပမည်

ရန်ကုန် မေ ၁၄

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၁၅ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ် ရန်ကုန်အသင်းမှာ အိမ်ကွင်း၊ ရှမ်းယူနိုက်တက်အသင်းမှာ အဝေးကွင်းကစားရမည်ဖြစ်သော်လည်း အုပ်စုတက်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း ဂုဏ်သိက္ခာပိုင်းအတွက် ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့ ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ရန်ကုန် (မြန်မာ)နှင့် နာဂါဝေါ (ကမ္ဘောဒီးယား)၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ပါဆီဂျာဂျကာတာ (အင်ဒိုနီးရှား)နှင့် ရှမ်းယူနိုက်တက်(မြန်မာ)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(F)တွင် ပါဝင်နေသည့် ရန်ကုန်နှင့် နာဂါဝေါအသင်းသည် သုံးမှတ်စီရထားပြီး ရန်ကုန်အသင်းအနေဖြင့် ပထမအကျော့ အဝေးကွင်းရှုံးကြေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုပွဲမတိုင်မီ နည်းပြအပြောင်းအလဲ ဖြစ်ပေါ်ထားပြီး ယာယီနည်းပြချုပ် ဦးတင်မောင်ထွန်း၏ ပထမဆုံးပွဲလည်းဖြစ်သည်။ အုပ်စုငါးပွဲဆက် ရှုံးနိမ့်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ပထမဆုံးအမှတ်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ နှစ်သင်းစလုံးသည် မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြည်တွင်းပြိုင်ပွဲဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် ကစားရန်ရှိနေသောကြောင့် ယခုပွဲထက် ရှုံးထွက်ပွဲကို ပိုမိုအာရုံစိုက်ဖွယ်ရှိနေသည်။

AFC Cup ပြိုင်ပွဲ အာဆီယံဇုန်တွင် အုပ်စုသုံးခု ပါဝင်ပြီး အုပ်စု (G) တွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ အုပ်စု (H) တွင် မာကာဆာ(အင်ဒိုနီးရှား) အသင်းတို့မှာ နောက်ဆုံးပွဲမတိုင်မီ အုပ်စုပထမရကာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး ကျန်နေရာအတွက် နောက်ဆုံးပွဲပြီးမှ အဖြေထွက်ပေါ်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

ရန်ကုန်ယာဉ်ကြောကို ထိန်းကျောင်းမည့် ဗဟိုစင်တာ

ရန်ကုန်မြို့ရဲ့ယာဉ်များသွားလာမှုဟာ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကတည်းက ကျပ်တည်းလာခဲ့တာပါ။ အဲဒါကို ပထမအရပ်သားအစိုးရလက်ထက်က စတင်ပြီး ဖြေရှင်းဖို့ ကြိုးစားခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမယ့် အစိုးရသက်တမ်းကုန်သွားသည့်တိုင် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

တင်ဝင်းလေး၊ ဓာတ်ပုံ - ဘော်ဂါသွေး

တိပစ္စာထပ်ပြီးပြောရမယ်ဆိုရင် ရန်ကုန်မြို့တွင်းက ရှိတဲ့ မီးပွိုင့် ၁၅၁ ပွိုင့်ကို အလုံလမ်းမှာရှိတဲ့ ပြည်သူ့ရင်ပြင်အတွင်း နက္ခတ်တာရာပြခန်းအနီးမှာ စင်တာကြီး တစ်ခု တည်ဆောက်ပြီး ထိန်းကျောင်းသွားဖို့ပါ။

အဲဒီလုပ်ငန်းကို မြန်မာ့ရွှေရင်အေးကုမ္ပဏီ China Railway Cooperation ဖက်စပ် ကုမ္ပဏီတို့က ငွေကျပ် ၁၈ ဘီလီယံကျော် အသုံးပြုလို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်း ပြီးစီးမယ့်ကာလကို ၂၀၁၆ ခုနှစ် ဩဂုတ်လအကုန်လို့ သတ်မှတ်စာချုပ် ချုပ်ဆိုထားတယ်လို့လည်း သိရပါတယ်။

ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်းမှာ ပြီးစီးအောင်မြင်မှု မရှိခဲ့တာကြောင့် ဒဏ်ကြေးပေးပြီး ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

အဓိကကတော့ ရန်ကုန်မြို့တွင်း မောင်းနှင်နေတဲ့ ယာဉ်တွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်ခြင်း ရှိ မရှိနဲ့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ဖို့အတွက် ရည်ရွယ်ပြီး တည်ဆောက်နေတာ ဖြစ်ပါတယ်။

ယင်းကိစ္စနဲ့ပတ်သက်ပြီး ဧပြီ ၃၀ ရက်က လုပ်ကိုင်ခွင့်ရကုမ္ပဏီက တာဝန်ရှိသူတွေနဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မတီ၊ YRTA က တာဝန်ရှိသူတွေ တွေ့ဆုံမှုများ ပြုလုပ်ခဲ့တယ်လို့လည်း သိရပြန်ပါတယ်။

လက်ရှိအချိန်မှာ မြန်မာ့ရွှေရင်အေး ကုမ္ပဏီက နိုင်ငံခြားသားပညာရှင်များ ပြန်လည်ခေါ်ယူပြီး ဆောင်ရွက်နေတာကိုလည်း သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၈ ရက်နဲ့ ၉ ရက် နှစ်ရက်မှာ မီးပွိုင့်များအားလုံးကို ဗဟိုထိန်းချုပ်ရေးစင်တာကနေ စမ်းသပ်မှုများ ပြုလုပ်ခဲ့ပါတယ်။ မနက်ပိုင်းတစ်ချိန်၊ ညနေပိုင်းတစ်ချိန်စီ စမ်းသပ်လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အားနည်းချက်တွေ တွေ့ရပြီး ပြန်လည်ပြုပြင်ဖို့ စီစဉ်ခဲ့ကြပါတယ်။

ဒါနဲ့ပတ်သက်ပြီး ယာဉ်ကြောထိန်းချုပ်ရေး ဗဟိုဌာန နည်းပညာ အရည်အသွေးစစ်ဆေးမှုကော်မတီ ဦးအောင်မြင့်က "မီးပွိုင့်နဲ့ ထိန်းချုပ်တယ်ဆိုတဲ့နေရာမှာ အခြေခံအချက်အလက်က ယာဉ်ကြောသွားလာမှုအခြေအနေကို ကြည့်ရပါတယ်။ မီးပွိုင့်တွေမှာ တည့်တည့်သွားတဲ့ ကားအစီးရေ၊ ဘယ်ညာကွေ့တဲ့ကားက ဘယ်နှစီး စတဲ့ဟာတွေကို အချက်အလက်အဖြစ် စုဆောင်းရပါတယ်။

အချပ်ပို (ဃ) သို့

ရန်ကုန်မြို့တွင်း သွားလာသည့်ယာဉ်ကြောကို ထိန်းကျောင်းမည့် ဗဟိုစင်တာ

ရန်ကုန်မြို့လမ်းသစ်ပြည်သူ့အိမ်ရာအဆင့်မြင့်စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ရန်ကုန်မြို့ပြမှာ အသစ်ထွက်ပေါ်လာဦးမယ့် လမ်းသစ်ပြည်သူ့အိမ်ရာအဆင့်မြင့်စီမံကိန်း

ဇင်လင်းမြင့်၊ ဓာတ်ပုံ-အာကာဟိန်း

ရန်ကုန်မြို့ကို ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးမြို့တော်အဖြစ် ရောက်ရှိဖို့ ဘက်စုံထောင့်စုံက ကြိုးစားနေချိန် ဖြစ်ပါတယ်။ မြို့သစ်စီမံကိန်းတွေ၊ စက်မှုဇုန်သစ်စီမံကိန်းတွေ၊ တိုက်ခန်းအိမ်ရာသစ်စီမံကိန်းတွေနဲ့ အကောင်အထည်ဖော်နေချိန်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ကျော်က အစိုးရက တည်ဆောက်ခဲ့တဲ့ ပြည်သူ့အိမ်ရာဟောင်းတွေကိုလည်း ပြည်သူ့အိမ်ရာအသစ်တွေအဖြစ် ပြန်လည်တည်ဆောက်နေသလို ပြန်လည်တည်ဆောက်ဖို့ စီစဉ်ဆွေးနွေးနေတဲ့ ပြည်သူ့အိမ်ရာစီမံကိန်းတွေလည်း ရှိနေပါတယ်။ အဲဒီစီမံကိန်းတွေထဲမှာ ရန်ကုန်မြို့လမ်းသစ် ပြည်သူ့အိမ်ရာကိုတော့ ပြန်လည်တည်ဆောက်နေပြီဖြစ်ပါတယ်။

လမ်းသစ် ပြည်သူ့အိမ်ရာစီမံကိန်းဟာ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနဲ့ မော်တင်လမ်းကြားမှာ တည်ရှိပြီး မြေအကျယ်အဝန်းအဖြစ် မြေဧက ၄ ဒသမ ၇ ဧကပေါ်မှာ တည်ဆောက်နေတာဖြစ်ပါတယ်။ လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းကို ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်လို့ သက်တမ်းရင့်အဆောက်အအုံလည်း ဖြစ်ပါတယ်။

> “လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းကို အသစ်ပြန်လည်တည်ဆောက်တဲ့အခါ အဓိကအပိုင်းလေးခု သတ်မှတ်ပြီး တည်ဆောက်နေတာ ဖြစ်ပါတယ်။ အထပ်ပေါင်း ၂၅ ထပ်မြင့်တဲ့ အဆောက်အအုံနှစ်လုံး၊ ခြောက်ထပ်ရှိတဲ့ လူနေဈေးရောင်းအဆောက်အအုံ ၂၈ လုံး၊ ဘတ်စ်ကားနှင့် တက္ကစီရပ်ဝန်းတွေလည်း ပါဝင်မှာဖြစ်တယ်”

တင်ဒါအောင်မြင်

လမ်းသစ် ပြည်သူ့အိမ်ရာစီမံကိန်း ပြန်လည်တည်ဆောက်ဖို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလကတည်းက တင်ဒါခေါ်ယူခဲ့တာဖြစ်ပြီး အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ပြီးနောက် တင်ဒါအောင်မြင်ခဲ့တဲ့ စေပိုင် ဖွံ့ဖြိုးရေးလီမိတက်က တည်ဆောက်နေတာဖြစ်ပါတယ်။

လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလကတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က စတင်ဆောက်ခဲ့တာဖြစ်လို့ လာမယ့် ၂၀၂၁ ခုနှစ်မှာ ပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။

ပိုမိုကျယ်ဝန်းတဲ့တိုက်ခန်း

လမ်းသစ်ပြည်သူ့အိမ်ရာမှာ မူလက အိမ်ထောင်စု ၂၆၄ စု၊ အခန်းပေါင်း ၂၆၄ ခန်း တည်ရှိနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်ခန်းတစ်ခန်းအကျယ်ဟာ အရင်က စတုရန်း ပေ ၆၀၀ ခန့်သာ ကျယ်ဝန်းခဲ့ပေမယ့် အခု အသစ်ပြန်လည်တည်ဆောက်မယ့် စီမံကိန်းမှာတော့ အရင်ကထက် ပိုမိုကျယ်ဝန်းတဲ့ တိုက်ခန်းတွေအဖြစ် နေထိုင်လို့ရမှာ ဖြစ်ပါတယ်။

စီမံကိန်းပြီးစီးသွားရင်တော့ မူလနေထိုင်ခဲ့တဲ့ လူတွေကို နေရာပြန်လည်ပေးအပ်သွားမှာ ဖြစ်သလို ဝယ်ယူပြီး နေထိုင်လိုသူတွေအတွက်

အချပ်ပို(ဃ)သို့

လမ်းသစ်ပြည်သူ့အိမ်ရာပုံစံငယ်။

ရန်ကုန်သားတို့ အတူဆုံရာ Yangon Weekend Market မှာ

ရှင်နော်၊ ဓာတ်ပုံ - ထိန်လင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၌ ဖွင့်လှစ်ထားသည့် Yangon Weekend Market ။

ရန်ကုန် မြို့တော်၏ နေအပူချိန်က မြင့်မားလွန်းလှသည်။ တဖြည်းဖြည်းမြင့်တက်လာနေသော အပူချိန်ကြောင့် မြို့တော်သူ မြို့တော်သားတို့မှာ နေ့ပိုင်းသာမက ညအချိန်ထိပါ အပူဒဏ်ကို ခံစားကြရသည်။ ဘဝရပ်တည်ရေးအတွက် တစ်နေကုန် တစ်နေခန်း လှုပ်ရှားရုန်းကန်သွားလာကြပြီး ညပိုင်းရောက်သော်လည်း အိပ်စက်အနားယူရန် မဝံ့ရဲဘဲ အပူချိန်လျော့ကျချိန်ကို စောင့်မျှော်ကြရသည်။ ရံဖန်ရံခါ တက်လာတတ်သော အမည်းရောင်မိုးတိမ်တို့က မိုးပေါက်မိုးဖွဲလေးများ အနည်းငယ်မျှကို ရွာချရင်း ရန်ကုန်သူ ရန်ကုန်သားတို့ကို ကလူကျီစယ်ပြုနေတတ်သည်။

ထွက်ပေါက်တစ်ခုဖြစ်

ရာသီအကူးအပြောင်းကာလ မိုးခြိမ်းသံ၊ လျှပ်စီးလျှပ်သံကို ကြားရတိုင်း ရန်ကုန်သူ ရန်ကုန်သားတို့က ကောင်းကင်အနှံ့ မော့ကြည့်တတ်ကြသည်။ အသွင်သဏ္ဌာန် အမျိုးမျိုးကိုဖန်တီးရင်း တိမ်ညိုတိမ်မည်းတို့က လေနှင်ရာ လွင့်ပါသွားတတ်သည်။ မကြာမီဝင်ရောက်လာတော့မည့် အနောက်တောင်မုတ်သုံလေနှင့် မိုးရာသီက အပူဒဏ်ခံနေရသူ ရန်ကုန်သားတို့အတွက် ထွက်ပေါက်တစ်ခုပင်ဖြစ်သည်။

ပူပြင်းလှသော နွေရာသီ၏ တစ်နေ့တာကာလပတ်လုံးနေ အပူရှိန်ဒဏ်ကို ခံစားကြရသော ရန်ကုန်သားတို့သည် ညဘက် သီးသန့်ရောင်းချသောဆိုင်များတွင် သွားရောက်စားသောက်ရင်း အပန်းဖြေကြလေ့ရှိသည်။ ထို့ကြောင့်ပင် ကမ်းနားလမ်း တစ်လျှောက် ညဈေးတန်းသည် နွေရာသီကာလတွင် အမြဲလိုလို စည်ကားနေလေ့ရှိသည်။ ရန်ကုန်မြစ်အနီး ဖွင့်လှစ်ထားသော ညဈေးတန်းတွင် လေညင်းခံရင်း မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ ဝိုင်းဖွဲ့စားသောက်ရင်း အချိန်ယူစကားပြောနေလေ့ရှိသည်။

စတင်ဖွင့်လှစ်ခဲ့

ရန်ကုန်သူ ရန်ကုန်သားတို့၏အကြိုက်ကို စီးပွားရေးလုပ်ငန်းရှင်များက ရိပ်မိသည်ထင်။ လွန်ခဲ့သော သီတင်းပတ်ဖြစ်သည့် မေလပထမပတ်မှစ၍ Golden Market Myanmar ကုမ္ပဏီလီမိတက်က တာဝန်ယူဖွင့်လှစ်သော Yangon Weekend Market ကို ရန်ကုန်မြို့လယ်ကောင်၊ ရန်ကုန်မြစ်နှင့် မနီးမဝေးဖြစ်သော ကျောက်တံတားမြို့နယ် ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

Yangon Weekend Market ဖွင့်ပွဲအစီအစဉ်အပြီး ရောက်ရှိသွားသော စာရေးသူအား ပွဲတော်ကို တာဝန်ယူကျင်းပလျက်ရှိသည့် Golden Market Myanmar ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မနုနုဝေက "အဓိကကတော့ နိုင်ငံခြားသားတွေကို မြန်မာနိုင်ငံရဲ့ထင်ရှားတဲ့ လက်မှုပစ္စည်းနဲ့ ရိုးရာယဉ်ကျေးမှုအစားအစာတွေကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဝယ်ယူခွင့်ရဖို့အတွက် အခုလိုရောင်းချဖြစ်တာပါ"ဟု ရှင်းပြသည်။

ဆွဲဆောင်လျက်ရှိ

မဟာဗန္ဓုလပန်းခြံလမ်းနှင့် မကြာမီဖွင့်လှစ်တော့မည့် Rosewood Yangon ဟိုတယ်ထောင့်၊ ဘဏ်လမ်းဆုံနေရာတွင် အဝင်မုခ်ဦးတစ်ခုနှင့် ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းဆုံနေရာတွင် အဝင်မုခ်ဦးတစ်ခုတို့ကို တွေ့ရသည်။ နီညိုရောင်နောက်ခံပေါ်တွင် စေတီတော်ပုံ၊ ကရဝိက်ပုံ၊ ပစ်တိုင်းထောင်ပုံ၊ မီးပုံးပျံပုံတို့ဖြင့် ဖန်တီးထားသော အဝင်မုခ်ဦးများက တစ်မူထူးခြားသော သွင်ပြင်ဖြင့် ဈေးတန်းလာပြည်သူများအား စိတ်ဝင်စားစေရန် ဆွဲဆောင်လျက်ရှိသည်။

သန့်ရှင်းသပ်ရပ်

ပထမအကြိမ် ရောက်စဉ်က ဖွင့်ပွဲအခမ်းအနားအပြီးနှင့် တိုက်ဆိုင်နေသောကြောင့် မင်းပရိသတ်များပြားပြီး အေးဆေးစွာ လှည့်လာခွင့်မရခဲ့ချေ။ ထို့ကြောင့်ပင် မေလ ဒုတိယမြောက် အပတ်၌ Yangon Weekend Market သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပြီး စိတ်တိုင်းကျလှည့်လာခဲ့သည်။ ဘဏ်လမ်း၏ တစ်ဝက်ခန့်ကိုသာ နေရာယူထားသော အဆိုပါဈေးတန်းကလေးသည် သန့်ရှင်းသပ်ရပ်လှသည်။

နှစ်ခြိုက်မှုကို ရစေမည်

ရုံးဖွင့်သောနေ့ရက်များတွင် ပျာပန်းခပ်သွားလာနေကြသော ဘဏ်ဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ အမှုပွဲစားများ၊ စာချုပ်စာတမ်းပြုလုပ်သူများ၊ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များ အလျှင်းမရှိသောကြောင့် ဘဏ်လမ်း၏ အမြင်ကပင် ထူးခြားလို့နေသည်။ လမ်းကို ကန့်လန့်ဖြတ်ကာ သွယ်တန်းထားသောအလံနှင့် မီးတန်းများ၊ သပ်ရပ်ညီညာစွာခင်းကျင်းထားသောဆိုင်ခန်းများ၊ စားသုံးသူအတွက် သန့်ရှင်းရေးကို ဦးစားပေးထားမှုက လာရောက်စားသောက်သူ ရန်ကုန်သူ ရန်ကုန်သားတို့သာမက တိုင်းတစ်ပါးသားများအတွက်ပါ နှစ်ခြိုက်မှုကို ရစေမည်ဖြစ်သည်။

အချပ်ပို (ဃ) သို့

တိုင်းရင်းသားအစားအစာများ ရောင်းချနေသည့် ဆိုင်ကို တွေ့ရစဉ်။

အဝတ်အထည်နှင့် မြန်မာ့လက်မှုပစ္စည်းဆိုင်ကို တွေ့ရစဉ်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ၈၉ ယာဉ်လိုင်းမှ ယာဉ်များကို တွေ့ရစဉ်။

အချပ်ပို(က)မှ

အဲဒီ အချက်အလက်တွေကို အခြေခံပြီး နည်းပညာအရ တည့်တည့်သွားဖို့ ဘယ်နှမိနစ်ပေးမလဲ၊ ဘယ်အကွေ့ကို ဘယ်လောက်ထားမလဲ၊ အတည့်နဲ့ ဘယ်ကိုတွဲပြီး ပေးမလား။ အဲဒါတွေကို ဒီဇိုင်းလုပ်ရပါတယ်။ အဲဒီစနစ်မှာ ကားအရေအတွက်ကောက်တဲ့ ကင်မရာကနေပြီး လေ့လာမှုပြုရပါတယ်။ အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ စာရင်းကောက်တဲ့နေရာမှာ တိကျမှုအားနည်းနေတာကို သွားတွေ့ရပါတယ်။ အဲဒါကြောင့် မီးပွိုင့်ဒီဇိုင်းမှာပါ အားနည်းမှုကို ထပ်တွေ့ရပါတယ်”ဟု ရှင်းပြမှုရှိခဲ့ပါတယ်။

အစီရင်ခံစာပြုစု

ထိုနည်းပညာအမြင်အရ မြန်မာပညာရှင်များ၏ တွေ့ရှိချက်၊ လေ့လာချက်ကို အစီရင်ခံစာအဖြစ် ပြုစုပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမယ်လို့လည်း သိရပါတယ်။

အနီးစပ်ဆုံးဖြစ်အောင်ကြိုးစား

ကုမ္ပဏီအနေဖြင့်လည်း မေလအကုန်လောက်မှာ စာချုပ်ပါအတိုင်း အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားသွားမယ်လို့ သိရပြန်ပါတယ်။

ထိန်းချုပ်နိုင်ရန် စီစဉ်ထား

လက်ရှိအကျိုးတစ်ခုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YBS ကားများအားလုံးနီးပါး GPS တပ်ဆင်၍ Bus Operation Team မှ တိုက်ရိုက်ထိန်းချုပ်နိုင်ရန် စီစဉ်ထားခြင်းဖြစ်တဲ့အတွက် လက်ရှိအခြေအနေတွင် ယာဉ်ကြောကျပ်တည်းမှု ထိန်းချုပ်မှုအားနည်းနေသေးသော်လည်း လုံခြုံရေးအချက်အလက်အချို့ကို ရယူနိုင်ခဲ့ကြောင်း YBS နှစ်နှစ်ပြည့်အခမ်းအနားတွင် ပြောကြားခဲ့သည်လည်း ရှိထားပါတယ်။

ရန်ကုန်မြို့ရဲ့ယာဉ်ကြောကျပ်တည်းမှု

မည်သို့ပင်ဆိုစေကာမူ အဆိုးထဲက အကောင်း၊ အကောင်းထဲက အမြတ်ရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုမှာ မကြာမီသောကာလတစ်ခု၌ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှုမှာ အတိုင်းအတာတစ်ခုအထိ ပြေလျော့သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ပါတယ်။ ။

Yangon Weekend Market တွင် လာရောက်ဝယ်ယူသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

အချပ်ပို (ဂ) မှ

ဆိုင်ခန်းပေါင်း ၆၅ ခန်းနှင့် Food Truck လေးစီး ပါဝင်ရောင်းချကာ မြန်မာ့လက်မှုပစ္စည်းဆိုင်များ၊ တိုင်းရင်းသား အစားအစာဆိုင်များ၊ နိုင်ငံတကာ အစားအစာဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ယမကာဆိုင်များ ပါဝင်ပြီး လာရောက် စားသုံးသူပြည်သူများအား ဖျော်ဖြေရန် ဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်းထားသည်။

မေလပထမပတ်တွင် စတင်ဖွင့်လှစ်ခဲ့သော အဆိုပါ ဈေးတန်းလေးကို မေလအတွင်း အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိလည်းကောင်း ဖွင့်လှစ်ရောင်းချမည်ဟု သိရပြီး မိုးရာသီကာလဖြစ်သည့် ဇွန်၊ ဇူလိုင်၊ သြဂုတ်လများတွင် ခေတ္တရပ်နားထားကာ စက်တင်ဘာလတွင် ပြန်လည် ဖွင့်လှစ်မည်ဖြစ်သည်။

နေရာတစ်ခုကို ဖန်တီးရရှိ

တစ်ချိန်က စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် တိတ်ဆိတ် ခြောက်သွေ့နေတတ်သော ရန်ကုန်မြို့လယ်ကောင်ရှိ ဘဏ်လမ်းလေးမှာ ယခုအခါ အပန်းဖြေအနားယူသူများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိပြီ ဖြစ်သည်။ ဈေးတန်းအတွင်း ရှေ့နောက်လူးလာလျှောက်ရင်း အပန်းဖြေအနားယူနေသော ရန်ကုန်မိသားစုများကို အပြုံးမျက်နှာပိုင်ရှင်များအဖြစ် တွေ့မြင်ရပြီဖြစ်သည်။ ရန်ကုန်မြို့လယ်နေ ပြည်သူတို့အဖို့ ညနေခင်းလမ်းလျှောက်ဆင်းရန် နေရာတစ်ခုကို ဖန်တီးရရှိခဲ့ပြီဖြစ်သည်။ ဘေးနှစ်ဖက်ရှိ အထပ်မြင့်အဆောက်အအုံများနှင့် ရှားရှားပါးပါး သစ်ပင်ကြီးငယ်တို့က နေအပူကို အတန်အသင့် အကာအကွယ်ပေးထားသည်။ ကမ်းနားလမ်းတစ်ဖက်ခြမ်းရှိ ရန်ကုန်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်အေးက အတိုင်းအတာတစ်ခုအထိ အပူရှိန်ကို ဖြေလျော့ပေးလျက်ရှိသည်။

ထို့ကြောင့်ပင် ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာထက်၌ နွေအပူကို အန်တုလိုသော ရန်ကုန်သူ ရန်ကုန်သားတို့အတွက် အပန်းဖြေအနားယူရန် ဖန်တီးထားသောနေရာသစ်တစ်ခုဖြစ်သည့် Yangon Weekend Market အကြောင်းကို ကောက်နုတ်တင်ဆက်လိုက်ရပါသည်။

“လမ်းသစ်ပြည်သူ့အိမ်ရာ ပြန်လည်တည်ဆောက်ရေးစီမံကိန်းမှာ အထပ်မြင့်အဆောက်အအုံနှစ်လုံးအပြင် ဈေးရောင်းစင်တာ၊ အခန်းနေရာ၊ လူနေဆိုင်ခန်းတွေကို နိုင်ငံတကာအဆင့်မီတည်ဆောက်နေတာဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့အချက်အချာကျတဲ့နေရာမှာ ခေတ်မီဒီဇိုင်းနဲ့ ဖွံ့ဖြိုးမှုပုံရိပ်သစ်တစ်ခု ပေါ်ထွက်လာမှာဖြစ်”

အချပ်ပို(ခ)မှ

လည်း သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းချပေးသွားမယ်လို့သိရပါတယ်။ လောလောဆယ် တည်ဆောက်ဆဲကာလမှာလည်း မူလနေထိုင်သူတွေ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးသွားတယ်လို့ ဆိုပါတယ်။

လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းကို အသစ်ပြန်လည်တည်ဆောက်တဲ့အခါ အဓိကအပိုင်းလေးခု သတ်မှတ်ပြီး တည်ဆောက်နေတာ ဖြစ်ပါတယ်။ အထပ်ပေါင်း ၂၅ ထပ်မြင့်တဲ့ အဆောက်အအုံနှစ်လုံး၊ ခြောက်ထပ်ရှိတဲ့ လူနေဈေးရောင်းအဆောက်အအုံ ၂၈ လုံး၊ ဘတ်စ်ကားနှင့် တက္ကစီရပ်ဝန်းတွေလည်း ပါဝင်မှာဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အစိုးရကတည်ဆောက်ထားတဲ့ ပြည်သူ့အိမ်ရာပေါင်း ၁၁ ခုရှိပြီး ၅၂ လမ်းပြည်သူ့အိမ်ရာနဲ့ ရှင်းလင်းအိမ်ရာတွေကို ပြန်လည်တည်ဆောက်ပြီး တတိယမြောက်အဖြစ် လမ်းသစ်အိမ်ရာကို ပြန်လည်တည်ဆောက်နေတာ ဖြစ်ပါတယ်။ အခုဆိုရင် ပုဇွန်တောင်မြို့နယ်က ပြည်တော်သစ်အိမ်ရာစီမံကိန်းကိုလည်း တည်ဆောက်နေပြီး အင်းစိန်မြို့နယ် ကြို့ကုန်းအိမ်ရာကို ပြန်လည်တည်ဆောက်ဖို့ ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်သူ့အိမ်ရာစီမံကိန်းတွေကို ပြန်လည်ဆောက်လုပ်ရာမှာ ပိုမိုပြီးပြည့်စုံနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေပါ ပါဝင်ဆောင်ရွက်နေတာဖြစ်တယ်လို့ ဆိုပါတယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ဆောင်ရွက်တာမို့ ပြည်သူတွေရဲ့ မြေပြင်လိုအပ်ချက်တွေကို ပိုမိုဖြည့်ဆည်းပေးနိုင်ဖို့ အခွင့်အရေးရရှိမှာဖြစ်ပါတယ်။

အခု အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်တဲ့ လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်း အဆင့်မြှင့်တင် တည်ဆောက်နေတာနဲ့ ပတ်သက်ပြီး “ပြည်သူတွေရဲ့ လက်ရှိနေထိုင်မှုဘဝကို မြှင့်တင်ပေးခြင်းဟာ သူတို့ရဲ့လူမှုဘဝအခြေအနေကို တိုးတက်အောင် ဆောင်ရွက်ပေးထားသလို နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးခြင်းလည်း ဖြစ်ပါတယ် ”ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

လမ်းသစ်ပြည်သူ့အိမ်ရာ ပြန်လည်တည်ဆောက်ရေးစီမံကိန်းမှာ အထပ်မြင့်အဆောက်အအုံနှစ်လုံးအပြင် ဈေးရောင်းစင်တာ၊ အခန်းနေရာ၊ လူနေဆိုင်ခန်းတွေကို နိုင်ငံတကာအဆင့်မီတည်ဆောက်နေတာဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာ ခေတ်မီဒီဇိုင်းနဲ့ ဖွံ့ဖြိုးမှုပုံရိပ်သစ်တစ်ခု ပေါ်ထွက်လာမှာဖြစ်ပါတယ်။

လမ်းသစ်ပြည်သူ့အိမ်ရာ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်တဲ့ စီမံကိန်းဟာ လူနေမှုအသိုက်အဝန်းအသစ်၊ အတွေ့အကြုံအသစ်၊ မိတ်ဆွေအသစ် စတဲ့အရာတွေ ပိုင်ဆိုင်နိုင်စေဖို့နဲ့ အခွင့်အလမ်းအသစ်တွေလည်း ရရှိစေဖို့ဆိုတဲ့ ရည်မှန်းချက်တွေလည်း နေထိုင်သူတွေရရှိစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ အစိုးရအိမ်ရာစီမံကိန်းသစ်တွေ၊ ပြည်သူ့အိမ်ရာ ပြန်လည်အဆင့်မြှင့်တင် အသစ်တည်ဆောက်မှုတွေ၊ အထပ်မြင့်အိမ်ရာ တိုက်ခန်းတွေလည်း တည်ဆောက်နေတာမို့ အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးနေသလို လူနေတိုက်ခန်းအသစ်တွေလည်း ထွက်ပေါ်နေချိန်မှာ အခုလို လမ်းသစ်ပြည်သူ့အိမ်ရာ အဆင့်မြှင့် တည်ဆောက်ရေးစီမံကိန်းကလည်း ဆောင်ရွက်နေပြီဖြစ်တာကြောင့် လူနေတိုက်ခန်းသစ်တွေ ထပ်မံပြီး ပေါ်ထွက်လာဦးမှာ ဖြစ်ပါတယ်။